www.burmeseclassic.com



www.burmeseclassic.com

# မယ်မင်းဘုံ

## ချေလို့နေလို့ ချစ်လေသည်

၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၃၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

မယ်မင်းဘုံ

ချေလို့နေလို့ ချစ်လေသည်၊ မယ်မင်းဘုံ (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၂၈၀-စာ၊ ၅×၇

(၁) ချေလို့နေလို့ ချစ်လေသည်

www.burmeseclassic.com

www.burmeseclassic.com



# စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမယ်မင်းရဲ့ ဆေးကျောင်းသားနှင့်အီကိုကွင်းဆို တဲ့ ဝတ္ထုလေးကို အရမ်းကြိုက်တယ်။ တကယ့် Fancy ဆန်တဲ့ ဝတ္ထုလေးတစ်ပုဒ်ပါ။ Idea တွေကလည်း အရမ်းမိုက်တယ်။ အရေးအသားတွေ ကလည်း good ပဲနော်။

မမယ်မင်းရေ ... နောက်လထွက်မယ့် စာအုပ် လေးကိုလည်း မျှော်နေပါတယ်။

**ယမင်း**

Environmental Studies

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

ပျော်ရွှင်ပါစေ မမမင်းရေ၊ ကျွန်တော့်ရဲ့မိတ်ဆက်စာလေးကို မမမင်းရဲ့ "ဆေးကျောင်းသားနှင့်အိကိုကွင်း"ဝတ္ထုလေးမှာတွေ့ရလို့ အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ရတယ်ဆိုတာ "မမမင်း ယုံပါနော်"။ "မမမင်း"ရဲ့ ဓာတ်ပုံလေးနဲ့ ဖုန်းနံပါတ်ကလေးကို မျှော်နေရပေမယ့် မရောက်လာလို့ ကျွန်တော့်မိတ်ဆက်စာလေး "မမမင်း"ဆီ မရောက်တော့ဘူးဆိုပြီး ကျွန်တော် ဝမ်းနည်းသွားတယ်ဗျာ။ "ဆေးကျောင်းသားနှင့် အိကိုကွင်း"ဝတ္ထုလေးက အခြားဝတ္ထုလေးတွေနဲ့ ပုံစံကွဲထွက်ပြီး အရမ်းဖတ်လို့ ကောင်းတယ်ဗျာ။

ဝတ္ထုခေါင်းစဉ်လေးရယ်၊ ဝတ္ထုရဲ့"Photo Cover"လေးကို မြင်ကတည်းက အရမ်းဖတ်ချင်နေပြီဗျာ။ ဒီဝတ္ထုလေးက ကျွန်တော်တို့ မြို့မှာ "ကျွန်တော်ပထမဦးဆုံးဖတ်ပြီး ဝယ်ဖြစ်ခဲ့တဲ့ အမှတ်တရစာအုပ်လေးပါ"

"မမမင်း"တစ်ယောက် "မယ်မင်းဘုံ"ဆိုသော စာရေးဆရာမကောင်းတစ်ဦးအဖြစ် ထာဝရကြည်လင်ရွှင်လန်းချမ်းမြေ့စွာဖြင့် ပို၍ကောင်းသော ဝတ္ထုလေးကို ထာဝရရေးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

"မမမင်း"ရဲ့ထာဝရပရိသတ်
မြတ်ဇော်ဟိန်း
Maths (Final)
မကွေးတိုင်း၊ နတ်မောက်မြို့



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

မမမင်း ...

ကျန်းမာပါစေခင်ဗျာ။ မမယ်မင်းရဲ့စာအုပ်တွေကိုလည်း မပျက်ဖတ်ပြီး အားပေးနေတဲ့သူပါ။ "ဆေးကျောင်းသားနှင့်အိကိုကွင်း"ဆိုတဲ့ ခေါင်းစဉ်လေးက တော်တော်ဖမ်းစားနိုင်ပါတယ်။ အကြိုက်ဆုံးစာအုပ်လို့လည်း ပြောချင်ပါတယ်။

နောက်လခေါင်းစဉ်လေးက ဘာများပါလိမ့်။

ခင်မင်စွာ အားပေးနေတဲ့

**ကောင်းစေမင်း**
Kaung Say Min (မိတ္ထီလာ)
မ/ဒဂုံ

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

ဆရာမရေ ...

ဆရာမ ရေလိုအေးပြီး အစဉ်ထာဝရ ပျော်ရွှင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဆရာမရဲ့ ခေါင်းစဉ်လေးတွေက သိပ်ဆန်းတယ်။ ဇာတ်ကောင်နာမည်လေးတွေကလည်း အရမ်းလှတယ်။ အခုခေတ် လူငယ်တွေကို ကြိုက်နှစ်သက်စေပါတယ်။

ထာဝရပရိသတ်

**မာမာ**
၁၄၂–လမ်း (၂ ရွာ)
ရန်ကုန်



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

Hi

မယ်မယ်ရေ ...

ကျန်းမာပါရဲ့လား ? ။ ဒီလအတွက်ကိုတော့ အထူးကျေးဇူးတင်ပါတယ်။ "ဆေးကျောင်းသားနှင့်အီကိုကွင်း"ကို အရမ်းကြိုက်နှစ်သက်ရပါကြောင်းနော်။ အရမ်းကြိုက်တယ်။ မယ်မယ်ကိုလည်း အထူးကျေးဇူးတင်မိပါတယ်။ လမင်းတောင်းဆိုတဲ့ ဝတ္ထုလေးကို ရေးပေးတဲ့အတွက် မယ်မယ်နဲ့ အပြင်မှာတွေ့ပြီး ကျေးဇူးတင်စကားပြောချင်ပါသေးတယ်။

မယ်မယ်ရဲ့ဝတ္ထုတွေက ကလေးမြို့မှာ star စတားပဲနော်။ "ဆေးကျောင်းသားနဲ့အီကိုကွင်း"ကိုလည်း ကလေးမြို့မှာ အရမ်းကြိုက်ကြတယ်။ ဝတ္ထုအသစ်တွေထွက်တဲ့အချိန်မှာ လမင်းက စာမေးပွဲ ဖြေနေတာ။ ဝတ္ထုကို ချက်ချင်းမဖတ်လိုက်ရဘူး။ စာမေးပွဲဖြေပြီးမှ ဖတ်ရတာ။ အခုလည်း project လုပ်နေတာ။ မအားတဲ့ကြားကနေ မယ်မယ့်ဆီ စာအရောက်ပို့လိုက်တယ်နော်။

လမင်းလည်း မအားသေးလို့ နောက်လမှပဲ စာများများရေးတော့မယ်နော်။ မယ်မယ်ရဲ့ဝတ္ထုတွေကို video ရိုက်ထားတာတွေကို ခုနောက်ပိုင်း လမင်း သိပ်မကြည့်ဖြစ်တော့ဘူး။ တချို့ video တွေက ဝတ္ထုနဲ့တောင်မတူဘူး ဂွမ်းနေတယ်။

လမင်း တောင်းဆိုထားတဲ့ "ဆေးကျောင်းသားနဲ့အီကိုကွင်း"ဝတ္ထုကို ရေးပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်လို့ပြောပါရစေ မယ်မယ်။

မယ်မယ် ဒီထက်မက အောင်မြင်ပါစေ ...

ဆန္ဒဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



စာေနာစာေပ၏

## အမှတ်တရအစီအစဉ်

သို့

မမယ်မင်းဘုံ ... အစ်မရဲ့ပရိသတ်ပါ ...

ဝတ္ထုတွေက တစ်အုပ်ထက်တစ်အုပ် ပိုကောင်းလာပါတယ်၊ အစ်မရဲ့ "ဆေးကျောင်းသားနှင့်အီကိုကွင်း" ပြီးတော့ "အစနဲ့မသင့်မှန်တိုင်း" နှစ်အုပ်လုံးကို သိပ်ကြိုက်ပါတယ်။ ရသပေါင်းစုံ ရေးနိုင်တဲ့ ဆရာမကို လေးစားလျက်။

ခင်မင်လျက် ...

**မေစင်**
ရေကျော်လမ်းမကြီး
ရန်ကုန်။



စာေနာစာေပ၏

## အမှတ်တရအစီအစဉ်

သို့

မမဘုံ ...

"ဆေးကျောင်းသားနှင့်အီကိုကွင်း"ကို ဖတ်ပြီးသွားပါပြီ။ မမဘုံ အရေးအသားတွေ အရမ်းပဲ ကောင်းပါတယ်။ ပြီးတော့ ဖတ်လမ်းလည်း ကောင်းတယ်။ နောက်တစ်ခု စာအုပ် Cover design အရမ်းမိုက်တယ်။ အရေးအသားတွေကြိုက်လို့ အပိုင်ဝယ်ထားတယ်။ "အမုန်းပြယ်ဝိုင်"ဗီဒီယို ကြည့်ပြီးပြီ။ ကောင်းပါတယ်။ မမဘုံ ဒီထက်မက အောင်မြင်ကျော်ကြားနိုင်ပါစေ။

**ခင်းမြတ်ခြိရဲ**
၃/နှစ် – သချာ
အိမ်အမှတ်(၅၈) ညောင်ပင်သာ
မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏
## အမှတ်တရအစီအစဉ်

ဘုံ ...

စာအုပ်တွေ အရမ်းကြိုက်တယ်။ အသစ် အသစ်တွေကို ရသစုံ မထပ်ရအောင် ရေးပေးနေတဲ့ ဘုံ၊ ဆယ်ကျော်သက်တွေရဲ့ စိတ်ခံစားမှုတွေရော၊ သိက္ခာရှိမှုတွေကိုရော၊ စုံလင်စွာရေးပေးတဲ့ ဘုံကို လေးစားဂုဏ်ယူပါတယ်။ အချိန်လေး ရရင်တော့ စာပြန်ပေးပါနော်။

**ထွေးအိ**
သောင်ခုန်ကျေးရွာ
ကွမ်းခြံကုန်း
ရန်ကုန်တိုင်း



## စေတနာစာပေ၏
## အမှတ်တရအစီအစဉ်

ဘုံဘုံရေ ...

စာအုပ် နှစ်အုပ်လုံး ဖတ်ပြီးပြီ သိလား။ တစ်အုပ်ကတော့ "ဆေးကျောင်းသားနှင့်အီကိုကွင်း"ပေါ့။ ချိုလှကိုလည်း သိပ်ကြိုက်၊ ဟို ... ဆေးကျောင်းသားကိုလည်း သိပ်ခိုက်။ ဘုံဘုံရဲ့ ကဗျာလေးတွေကိုလည်း သိပ်ကြိုက်ပါတယ်။ နောက်တစ်အုပ်က "အခန့်မသင့်မုန်တိုင်း" ဒီစာအုပ်လေးကတော့ အပြင်းစားလေးနော်။ ရေးသမျှ စာအုပ်ထဲမှာ မှုကွဲထွက်နေပြီး အပြင်းစားစာအုပ်လေးပဲလို့ ခံစားမိပါတယ်။ သိပ်ကြိုက်ပါတယ်။

**မိုမို**
စည်ပင်သာယာရပ်
ပြင်ဦးလွင်ခရိုင်
မိုးကုတ်မြို့

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

အစ်မ မယ်မင်းဘုံ ...

အစ်မရဲ့ဝတ္ထုလေးတွေက ဘယ်တော့မှ ရိုးမသွားဘူးနော်။ ဘဲဥခြမ်းလေးတွေရဲ့အလယ်မှာ သကြားပြောင်းလေးတွေ ဆီဆမ်းထားတယ်နော်။ အဲဒါလည်း ဂယက်ပဲ မိုက်တယ်။ နောက်ပြီး "အခန့်မသင့်မှန်တိုင်း"ကို ငှားလို့မရလို့ မဖတ်ရသေးဘူး အစ်မရေ၊ ဖတ်ပြီးတော့ စာထပ်ရေးမယ်နော် အစ်မ။

အစ်မ အရမ်း အရမ်း အောင်မြင်ပါစေ။

**မီးမီး**
စည်ပင်သာယာရပ်ကွက်
ရေနံချောင်းမြို့
မကွေးတိုင်းဒေသကြီး



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

ဆရာမ မယ်မင်းဘုံ ...

မဖတ်ဘဲ မနေနိုင်အောင် ဆွဲဆောင်ထားတဲ့ ဇာတ်လမ်းတွေက ဟာကွက်ဆိုတာ ဘာမှမရှိဘူး။

ဗဟုသုတလေးတွေလည်း ပွားစေပါတယ်။ အဲဒီစာအုပ်ကတော့ "အခန့်မသင့်မှန်တိုင်း"ပါပဲ။ ပြောစရာမရှိအောင်ကို အရမ်းကောင်းပါတယ်။

မမရဲ့ပရိသတ် ...

**နေလင်း**
စည်ပင်လမ်း
၂၄-ရပ်ကွက်၊ ဒဂုံတောင်ပိုင်း
ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

အစ်မရေ ...

အစ်မရဲ့ "မြားနတ်မောင်ဝှန်းဒိုင်းကြဲနေသည်" ဝတ္ထုကတော့ တအားကောင်းတယ်နော်။ ညီမလေးတို့ကတော့ ဝတ္ထုကို မီအောင်ရိုက်နိုင်လိမ့်မည်လို့ ထင်ပါတယ်။ ဝတ္ထုကတော့ ပြောစရာမရှိအောင်ပဲ။

ရွှင်လန်းချမ်းမြေ့စွာနဲ့ အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမတစ်ဦး ဖြစ်ပါစေလို့ ဆန္ဒပြုပေးလိုက်ပါတယ်။

စေတနာမွန်ဖြင့် ...

ပရိသတ်



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

Hi

မယ်မယ် ...

မတွေ့ရတာ ကြာပြီနော်။ "အခန့်မသင့်မုန်တိုင်း" ကို ဖတ်ပြီးပါပြီ။ ဖတ်လို့ကောင်းပါတယ်။

မထင်မှတ်တဲ့ ပုံစံလေးတွေနဲ့ တင်ဆက်ပေးထားတာ အရမ်းကောင်းပါတယ်။ Video တွေလည်း ကြည့်ရပါတယ်။ မယ်မယ် အရမ်းအောင်မြင်နေပြီနော်။

မအားတဲ့ကြားက စာရေးလိုက်ရတာပါ။

ဒီထက်မက မယ်မယ် အောင်မြင်မှာပါ။ Figh ting.

အမာခံပရိသတ်

**လမင်း**

အမှတ်(၄၄/၃)

တော်ဝင်သစ်ခွခြံ

မင်္ဂလာဥယျာဉ်ရပ်ကွက်

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

ဆရာမ "အခန့်မသင့်မုန့်တိုင်း" ဖတ်ပြီးပါပြီ။ မထင်မှတ်ဘဲနှင့် သိပ်ကောင်းတဲ့ ဝတ္ထုလေးပေါ့။

"ဘဝမှာ
ဦးနှောက်နှင့်နှလုံးသားလွန်ဆွဲကြရင်
မုန်တိုင်းတွေ ဖြစ်လာလိမ့်မယ်
(ဘဝဟာရီဟာဇယ်)လုပ်လို့မရလို့
"အဲဒီမုန်တိုင်း ငြိမ်သက်ဖို့
တစ်ချက်တည်းပဲ ဆုံးဖြတ်ရတတ်တယ်"

ဒီကဗျာလေးကိုရေးတဲ့ ဆရာမ သိပ်တော်တာပဲ။

အမာခံပရိသတ်

**နီနီရဲ**
လေးထောင့်ကန်
စံပြရယ်
ဒဂုံတောင်ပိုင်း



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

ဘုံဘုံ ...

ခန့်နေသွေး၊ ဥဥ၊ တုတုံ၊ ခေါင် သူတို့တွေရဲ့လုံးထွေးနေတဲ့ ပြဿနာကြီးကို သာသာလေး ရှင်းနိုင်ခဲ့တယ်နော်။

ယောကျ်ားတွေကို အမုန်းထက်ပိုတဲ့ စကားလုံးရှိရင် ထပ်သုံးပြီး မုန်းချင်ပါသေးတဲ့ ဆိုတဲ့ တိုးရဲ့အမုန်းဝါဒတွေ ကိုလည်း သိပ်ကြိုက်၊ စ လယ် အဆုံး သိပ်ကောင်းတဲ့ "အခန့်မသင့်မုန့်တိုင်း"လေးပါ။

ချစ်သောပရိသတ်

**ခင်ခင်ကျော်**
၉ x ၈ လမ်း၊ ၇၆–လမ်း
အောင်မြေသာစံမြို့နယ်၊ မြောက်ပြင်

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ မမမယ်မင်းဘုံ။ မမရဲ့စာအုပ်တွေ အရမ်းဖတ်လို့ ကောင်းတယ်။ August လထွက် "ဆေးကျောင်းသားနှင့်အီကိုကွင်း"က ဖတ်လို့ အရမ်းကောင်းတယ်။ "မြားနတ်မောင်ဝုန်းဒိုင်းကြဲ"လည်း အရမ်းဖတ်လို့ ကောင်းပါတယ်။ မမရဲ့နောက်ပိုင်းထွက်တဲ့ စာအုပ်တွေမှာ ဓာတ်ပုံမပါလာတာ ကြာပြီနော်။ ပထမဦးဆုံး မိတ်ဆက်တာမို့ အမှားပါရင် ခွင့်လွှတ်ပါ။ မမရဲ့စာအုပ်တွေကို အမြဲအားပေးနေပါတယ်။ ဖုန်းဆက်တာကို လက်ခံပြီး စကားပြောတဲ့အတွက် အရမ်းကိုကျေးဇူးတင်ပါတယ်ရှင်။

မမရေးတဲ့ စာအုပ်တွေထဲမှာပါတဲ့ ကဗျာတွေလည်း အရမ်းကောင်းတယ်နော်။ မမ အချိန်မရတဲ့ကြားထဲက ဒီစာလေးကို ဖတ်ပေးတဲ့အတွက် အရမ်းကို ကျေးဇူးတင်ပါတယ်။ မမ အောင်မြင်မှုအပေါင်းနှင့်အတူ သရဖူဆောင်းနိုင်ပါစေလို့ ညီမလေး ဆုတောင်းပေးပါတယ်။

"မမ"ကို အမြဲတမ်း ချစ်ခင်အားပေးနေမယ့် ...

**နန်းမွေးမွေး**

အမှတ် - ၈၂၇/၁၁ ဈေးရှေ့ရပ်



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမယ်မင်းဘုံ ...

မင်္ဂလာပါ ...။ ညီမလေးက မမယ်မင်းဘုံရဲ့ ပရိသတ်တစ်ဦးပါ။ အခန့်မသင့်မှန်တိုင်း စာအုပ်လေးက အရမ်းကောင်းပါတယ်။ အခုစာအုပ်မျိုးလို လေးနက်တဲ့ စာအုပ်လေးတွေကို များများရေးပေးပါနော်။ ပထမဆုံး မိတ်ဆက်စာမို့ အမှားပါရင် ခွင့်လွှတ်ပါနော်။

မမယ်မင်းဘုံ အောင်မြင်ကျော်ကြားပါစေ။

**ယယ်ယယ်ချစ်**

ဘူတာတောင်(၁၈)လမ်း

ဖြူးမြို့

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

ဆရာမဘုံရေ ...

နေကောင်းပါရဲ့နော် ...

ဆရာမဘုံရဲ့ ဝတ္ထုခေါင်းစဉ်လေးတွေက သိပ်မိုက်တာပဲနော်၊ ဘုံကို အရမ်းအားကျမိပါတယ်။ အောင်မြင်ခြင်း များစွာနဲ့ ထာဝရရွှင်လန်းချမ်းမြေ့ပါစေ။

**ချင်းချင်း**

အမှတ်(၁)ရပ်ကွက်

သာပေါင်းမြို့နယ်

ကညင်ချောင်းရပ်ကွက်

ဧရာဝတီတိုင်းဒေသကြီး



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မမရေ ...

မမ စာအုပ်လေးတွေက တအားဖတ်လို့ ကောင်းတယ်။ ဇာတ်လမ်းလေးတွေကလည်း ဘယ်တော့မှ မထပ်ဘူး။ တကယ်ကို ခေတ်မီတယ်။

ဝတ္ထုတွေထဲမှာ အခန့်မသင့်မုန်တိုင်းကို ကြိုက်တယ်။ တခြားဝတ္ထုတွေကိုလည်း ကြိုက်ပါတယ်။ မမရေ အခန့်မသင့်ပြီးရင် ဘာစာအုပ်လေးများ ထွက်မှာလဲ သိချင်နေပါပြီ၊

မျှော်နေပါ့မယ် ...

ပရိသတ်

**သီတာမောင်**

ဗမာအေးရပ်ကွက်

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

**အမှတ်တရအစီအစဉ်**

သို့

မမယ် ...

ချစ်ခင်လေးစားပါတယ်။ မမယ်လို့ ခေါ်မယ်နော်။ မမယ်ရေးတဲ့ စာအုပ်တိုင်းကို အားလုံးကြိုက်ပါတယ်။ အခန့်မသင့်မုန်တိုင်း ဇာတ်လမ်းလေး သိပ်ကောင်းပါတယ်။ အဲလို ပြင်းရှရှ ဇာတ်လမ်းမျိုးလေးတွေ ရေးပေးပါဦး မမယ်ရေ။

မမယ်ရဲ့ စာအုပ်တိုင်း အမြဲတမ်းဖတ်တယ် ...

**သော်စင်မြတ်**
ဧရာဝတီတိုင်းဒေသကြီး
ပုသိမ်မြို့၊ (၇)ရပ်ကွက်



**စေတနာစာပေ၏**

**အမှတ်တရအစီအစဉ်**

သို့

မမယ်မင်း ... ခင်မင်လေးစားစွာ စာရေးလိုက်ပါတယ်။ မမယ်မင်းရဲ့စာအုပ်တွေက ဝေဖန်စရာ မလိုအောင်ကောင်းတယ်။ စာအုပ်တိုင်းကို ညီမလေး မလွတ်တမ်း ဖတ်ပါတယ်။ မမယ်မင်း တစ်ယောက် စာပေလောကမှာ အောင်မြင်ကျော်ကြားတဲ့ ကြယ်ပွင့်လေးတစ်လုံး ဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

ညီမလေး

**မနှင်းဖြူ**
ဗောဓိကုန်းရပ်ကွက်
တိုက်ကြီး
ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

ဆရာမ မယ်မင်းဘုံ လေးစားပါတယ်ခင်ဗျာ။ "ဆေးကျောင်းသားနှင့်အီကိုကွင်း"က လူငယ်ဆန်ပြီးကောင်းတယ်။

"အခန့်မသင့်မုန်တိုင်း"က လူကြီးဆန်ပြီး ကောင်းတယ်"

ရသစုံရေးနိုင်တဲ့ ဆရာမကို လေးစားပါတယ်။ ဝတ္ထုကောင်းတွေ များများထွက်နိုင်ပါစေ။

"မြားနတ်မောင်ဝုန်းဒိုင်းကြဲနေသည်"လို့ အဖိုကြီး ဟာသဇာတ်လမ်းလေးတွေလည်း ရေးပေးပါဦး။

ခင်မင်မှုများဖြင့် ...

**ရဲရင့်မိုင်**
ထီးတန်း(၂)လမ်း
ကြည့်မြင်တိုင်မြို့နယ်



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

To

အမြဲတမ်း အားပေးနေတဲ့ ပရိသတ်မို့ ဘယ်စာအုပ်မဆို ကြိုက်ပါတယ်။ "အခန့်မသင့်မုန်တိုင်း"ကတော့ အရသာ ကွဲထွက်နေတဲ့ စာအုပ်လေးပေါ့။

မမယ်မင်းဘုံ ထာဝရ အောင်မြင်ပါစေ ...

အားပေးလျက်

လှိုင်းနဒီ
ခင်သာ
ကလေးမြို့

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

ဆရာမ ...

သမီး စာရေးလိုက်ပါတယ်။ ဆရာမစာအုပ်တွေ ဝေဖန်လို့ မရအောင် ကောင်းပါတယ်။ အရေးအသားတွေကလည်း ကောင်းတယ်။ ဆရာမက ချောလည်းချောတယ်။ အရမ်းကျော်ကြားပြီး အောင်မြင်တဲ့ စာရေးဆရာမတစ်ယောက် ဖြစ်ပါစေ။ "ဆေးကျောင်းသားနှင့်အီကိုကွင်း" စာအုပ်လေးကိုတော့ အကြိုက်ဆုံးပါ။

အားပေးလျက်

**သဲသဲ**

အ-ထ-က ဇရျမ်း

တောင်သာမြို့နယ်

မန္တလေးတိုင်း



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

ဘုံရေ ... မင်္ဂလာပါ။

ချစ်ခင်စွာဖြင့် ဘုံလို့ ခေါ်ပါရစေနော်။ ဘုံရဲ့စာအုပ်တွေရော အခွေတွေရောကို မလွတ်တမ်း အားပေးနေတာပါ။ ဘုံရဲ့ဇာတ်ကောင်စရိုက်လေးတွေကို သိပ်ပြီး သဘောကျပါတယ်။ "ဆေးကျောင်းသားနှင့်အီကိုကွင်း" ကို ဘယ်သူတွေနဲ့ ရိုက်မှာလဲ။ အရုပ်လေးတွေနဲ့ အသက်သွင်းမှာမို့ ကြည့်ချင်လှပါပြီ။ နောက်လထွက်မယ့်ဝတ္ထု ဘာဖြစ်မလဲဆိုတာ ရင်တွေခုန်နေပါတယ်။ ဘုံ စာပေလေးခရီးမှာ ချောမွေ့အောင်မြင်ပါစေ။

**ပန်းဖြူ**

ဗ (ဘူတာတောင်လမ်း)

ဖြူးမြို့

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမဘုံရေ "လရောင်စစ်စစ်သမီးရည်းစား"ကို video ထွက်တော့မယ်ဆိုလို့ အရမ်းကြည့်ချင်နေပါပြီ။ ဖြူဖြူ သိပ်ကြိုက်တဲ့ဝတ္ထုလေးမို့ပါ။ အခုလည်း "အခန့်မသင့်မုန်တိုင်း"ကို ဖတ်ပြီး သိပ်ကြိုက်နေပါတယ်။ အစ်မရဲ့ဓာတ်ပုံလေးနဲ့ ပြန်စာလေးကို မျှော်နေပါ့မယ်။ ဖုန်းနံပါတ်လေးရောနော် မမ။

ချစ်တဲ့

ဖြူဖြူ
စံပယ်လမ်းသွယ်
၁၂ ရပ်ကွက်
ရွှေပြည်သာ



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မယ်မင်းရေ ... လေးစားမှုနဲ့ ခေါ်လိုက်တာပါနော်။ အခုထွက်တဲ့ "အခန့်မသင့်မုန်တိုင်း"ကို ဖတ်ပြီး သိပ်ကြိုက်ပါတယ်။ အဖေအရင်းနှင့် သမီးအရင်း မသိကြတဲ့ မြုပ်ကွက်ထားတဲ့ ဇာတ်လမ်းလေးကိုဖတ်ရင်း ရင်တွေတောင်တုန်တယ်။ မယ်မင်းသိပ်တော်တာပဲ။ video များရိုက်ခဲ့ရင် တော်တော်ကောင်းမယ့် ဇာတ်လမ်းလေးပဲလို့ ထင်ပါတယ်။ မယ်မင်းရေ ... ကျောင်းပြီးပြီလား။ မယ်မင်း အသက်ရော ဘယ်လောက်ရှိပြီလဲ။ မွေးနေ့လေး သိခွင့်ရရင် မွေးနေ့ဆုတောင်းပေးချင်လို့ပါ။ ပျော်ရွှင်နိုင်ပါစေ။

**နီနီကျော်**
အမှတ်(၂)ကန်မ
သရက်မြို့

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

To

ဘုံရေ ကဗျာတွေ အရမ်းကောင်းတယ်။ ဘုံ့ကို ဖုန်းဆက်တာ ပြန်ပြောပေးတဲ့အတွက် ကျေးဇူးပါ။ ဘုံ့ကို လေးစားအားကျပါတယ်။

ခင်မင်အားပေးလျက်

**ညီညီတာ**
တူးမြောင်းရွာ
ဟင်္သာတမြို့နယ်
ဧရာဝတီတိုင်းဒေသကြီး



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

မယ်မင်း ...

"ဆေးကျောင်းသားနဲ့အိုကိုကွင်း"

"အခန့်မသင့်မုန်တိုင်း"

တစ်ပုဒ်က fancy တစ်ပုဒ် dram ၊ နှစ်အုပ်စလုံး ပညာပြပြီးရေးထားတဲ့အတွက် လေးစားမိပါတယ်။ ရှေ့လထွက်မယ့်စာအုပ်လေးကရော ဘာများဖြစ်မှာလဲဟင်။

အရမ်းရမ်း အောင်မြင်ပါစေ။

**ရွှေသမီး**
ကမ်းနားလမ်း
ပုသိမ်

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

မမရေ ... မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။ မမရဲ့ "မြားနတ်မောင်ဝုန်းဒိုင်းကြဲနေသည်" စာအုပ်ကလေးကို အကြိုက်ဆုံးပါပဲ။ အဲဒီစာအုပ်လေးကို ဖတ်ပြီး အရမ်းကြည်နူးနေပါတယ်။ ညီမလေးတို့ဆီမှာ နောက်ထပ်စာအုပ် မလာသေးပါ။ နောက်ထပ်ဘာခေါင်းစဉ်နဲ့ ထပ်ထွက်မှာလဲဟင်၊ စောင့်မျှော်နေပါတယ်။

**ဇိဇိ**

ဖောင်တန်းရပ်

စကုမြို့

မကွေးတိုင်း



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

မမရေ ... "အခန့်မသင့်မုန်တိုင်း"ကို အရမ်းကြိုက်တယ်။ ဖွေးဥဥ၊ ဖွဲတုတု နာမည်လေးတွေက အရမ်းလှတယ် မမရယ်။ ယောက္ခမနှင့်ချွေးမ ဇာတ်လမ်းလေး ဆိုပေမယ့် မထင်တဲ့ လှည့်ကွက်လေးတွေနဲ့ ရေးထားတာ အရမ်းကြိုက်ပါတယ်။ မမရေ ... နောက်စာအုပ်တွေလည်း ပိုကောင်းအောင် ရေးပေးပါဦးနော်။

ပျော်ရွှင်ပါစေ မမရေ ...

**အင်နီနိုင်း**

၃/နှစ် အဝေးသင်(ရူပ)

ဒဂုံတက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

ဘုံဘုံရေ ...

"အခန့်မသင့်မုန်တိုင်း"ဆိုတဲ့အတိုင်း မုန်တိုင်းတွေ အရမ်းထန်တယ်နော်။ မထင်မှတ်ဘဲ ချွေးမနှင့်ယောက္ခမရဲ့ဇာတ်လမ်းဆန်းဆန်းကို ဖတ်ရတာ အရမ်းကောင်းပါတယ်။ နောက်လည်း အဲဒီလို ဇာတ်လမ်းတွေ အများကြီး ရေးနိုင်ပါစေ။ အရမ်းကြိုက်ပါတယ်။

ဆုဆုနော်
မင်္ဂလာရွှေဗဟိုရပ်ကွက်
ရှမ်းပြည်တောင်ပိုင်း
ရွှေညောင်မြို့

# မယ်မင်းဘို

# ချေလို့နေလို့ ချစ်လေသည်



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# မယ်မင်းဘုံစာပေမှထွက်ပြီးစာအုပ်များ


၁။ အချစ်ဇနီးသာမြင်ပသို့ရောက်ရှိနေပါသဖြင့်
(အောင်သီရိစိစိယို)
၂။ ချစ်ရင်…နမ်းနမ်းစေတင့် (ရွှေဝင်ဦးစိစိယို)
၃။ ငွေတောင်ပြည်က မြို့စု (အောင်သီရိစိစိယို)
၄။ ချစ်သူယိမ်းရို့ ဖွေးဘာရင်ဝ (အောင်သီရိစိစိယို)
၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်
(ရွှေဝင်ဦးစိစိယို)
၆။ အချစ်ကိုပြန်ရှာရမယ်ဆိုရင် မနက်ဖြန် ဝါသဘပါရစေ
(အောင်သီရိစိစိယို)
၇။ ဆယ်ကျော်သက်ဂိမ်း (အောင်သီရိစိစိယို)
၈။ သက်ဆိုင်သူအတွက် ဖျံမျက်ရည်တွေ မှန်ဆာပေးခဲ့သည်။
(အောင်သီရိစိစိယို)
၉။ ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင် (အောင်သီရိစိစိယို)
၁၀။ နှုတ်မှာရေးနိုင်မှတဲ့တ (အောင်သီရိစိစိယို)
၁၁။ အနန်းမြို့ကသခင်ဘုရား (မြင်မာလာချစ်ရှင်ထုတ်လုပ်ရေး)
၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်စစ်ကျရင်း မိုးချစ်တွေ
မိုးလင်းခဲ့တယ် (အောင်သီရိစိစိယို)
၁၃။ အချစ်အတွက်မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန် အသိပါ
(အောင်သီရိစိစိယို)
၁၄။ နတ်သားဆိပ်ကမ်းထဲတက်လာတဲ့ ညနေခင်း
(အောင်သီရိစိစိယို)
၁၅။ ပင်လယ်အစအဆုံးမှာအောင်ချစ်သူကလေးမင်းတိုက်လေသည်
(အောင်သီရိစိစိယို)
၁၆။ ဘာညာသာရကာ (အောင်သီရိစိစိယို)
၁၈။ အနမ်း Equation (အောင်သီရိစိစိယို)
၁၉။ တစ်စိတ်လောက်ခင်ရာ - ချစ်သူကို...ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ
(အောင်သီရိစိစိယို)
၂၀။ အမြိုက်ကျွန်ယက်နတ်သမီး (အောင်သီရိစိစိယို)
၂၁။ မိန်းလေးရည်းစားမြို့ကြီးသား (အောင်သီရိစိစိယို)
၂၂။ အမုန်းမြယ်ဝိုင် (အောင်သီရိစိစိယို)
၂၃။ နှလုံးသား Hacker (အောင်သီရိစိစိယို)
၂၄။ ကွန်းရိုးမြစ်ဒေသမျက်ဝန်းလေးဆီ(အောင်သီရိစိစိယို)
၂၅။ သူ့စိတ်နှာတဲ့ကြားဖြတ်အစီအစဉ်(အောင်သီရိစိစိယို)
၂၆။ 4 in 1 (အောင်သီရိစိစိယို)
၂၇။ လရောင်စစ်စစ်သမီးရည်းစား (အောင်သီရိစိစိယို)
၂၈။ ကိုယ်နှလုံးသားတွင် သတ္တုသမီးပုန်းနေသည်
(အောင်သီရိစိစိယို)
၂၉။ နေမထိအလွမ်း (အောင်သီရိစိစိယို)
၃၀။ မိုးလုံလေလုံ အိမ်ထောင်ပြုသည် (အောင်သီရိစိစိယို)
၃၁။ နောက်တစ်ကျော့ကချစ်သူ (စိစိယို)
၃၂။ နိုးကြားကျော်ခင်းခါသည် (ဇင်နီနှင့်စိစိယို)
၃၃။ သံယောဇဉ်မျက်စောင်းထိုး (အောင်သီရိစိစိယို)
၃၄။ မြားမှတ်တိုင်ဘောင် ဝန်းဝိုင်းကြနေသည် (အောင်သီရိစိစိယို)
၃၅။ ဆေးကျောင်းသားနှင့်အိတ်ကိုကွင်း (အောင်သီရိစိစိယို)
၃၆။ အဝန်းမသင့်မှန်တိုင်း


ယုနုလ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



ကျွန်မနာမည်က မီးမီးပိုးဖြူပါ။ နာမည်နဲ့လိုက်အောင် ကျွန်မဘဝက မီးလိုပူရပါတယ်။ ကျွန်မရင်ထဲက အခု ခံစားနေရတဲ့ ခံစားချက်တွေကို ဘယ်သူကမှ ကိုယ်ချင်းစာပေးနိုင်ကြမှာ မဟုတ်ပါဘူး။ ဘဝဟာ အဲဒီလောက်ထိ ဆိုးဝါးရသလား။ ကူရာကယ်ရာမဲ့နေရသလား။

ကျွန်မ ငယ်ငယ်ကတည်းက ဘဝမှာ အားငယ်မှုတွေ အထီးကျန်မှုတွေနဲ့ ရပ်တည်နေထိုင်ခဲ့ရတာ။ ကျွန်မက သူများမိန်းကလေးတွေလို လှပတဲ့အဆင်းလည်း မရှိပါဘူး။ ကျွန်မရဲ့သွားတွေက အနည်းငယ်မျှ ရှေ့ကိုခေါ်ထွက်နေကာ မျက်နှာကလည်း ကျောက်ပေါက်မာတရှို့ဖြင့် မချေမငံဖြစ်နေရတာကြောင့် အမြဲတမ်း စိတ်အားငယ်ခဲ့ရသူပါ။ ကျွန်မဘဝအကြောင်းကို အတိုချုပ် ပြောပြရမယ်ဆိုရင်တော့ အဲဒီလို အရုပ်ဆိုးဆိုး



www.burmeseclassic.com

www.burmeseclassic.com



သွားခေါ်ခေါ် ကျွန်မဟာ ငွေကြေးကလည်း မပြည့်စုံတဲ့သူဆိုတော့ အမြဲအားငယ် အထီးကျန်နေရချိန်မှာ ကျွန်မဘဝကို စာနာပေးကူ သူကတော့ ကိုမောင်လှ ဆိုသူပါ။ သူ့ရဲ့အားပေးမှုတွေကြောင့် ကျွန်မစိတ်ဓာတ်တွေ ခွန်အားရခဲ့တယ်။ ကျွန်မတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မေးမရင်း ပျော်ရွှင်ဖွယ် အိမ်ထောင် ရေးတစ်ခုကို တည်ဆောက်ခဲ့ကြလို့ဘဝဟာ ကျွန်မအတွက် နိဗ္ဗာန် လို့ ထင်မှတ်စရာဖြစ်အောင် ကျွန်မရဲ့ဗိုက်ထဲမှာ ရင်သွေးလေး ရှိနေခဲ့ပြီ။

မမျှော်လင့်ပါဘဲ ကိုမောင်လှ ဦးနှောက်သွေးကြော ပြတ်ကာ ရုတ်တရက် ဆုံးပါးသွားတော့ ကျွန်မ ကမ္ဘာပျက်ခဲ့ပြီ ပေါ့။ အဲဒီအတွက် တစ်ယောက်တည်း ဘယ်လိုနည်းနဲ့မှ ဆက် လက် အသက်ရှင် မရပ်တည်နိုင်တဲ့ ကျွန်မဟာ မိုင်မိုင်မာအာ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်မိတယ်။

ကျွန်မ မျက်ရည်တွေ ကျနေပေမယ့် ကျွန်မ သတ္တိ ရှိရှိ ဆုံးဖြတ်ခဲ့တာပါ။ ဒါကြောင့် ကျွန်မ နောက်မဆုတ်တော့ဘူး။

❖





"အဘွားကြီး … ကျွန်မတို့ကတော့ ဒီနေရာလေးကို သိပ် ကြိုက်သွားပြီ၊ သာယာလိုက်တာအေ"

မယ်က သာဘာဝရှုခင်းလေးတွေ၊ ကန်ရေကြည်အေး အေးလေးတွေကို မြင်ရတာ လောကရဲ့ပန်းချီကားတစ်ချပ်ကို မြင်နေရသလို ရင်ထဲမှာ ငြိမ်းအေးမှုကို ခံစားရလေသည်။ ဒီ တလော မယ့်မှာ Stress တွေ သိပ်များလွန်းတာကြောင့် မယ်ရဲ့ အလုပ်တွေကို သမီးတွေနှင့် လွှဲထားခဲ့ကာ မယ်ကတော့ မယ့် အချစ်ဆုံးသူငယ်ချင်း သော်သော်ရဲ့နယ်ကို လိုက်လည်ရင်း စိတ် အပန်းလာဖြေတာပဲဖြစ်သည်။

"ရှင် ကျေနပ်တယ်ဆို ကျွန်လည်း ကျေနပ်ပါတယ်။ ရောက်တုန်းရောက်ခိုက် ရှင် ဒီမှာ အေးအေးနေဦးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... အမွှေမရယ်။ ကျွန်မ အချိန် အဲဒီလောက် မပေးနိုင်ပါဘူး။ အခုလို ထွက်လာတာတောင် ကျွန်မရဲ့ ရော်တကောတွေ(ရေ) ဘယ်လောက် ထိခိုက်ကုန်ပြီလဲ မသိဘူး"

"အမယ်လေး ... ရှင်က တစ်ကိုယ်တည်းဆို။ ဘယ်သူ့ငယ် အတွက် ဒီလောက်တောင် ရှာဖွေထားရတာတုံး"

"အိုက်စ် ... အဘွားကြီး။ ကျွန်မက အသန့်နော်။ အချေ... အချေ။ ကျွန်မရှာတဲ့ငွေက ကျွန်မအတွက်ပေါ့။ ကျွန်မက ဘယ်သူ့ကို အမ်းမကြီး လုပ်ရမှာလဲ။ အိုက်စ်"

မယ်တို့နှစ်ယောက်က တစ်ယောက်နှင့်တစ်ယောက် ပြောဟယ်ဆိုဟယ်ဖြင့် လျှောက်လာကြရာ မယ့်ရဲ့မြင်ကွင်းထဲသို့ လှုပ်လီလှုပ်လဲ့ အရာတစ်ခုက ဝင်လာတာကြောင့် မယ်က ဘေးက သော်သော့်ကို တစ်ချက်လှမ်းပုတ်ရင်း ...

"အဘွားကြီး ... သော်မ၊ ဟိုမှာ ... ဟိုမှာကြည့်စမ်း။ အဲဒါ ဘာကြီးတုံး"





မယ်က သော်သော့်ကိုလည်း ပြောရင်း ကိုယ်တိုင်လည်း အသေအချာကို အာရုံစိုက်ကြည့်မိလိုက်လျှင် ရေစပ်နားသို့ တရွေ့ရွေ့ဆင်းနေသော အမျိုးသမီးတစ်ဦးကို တွေ့ရလေသည်။ ပုံစံကြည့်ရတာဟာ တစ်လှမ်းချင်း တစ်လှမ်းချင်း လှမ်းပြီး ရေထဲဆင်းတော့မယ့်ပုံ ဖြစ်၏။

"ဩော် ... ရေထဲဆင်းမလို့ နေမှာပေါ့"

"ဟဲ့ ... အဘွားကြီး၊ မဟုတ်သေးဘူးနော်၊ ဒီအချိန် ဘာကိစ္စရှိလို့ ရေထဲဆင်းရမှာလဲ။ အိုက်စစ် ... သူ့ကိုယ်သူ သတ်သေမလို့လား မသိဘူး။ လာ ... လာစမ်းပါ။ သွားကြည့်ရအောင်"

မယ်က စိတ်ပူစိုးရိမ်စွာဖြင့် သော်သော့်ကိုပါခေါ်ကာ ရေကန်ကြီးနားသို့ အပြေးအလွှား ရောက်သွားလျှင် ရေထဲဆင်းနေပြီဖြစ်တဲ့ အမျိုးသမီးကို မယ်က လှမ်းအော်တားရ၏။

"ဟေး ... ဟေး ... အဲဒါ ဘာလုပ်နေတာလဲ။ အပေါ်ပြန်တက်ခဲ့လေ"

မယ်က ကန်စပ်ကနေ စိုးရိမ်တကြီး အော်ခေါ်နေလည်း အစစ်မက မယ့်အသံကို အဖက်တောင်လှည့်မလုပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာ ရှေ့ကို တစ်လှမ်းချင်း တရွေ့ရွေ့ တိုးနေလေ၏။ ဟား … မဖြစ်တော့။ လုံးဝသေချာနေသည်က ဒီအစစ်မဟာ သူ့ကိုယ်သူ ဂျွန်ဆန်(လုပ်ကြဲ)နေပြီဆိုတာ သေချာနေတာကြောင့် မယ်က အဲဒီလိုမြင်ကွင်းမျိုးကို မကြည့်ရက်တာကြောင့် မဆိုင်ပါဘဲ ဝင်နွှဲတော့ရသည်။

"ယော့ … ယေး … အစ္စ ပြန်တက်လာခဲ့စမ်းဆို"

ဘယ်လိုမှ အပေါ်ကနေ လှမ်းတားလို့ မရတော့တာကြောင့် မယ်က အလျင်အမြန်ပဲ ရေထဲဆင်းချသွားရကာ ရေအလယ်နားလောက် ရောက်နေပြီဖြစ်တဲ့ အဲဒီ အစစ်မကို လိုက်ဆွဲရတော့၏။

"ယော့ … ယော့ … နင် ဘာလုပ်တာလဲ အဲဒါ။ လာ … တက်စမ်း"

"ဖယ် … လွှတ်ပါ။ ကျွန်မ သေပါရစေ။ ကျွန်မကိုလွှတ်"

"ဟဲ့ … နင် မဓိုက်စမ်းပါနဲ့။ ဒီကိစ္စမျိုးဆိုတာ အဖန်ငါးရာ ငါးကမ္ဘာ ခံရမှာ"

"လွှတ်ပါ၊ ကျွန်မ သေပါရစေ။ ကျွန်မ မရှိမှ ဟောဒီလောကကြီးက ငြိမ်းအေးမှာပါ။ ကျွန်မကို သေခွင့်ပေးပါ"



မယ်က အဲဒီ အစစ်မရဲ့ ရှုန်းရင်းဆန်ခတ်ဖြင့် မယ့်ကို ဖွတ်ကန့်ကန့်ထားရတာကြောင့် မယ်နှင့် အဲဒီ အစစ်မဟာ ရေထဲမှာ ဗာကယ့်ကို ဂယက်တွေ ထနေကြရ၏။ မယ်က လူတစ်ယောက်ရဲ့ဘဝကို ဒီလိုနည်းမျိုးကြီးနဲ့တော့ အဆုံးမသတ်စေချင်လှသော စေတနာတစ်ခုဖြင့်ပင် မယ်က အတင်းအကျပ်ပင် ကုန်းပေါ်သို့ရောက်အောင် ဖွတ်ဆွဲတင်ရတော့သည်။

ကုန်းပေါ်ရောက်လျှင်တော့ အဲဒီ အစစ်မကော မယ်ကပါ ဖတ်ဖတ်တွေကိုမောလျှ ချက်ချင်း ဘာမှစကားမပြောနိုင်သေးပေ။ ရေတွေရွှဲနေပြီ ဖြစ်သောကြောင့် မယ့်ရဲ့အလှတရားတွေဟာလည်း ဝက်ဝက်တွေကွဲကုန်ပြီဖြစ်၍ မယ်က စိတ်ကတိုလာကာ အဲဒီအစစ်မမျက်နှာကို ကောဖို့ကြည့်လိုက်လျှင် ဒိတ်ခနဲတောင် ဖြစ်သွားရ၏။ အမယ်လေး … မျက်နှာဆိုးနဲ့။

"ဟဲ့ … နင် ဘာဖြစ်လို့ ကိုယ့်ဘဝကိုယ် မနေမြောရတာလဲ။ ကိုယ့်ကိုယ်ကိုယ်များ အသနားမရှိ။ သတ်သေရမယ်လို့။ ကဲ … ဘာဖြစ်လို့တုံး"

www.burmeseclassic.com



မယ်က ဒေါသဖြစ်ဖြစ်ဖြင့် ဖိဟောက်ရင်း လူတစ်ကိုယ်လုံး ပင်ပန်းနေပြီ ဖြစ်တာကြောင့် အစစ်မအား ဝုန်းခနဲ ထိုင်ချလိုက်လျှင် အစစ်မရဲ့ မြီခနဲ ငိုသံက စည်ခနဲ ထွက်လာလေ၏။

"ဟဲ့ ... သောက်ပလုတ်တုတ်။ သော်သော် ... သူ့ ... သူ့ကို မေးစမ်းပါဦးဟယ်။ အမွှေအနှောက်တွေ သိပ်လုပ်တာပဲ။ မေးစမ်းပါ"

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်လို့လဲ။ နင့်မှာ ဘာပြဿနာတွေများရှိနေလို့လဲ။ ပြောပြပါ။ ကျွန်မတို့ ကူညီနိုင်တာရှိတော့လည်း ကူညီနိုင်တာပေါ့"

"ကျွန်မ ... ကျွန်မ အဖြစ်ကို ဘယ်သူမှ ကူညီနိုင်မှာ မဟုတ်ပါဘူး ဦးတို့"

"ဟယ် ... နောက်ပြီ။ အစစ်မ ... ကျွန်မတို့ကလည်း ရှင့်လို မိန်းမသားပဲ။ ကဲ ... ကဲ ... ရှင် ဘာဖြစ်လာတယ်ဆိုတာသာ ရင်ဖွင့်စမ်းပါ"





မယ်က စိတ်မရှည်တော့စွာ မေးလိုက်တော့မှ အရုပ်ဆိုးဆိုး သွားခေါ်ခေါ်ဖြင့် တော်တော်အကျည်းတန်တဲ့ အစစ်မက မျက်ရည်လည်ရွှဲဖြင့် ပြောလေ၏။

"ကျွန်မ ဒီလောကကြီးမှာ ဆက်ပြီးအသက်မရှင်နိုင်တော့ပါဘူး။ ကျွန်မဘဝမှာ ကျွန်မ တစ်ယောက်တည်းပဲကျန်ခဲ့တော့တယ်။ ကျွန်မအမျိုးသား ကိုမောင်လှက ဦးနှောက်ကြောပြတ်ပြီး ဆုံးသွားပြီ။ ကျွန်မဘဝမှာ ကျွန်မနဲ့ဟောဒီဗိုက်ထဲက ကလေးနဲ့ ဘယ်လိုမှ ရပ်တည်နိုင်ဖို့ မဖြစ်နိုင်တော့လို့ ကျွန်မ သတ်သေဖို့ လုပ်ခဲ့တာပါ"

မယ်က ကြားလိုက်ရတဲ့ သတင်းဆိုးကြောင့် မူးဆောင်တက်သွားရကာ နားထင်ကို လက်ဖြင့်ဖိရင်း အဖြစ်ဆိုးသေတဲ့ အစစ်မကို သနားမိစွာ ...

"ဘုရား ... ဘုရား။ မကြံကောင်း မစည်ရာတွေအေ။ ညည်းနှယ် လင်သေတာနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် သတ်သေရသလား။ ပြီးတော့ ညည်းတစ်ယောက်တည်းလည်းမဟုတ်ဘူး။ ဗိုက်ထဲက ကလေးကိုပါ အပြစ်မဲ့ သတ်ဦးမယ်။ ညည်းမှာ အမေစိတ်ဆိုတာ မရှိဘူးလား အစစ်မရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မယ့်ရဲ့ ကရုဏာဒေါသောဖြင့် ပြောသံအဆုံးမှာ အစစ်မက ရှုံးမဲ့ချင့်ကာ …

“ကျွန်မလည်း အမေဖြစ်ချင်ပါတယ်။ ဒါပေမဲ့ ဟောဒီ လောကကြီးထဲမှာ မပြည့်စုံတဲ့ ဘဝထဲ ကျွန်မ ရင်သွေး လေး ဘယ်လိုရှင်သန်မလဲ။ ပြီးတော့ ကျွန်မနဲ့သာကလေး က တူခဲ့ရင် သူ ဟောဒီလောကကြီးထဲမှာ ဘဝကိုအား ငယ်သိမ်ငယ်စိတ်တွေနဲ့ ရပ်တည်ရမှာ။ အဲဒါကြောင့် ကျွန်မ ကျွန်မရဲ့ရင်သွေးလေးကိုပါ တစ်ပါတည်းခေါ်သွား ဖို့ ဆုံးဖြတ်လိုက်တာပါ။ ဟင့် … ဟင့်”

အစစ်မက အသံတွေတိမ်ဝင်လာကာ ရှုံးမဲ့ချင့်လေ လျှင် မယ်ကော သော်သော်ပါ မျက်ရည်တွေ လည်လာမိ၏။ သနားစရာ ကောင်းလိုက်တာ။ မယ်က မျက်ရည်စတို့ကို လက် ဖြင့်အသာသုတ်ရင်း အစစ်မ ပခုံးကိုပုတ်ပေးကာ …

“မကြီးကောင်း မကြီးအပ်တာတွေကို မကြီးစမ်းပါနဲ့အေး ညည်း ကိုယ့်ကိုယ်ကိုယ် မသနားရင်တောင် လောကထဲ ကို ရောက်တောင်လာခွင့်မရတော့မယ့် ကလေးဘဝကို သနားသင့်ပါတယ်”



“ကျွန်မလည်း ဒီလို ဘယ်လုပ်ချင်ပါ့မလဲ။ ကျွန်မဘဝမှာ ဘာဆို ဘာမှမရှိတော့ဘူး။ ကျွန်မနဲ့တူမယ့် ရင်သွေးလေး မျိုးကို ကျွန်မကလေးလေး တစ်သက်လုံး သိမ်ငယ်နေရှာ မှာ”

မယ်က စိတ်မောပန်းလှစွာ ငိုနေရှာသော အစစ်မ ကို သနားမိသွားသည်။ တကယ့်ကို ဘဝဆန်တာပဲ။ မယ်တို့လို အေးချမ်းသာယာမှုမရှိ ဟင်း …။ မယ်က သက်ပြင်းရှည်တစ်ခု ကို ချလိုက်ရင်း သွားခေါ်မလေးရဲ့ဘဝကို သနားမိစွာ ဆုံးဖြတ် ချက်ကို နိုင်နိုင်မာမာ ချလိုက်တော့သည်။

“ဟဲ့ … ဒီမှာ … နင် ဘာမှအားမငယ်နဲ့တော့။ နင့်မှာ ဒီနေ့ကစပြီး အားကိုးစရာရှိပြီလို့သာ မှတ်လိုက်တော့”

“ရှင်”

“ဟဲ့ … အဘွားကြီး”

သော်သော်က အလန့်တကြားဖြင့် မယ့်ကို လှမ်း ခေါ်နေတာကြောင့် မယ်က သော်သော့်ကို မျက်ရိပ်အသာပြလိုက် ရင်းက အစစ်မကို တစ်ချက်ကြည့်လိုက်ကာ …

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ငါ အတည်ပြောနေတာ။ နင့်မှာ ဆွေမျိုးသားချင်း ဘယ်သူမှ မရှိကြတော့ဘူးမှလား"

"ဟုတ် ... ဟုတ်ကဲ့"

သွားခေါမလေးက တုန်တုန်ယင်ယင် တအုံ့တဩလေသံဖြင့် မယ့်ကို ပြန်ဖြေလေ၏။ မယ်က လူကဲခတ်မညံ့စွာ ဒီသွားခေါမလေးရဲ့ဒုက္ခကို ကိုယ်ချင်းစာစိတ်ဖြင့် သူကောင်းပြုဖို့ ဆုံးဖြတ်လိုက်တာပဲဖြစ်သည်။

"နင် ကတိပေးရမှာက နင် နောက်ဘယ်တော့မှ ဒီလိုသေကြောင်းကြံစည်မှုမျိုး မလုပ်တော့ဘူး ဆိုတာပဲ။ ရှင့်ဘဝအတွက် ကျွန်မ အားလုံး တာဝန်ယူတယ်။ ရှင့်ကို ကျွန်မရဲ့မိသားစုဝင်တစ်ယောက်လို ကိုယ်ချင်းစာလို့ ဒီလိုဆုံးဖြတ်လိုက်တာပဲ။ ဘာမှ စိတ်ဆင်းရဲဖို့ မလိုတော့ဘူး။ ကျွန်မနဲ့တွေ့တာ မေခလာနတ်သမီးနဲ့ တွေ့သလိုပဲလို့ မှတ်လိုက်တော့။ ကဲ ... ဘယ်လိုလဲ။ ခုနက ကတိပေးနိုင်သလား"

"ကျွန် ... ကျွန်မ ... ကျွန်မ ..."





သွားခေါမလေးက မါက်လုံးလေး ကလယ် ကလယ်ဖြင့် စကားတွေ ထစ်နေလျှင် သော်သော်က ဘေးကနေ ဝင်ပုတ်ပေးကာ ...

"ဟဲ့ ... အစစ်မ၊ ဘာတွေ ဖလော်ဖလယ် လုပ်နေတာလဲ၊ ဒီလောက် ကံထလာတာတောင် သေချင်လည်းသေ၊ အုံ့တာပဲ"

သော်သော်ရဲ့ လောဆော်မှုအဆုံးမှာ သွားခေါမလေးက အသိဝင်လာသလို မျက်နှာလေးဖြင့် မျက်ရည်များကြားကနေ မယ့်ကို တရိုတသေ လက်အုပ်ကလေးချီကာ ...

"ကျွန် ... ကျွန်မ ..."

မယ်က လူသားချင်းဆိုတဲ့ စာနာစိတ်လေးတစ်ခုကြောင့် အစစ်မကို စာနာနားလည်စွာဖြင့် သူမဘဝလေးကို ကယ်တင်ဖို့ရာ မယ် ဆုံးဖြတ်လိုက်၏။

"ကဲ ... နင် အဲဒါတွေ ဘာမှပြောမနေနဲ့တော့။ အခုအရေးကြီးတာက ရှင်ကော ကျွန်မကော ရေတွေရွှဲနေတာကြာရင် အအေးပတ်ပြီး အဲဒီကျမှ တကယ်ဂန့်သွားလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်။ အခုလောလောဆယ် ကျွန်မတို့ အဝတ်တွေသွားလဲ

ရလိမ့်မယ်။ ထ … ထ … ကျွန်မတို့နဲ့ပဲ လိုက်ခဲ့ …

ပြီးမှ အကြောင်းစုံ ပြောကြတာပေါ့"

မယ်နဲ့ သော်သော်က အစစ်မကို တွဲထူရင်းမယ် အခုတည်းနေတဲ့ ဟိုတယ်ကို တစ်ပါတည်း ခေါ်သွားရတော့သည်။

အခုချိန်မှာ မယ် အသက်နှစ်ချောင်းတောင် အချိန်မီ ကယ်လိုက်နိုင်တာမို့ မယ် သိပ်ကုသိုလ်တွေ ရသွားတယ်ဟု ယုံမှားရပါသည်။

❀ ◇ ❀





"ကဲ … ဆိုစမ်းပါဦး။ ရှင့်နာမည်နဲ့ ရှင့်အကြောင်းတွေ ကို"

မယ်က ကော်ဖီတစ်ငုံ သောက်လိုက်ရင်း မယ့်ရဲ့ ရှေ့တည့်တည့်မှာ ကြောက်ကြောက်ရွံ့ရွံ့ ထိုင်နေတဲ့ သွားခေါ်မ လေးကို မေးလိုက်လျှင် မယ့်ကို မဝံ့မရဲလေသံဖြင့် ပြောလေ၏။

"အို … ကျွန်မနာမည်က မီးမီးပိုးဖြူပါ"

"အလို … နာမည်ကတော့ တယ်ဆန်းပါလား။ ကဲ … ဆက်စမ်းပါဦး"

"ဟုတ်ကဲ့ … ကျွန်မက ငယ်ငယ်လေးကတည်းက သူများ အနှိမ်ခံလာရတဲ့ သူအဖြစ်နဲ့ ကြီးပြင်းခဲ့ရတာပါ။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဆွေမျိုးသားချင်းတွေလည်း မရှိတော့ပါဘူး။ ကိုမောင်လှနဲ့ အိမ်ထောင်ကျတော့ ကျွန်မဘဝ ပြည့်စုံပြီလို့ ထင်ခဲ့ပြီး ကျွန်မ ပျော်နေခဲ့ရတာ။ ဒါပေမဲ့ သူ ဆုံးသွားတော့”

မယ်က စိတ်ဆင်းရဲစရာတွေကို ဆက်ပြီးနားမထောင်ချင်တော့စွာဖြင့် မျက်နှာကို တစ်ဖက်သို့လွှဲလိုက်ရင်းက တားမြစ်လိုက်ရတော့သည်။

“အို ... တော်ပါတော့။ စိတ်ဆင်းရဲစရာတွေ ပြောမနေနဲ့တော့။ ရှင့်ကို ကျွန်မ ကယ်လာတာကလည်း စေတနာမေတ္တာသန့်သန့်နဲ့ပဲ။ ရှင့်ကို ကျွန်မ ကူညီမယ် ...

ကျွန်မနာမည်လည်း မှတ်ထားဦး။ မြင့်မိုးမယ်တဲ့။ မိတ်ကပ်ဖန်တီးရှင် တစ်ယောက်ပေါ့။ တို့က ဒီမှာလာပြီး အနားလာယူတာ။ စိတ်ပင်ပန်းမှုတွေ ပြေချင်လို့ ဒီလာပါတယ်။ စိတ်ကို ထပ်ပြီးပင်ပန်းအောင် ကိုယ့်ကိုယ်ကိုယ်လည်း မလုပ်ချင်သလို သူများတွေကိုလည်း မလုပ်စေချင်ဘူး ...





လောကမှာ မိခင်ဆိုတာ ဖြစ်ထိုက်လို့ ဖြစ်ခွင့်ရတာ။ အဲဒါကြောင့် နင့်ဗိုက်ထဲက ကလေးကို သေချာပေါက်မွေးရမယ်။ ကျွန်မ်နဲ့ ရန်ကုန်လိုက်ခဲ့ပါလား။ ရှင့်ကို ကျွန်မရဲ့ သမီးအဖြစ် မွေးစားမယ်လေ”

“ကျေး ... ကျေးဇူးတင်ပါတယ် ... ဟို ... ဟို”

မယ့်ကို ခမျာမှာ ခေါ်ရတော်တော် ခက်နေဟန်တူ၏။ ဟိုတွေ ဒီတွေ လုပ်ကာ စကားတွေ ထစ်နေတာကြောင့် သော်သော်က အလိုက်တသိပင် သင်ပေးလိုက်၏။

“အမယ်လေး ... ဓေးထားအယ်။ နင့်ကို သမီးအဖြစ်မွေးစားပါတယ် ဆိုကတည်းက ဒါ ရှင့်အမေမေ ဖြစ်သွားပြီ။ မယ်မယ်လို့ပဲ ခေါ်လိုက်ပေါ့”

“ဟုတ် ... ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ် မယ်မယ်။ ဒါဒါပေမဲ့ ကျွန်မ ကြောက်တယ်”

မယ်က အထူးအဆန်း စကားလုံးကြောင့် စိတ်ဝင်တစား ဖြစ်ရကာ မေးအသာဆတ်ပြလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"ကျွန် ... ကျွန်မက မယ်မယ် မြင်တဲ့အတိုင်း အရုပ်ဆိုးပါတယ်။ ကျွန်မ မေးလာမယ့်ကလေးရဲ့ အနာဂတ်ကို ကျွန်မတွေးမိတိုင်း ရင်မောပြီး ကြောက်မိတယ်။ ကျွန်မကလေးလေးက ကျွန်မလိုပဲ အကျည်းတန်တော့ ဘယ့်နှယ်လုပ်မလဲဟင်"

မယ်က အဲဒီ သွားခေါ်မလေးကို ဘာကြောင့်ရယ် မှန်းမသိ။ သနားကရုဏာ သက်မိရုန္ဓာဖြင့် သူမ ဘေးနားသွားကာ နှစ်သိမ့်အားပေးသလို ပခုံးပုတ်ပေးရင်း ...

"ဘာမှ စိတ်အားငယ်ဖို့ မလိုပါဘူးဟယ်။ ရှေ့ပင်နားတော့ ရှေကျိုးပဲလေ။ နင် ဒီကလေးလေးကိုသာ မွေးပါ။ သူ့ဘဝလေး သာယာဖို့ ကျွန်မ ပံ့ပိုးပေးနိုင်ပါတယ်"

"အမယ်လေး ... စေတနာရှင်မကြီးပါလား။ အဘွားကြီးရှင့်ရဲ့မွန်မြတ်တဲ့စိတ်ကို ကျွန်မ လေးစားတယ်။ ရှင်ကလေမေတ္တာရှင်မကြီးပါလား"





မယ်က အပြုံးတစ်ခုနှင့်အတူ ကျေနပ်ပီတိ ဖြစ်ရလေသည်။ မယ်တို့က ကမ္ဘာလောကကြီးရဲ့ အလှဖန်ဆင်းရှင်တွေလေ။ ကိုယ်မစွမ်းနိုင်တဲ့ ကိစ္စအတွက် စွမ်းနိုင်သူဆီကယူကာ လောကရဲ့အလှတရားတွေဖြစ်အောင် ဖန်ဆင်းရမှာပေါ့။

မယ်က မွေးလာမယ့်ကလေးရဲ့ အနာဂတ်ကို အကောင်းဆုံး ပံ့ပိုးပေးချင်တဲ့ စေတနာရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်ခန့်ကြာသော်...



www.burmeseclassic.com

www.burmeseclassic.com



မယ်က ပေါ်တီကိုအောက်သို့ ကားကို ဝေါ ခနဲ မောင်းချလာကာ စက်သတ်ပြီးတာနှင့် အိတ်ကိုတောင်မယူနိုင်ဘဲ ကားပေါ်က အပြေးအလွှား ဆင်းလာကာ အိမ်ထဲအမြန်ဝင်လာရသည်။

"ပိုးဖြူ ... ပိုးဖြူ ... သားလေးကော။ သားသားကော"

မယ်က သားသားကို တကြော်ကြော် အော်ခေါ်ရင်း အပေါ်ထပ်က သားသား အခန်းသို့ ပြေးတက်သွားလျှင် ခုတင်ပေါ်မှာ ဆော့နေသော သားသားကို မြင်လိုက်ရမှ မယ့်ရင်ထဲက အပူလုံးကြီးက ဝုန်းခနဲ ကျသွားကာ သားသားကို ပြေးပွေ့ချီရင်းက ...

"ဟဲ့ ... နင်တို့ သားသားကို ဂရုမစိုက်ကြဘူးလား။ နင်တို့တာဝန်က သားသားကို စောင့်ရှောက်ဖို့လေ။ သူ့အမေကော ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်ကို သွားပြန်လိုက်ပို့ပေးနေပါတယ်"

"ဟင်း ... ပေါ့လိုက်ကြတာ။ နေစမ်းပါဦး။ ကလေးက ဝမ်းလျှောရအောင် ဘာတွေစားလို့လဲ။ ဒီအိမ်က အစားအသောက်တွေ မသန့်လို့ပေါ့"

"ဟို ... ဟို ... အဲလို မဟုတ်ပါဘူး။ မနေ့ညက မမလေးက ငါးချဉ်သုပ် စားနေတော့ သားသားကိုပါ ကျွေးလိုက်လို့ အဆင်မသင့် ဖြစ်သွားပြီး ... ဝမ်း ..."

"ဘာ"

မယ့်ရဲ့ ဘာ,သံကြီးက ဆောင့်ထွက်လာသောအခါ အားလုံးက မျက်နှာငယ်လေးနှင့် ခေါင်းလေးငုံ့ကာ ပတ်တော ပိတ်နေချိန်ကြမှ ပိုးဖြူက အနောက်ကနေ ရောက်လာကာ ...

"မယ်မယ် ... ဘာဖြစ်တာလဲ"

"အမယ်လေး ... မယ်မင်းကြီးမရယ်။ ကြွပါဦး။ ကြွပါဦး။ နင်ဟာလေ ဘယ်လိုပဲပြောပြော အမှတ်သညာကို မရှိဘူး။ သားသားသာ တစ်ခုခု ဖြစ်လို့ကတော့ ..."

"မယ်မယ်ရယ် ... ကလေးက ဘာမှလဲ မဖြစ်ပါဘူး"





"သားသား နားငြီးလာပြီ မယ်မယ်"

မယ်က နားလေးနှစ်ဖက်ကိုပိတ်ကာ ခေါင်းယမ်းပြောလေတဲ့ ချစ်စရာသားလေးကို နမ်းမွှေးလိုက်ရင်းက ...

"အေးပါ ... သားသားရယ်။ သားသား နားငြီးရင်မပြောတော့ဘူး"

"ဟုတ်။ သားသားလည်း ဘာမှမဖြစ်ပါဘူး။ နေကောင်းသွားပြီ"

"အေးပါ ... သားရယ်။ အေးပါ။ ကဲ ... ကဲ ... အဲဒါဆိုရင် သားသား တစ်ရေးအိပ်လိုက်ဦး။ လုံးချွဲ ... သားသားကို သိပ်လိုက်တော့။ လာခဲ့ ... လာ ... အမေမ။ နင်နဲ့ငါ ရှင်းရမယ်"

မယ်က စိတ်တိုဒေါသထွက်စွာဖြင့် ပိုးဖြူကို အပြင်သို့ ခေါ်ထုတ်လာရင်း ကောရတော့သည်။

"ညည်းနှယ်အေ ... အံ့ပါရဲ့။ သားသားကို အစားအသောက်ကျွေးတာ ဂရုစိုက်ပါဆို။ ဒီအလေ့နတော အစာတွေကျွေးရတယ်လို့အေ"



www.burmeseclassic.com

www.burmeseclassic.com



"မယ်မယ်ရယ် ... တစ်ခါတလေ ..."

"ဟဲ့ ... တစ်ခါတလေလည်း မရဘူး။ နင့်သားကို ငါ ဘယ်လိုမျှော်လင့်ထားတယ်ဆိုတာ နင် သိတယ်နော်။ ညည်းလို အောလီအမေမက မွေးထားတဲ့ သားက ရွှေလင် ဗန်းနဲ့ အချင်းဆေး ရွှေမှုန်စား ဖွားထားတာနော်"

"သိ ... သိပါတယ် မယ်မယ်ရယ်။ ကျွန်မလည်း သား လေးကို ဂရုစိုက်ပါ့မယ်"

မယ်က မထုံတက်တေးပုံစံဖြင့် ပြောနေသော မိပိုးဖြူ ကို တကယ်ပဲ စိတ်ပျက်စွာ ကြည့်လိုက်မိ၏။ ဒီမိန်းကလေးကို မယ်က ကိုယ့်သမီးလို သံယောဇဉ်ရှိစွာဖြင့် သူ့ရဲ့ရုပ်ဆိုးပမ်းဆိုး အသွင်အပြင်တွေကို အတတ်နိုင်ဆုံး လှပတသွားအောင် ပြင်ဆင် ပေးပြီးတာတောင် သင်းက သူ့ကိုယ်သူ သိမ်ငယ်နေတုံး။ အံ့ဩ စရာကောင်းတာကတော့ သွားခေါခေါ အရုပ်ဆိုးဆိုး မိန်းမရဲ့ သားက အရမ်းကိုချစ်စရာကောင်းတဲ့ သားငယ်လေးဖြစ်နေတာ ဖြစ်၏။ သားလေးဟာ အင်မတန်မှ ချစ်မွေးပါတယ်ပဲ ဆိုရမလား။ သူ့မျက်နှာကလေးကို မြင်လိုက်တဲ့သူတိုင်းဟာ ချစ်စရာကောင်း





တယ်လို့ မပြောသူဟာ ဘယ်သူမှမရှိလောက်အောင် သားငယ် လေးက ချစ်စရာကောင်းတာဖြစ်၏။ အဲဒါကြောင့် မယ်က ဒီက လေးကို အကြီးကြီး ရည်ကာမှန်းထားတာဖြစ်၏။

"ဒီမှာ မိပိုးဖြူ ... သားသားကို ဂရုစိုက်တာဟာ တော် တန်ရုံ ဂရုစိုက်နေလို့မရဘူး။ အလွန့် အလွန် ဂရုစိုက်ရမယ်။ ငါ့မြေးလေးဟာ တစ်ချိန်မှာ မြန်မာနိုင်ငံရဲ့ အအောင်မြင်ဆုံး ရုပ်ရှင်မင်းသားတစ်ယောက် ဖြစ်ကိုဖြစ်ရမယ် ...

အဲဒီအတွက် သားသားကို မင်းသားဖြစ်ဖို့ မွေးလာ တဲ့ ကလေးတစ်ယောက်ဖြစ်အောင် နင် ပြုစုရမှာ။ ဟင်း... နင့်ကို ပြောပြန်ရင်လည်း ငါပဲ ဩဇာသီးကုန်တယ်။ နင် အမေမလုပ်နေပြီး ကလေးကို မပြုစုတတ်ဘူးလား။ ဟမ်"

"ပြု ... ပြုစုတတ်ပါတယ်"

"ဟင်း ... နင့်ကိုတော့လေ။ အံ့တာပဲအေ။ ဘယ့် ... ညည်းက အရင်လို အော်လီမှ မဟုတ်တော့တာ။ ရုပ်ရှင် မင်းသားဖြစ်လာမယ့် သားကို မွေးထားတဲ့ အမေတစ် ယောက်အနေနဲ့ ညည်းအေ ချော့ကိုနေရမှာ"



www.burmeseclassic.com

www.burmeseclassic.com



မယ်က ပြောလည်း ပြောပြောပဲ ရှိတာမို့ အဲဒီခေါ်စိန်ပိုးဖြူမကိုတော့ ဘာကိုမှ ဆက်မပြောချင်လောက်အောင် စိတ်ကုန်ချေ၏။ ပိုးဖြူကို မယ့်ရဲ့သမီးတစ်ယောက်လို သံယောဇဉ်ရှိတာကြောင့် မွေးစားခဲ့သလို သားလေးဟာ ပိုးဖြူနဲ့လုံးဝမတူစွာ ချောမောလှပလေတာကြောင့် ဒီကလေးရဲ့အနာဂတ်ကို သူ့အဘွားဖြစ်တဲ့ မယ်ကပဲ ရေးခြယ်စီမံရမှာဖြစ်၏။

❦ ✧ ❦





# ဆယ့်ခြောက်နှစ်

# ကြာပြီးသော...



www.burmeseclassic.com

www.burmeseclassic.com



(၁)

ဒီကနေ့ဟာ ဆိုရင်တော့ဖြင့် အချိန်ကာလ အတော်များစွာကို ဖြတ်သန်းလွန်မြောက်ပြီးတဲ့ အထိမ်းအမှတ်အဖြစ် ပွဲလေးကျင်းပတာ ဖြစ်သလို ထူးခြားစွာပင် မယ့်ရဲ့ အသက်ခြောက်ဆယ်ပြည့် မွေးနေ့မင်္ဂလာကို မိသားစုစုံညီစွာ ကျင်းပဖို့ ပြင်ဆင်နေတာပဲဖြစ်သည်။

အချိန်တွေဟာ တကယ်ပဲ့အကုန်မြန်လှစွာ သာသာယာယာ ငြိမ့်ငြိမ့်ညောင်းညောင်းလေးပင် ပြောင်းလဲလို့သွားတာဖြစ်၏။ မယ့်အတွက်ကတော့ ဒီနေ့က အသက်ခြောက်ဆယ်ပြည့် မွေးနေ့ ဆိုပေမယ့် မယ့်ရဲ့နုပျိုမှုနှင့် တက်ကြွသွက်လက်မှုတို့ကတော့ အသက်လေးဆယ် အလားပင်။ ဒီနေ့က မယ့်ရဲ့ပွဲဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



မယ်က ဒီသားစုံညီစွာ မွေးနေ့ပွဲလေး ကျင်းပဖို့ရာအတွက် ကိုယ့်ကိုယ်ကိုယ် အလှဆုံး ပြင်ဆင်ခြယ်သနေမိသည်။ ဂန္ထဝင်ဆန်သော ဆံထုံးထက်က စိန်ဆံတိုးက တဖျပ်ဖျပ် လက်နေကာ သောတကြီးကိုလှအောင် ဖန်ဆင်းနိုင်သော မယ့်အတွက် ကိုယ့်ကိုယ်ကိုယ်ကတော့ ရာဇဝင်ထဲက ခမ်းနားတဲ့ ဘုရင်မတစ်ပါး သဖွယ် ပြင်ဆင်ထားတာဖြစ်၏။ နာမည်ကျော်ဒီဇိုင်နာရဲ့လက်ရာ ဖြစ်တဲ့ ဇာဝမ်းဆက် အနီရဲရဲကို ခမ်းနားစွာ ဝတ်ဆင်ပြီး ဖဲပဝါကို ခြုံလွှမ်းလိုက်တဲ့ သကာလမှာတော့ မယ်ဟာ ကေရီဘုရင်မ တစ်ပါးအသွင်ဖြင့် ကိုယ့်ကိုယ်ကိုယ် ကျေနပ်စွာပြုံးမိရင်း တော်ဝင် ခြေလှမ်းတို့ဖြင့် စတင်လှမ်းလျှောက်လာခဲ့တော့သည်။

"Happy Birthday ပါ မယ်မယ် ...

အသက်ရာကျော် ရှည်ပါစေ"

မယ်မယ် အောက်သို့ဆင်းလာတာနှင့် မယ့်ရဲ့သမီး တွေက ကြည်နူးရွှင်ပျစွာဖြင့် ဆုတောင်းထောပနာပြုကြလေလျှင် မယ်က ကျေနပ်ပီတိဖြစ်စွာ ပြုံးလိုက်ရင်း ဆုတောင်းတွေကို လက်ခံလိုက်သည်။



"ပေးတဲ့ဆုအတိုင်း ပြည့်ရပါစေကွယ် ...

မယ်မယ့်မွေးနေ့မှာ အခုလို စုံစုံညီညီ ရှိနေတာကို မယ်မယ် သိပ်ဝမ်းသာတယ်"

"စုံရမှာပေါ့ မယ်မယ်ရဲ့။ ဒီနေ့က မယ်မယ့် မွေးနေ့ပဲ ဟာ"

ပိုးဖြူက အရင်မွေးတော့ နေ့ချင်းကြီးဆိုသလို မယ်မယ် ပွဲပြင်ထိန်းကျောင်းမှုအောက်မှာ မယ်မယ့်သမီးရင်း တစ်ယောက်လို ရှိလာခဲ့သူမို့ ခေါ်တော့ ခေါ်ပေမယ့် အရင်လို ရုပ်ဆိုးပန်းဆိုးမျိုး မဟုတ်တော့ဘဲ ကြည့်ကောင်းလာကာ အင်မတန်ထက်မြက်၍ အားကိုးရတဲ့ မယ့်ရဲ့သမီး မီးမီးပိုးဖြူ ဖြစ်နေပြီပဲဖြစ်၏။ ပိုးဖြူက မယ့်ကို ပျော်ရွှင်ကြည်နူးစွာ လှမ်းပြောမှ မယ်က အရေးကြီးဆုံး သူတစ်ယောက်ကို ပြေးသတိရလို့သွား၏။

"ဟဲ့ ... ပိုးဖြူ။ ငါ့မြေးကော ... သားသား ဘယ်မှာလဲ"

"သားက ဒီမှာပါ ဘွားမယ်ရဲ့။ ဘွားမယ်ရဲ့မွေးနေ့ကို သား အချိန်ကိုက် အရောက်လာတာ။ Happy Birthday ဘွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



မယ့်ရဲ့မေးခွန်းအဆုံးမှာ သားလေးက တံခါးဝကနေ ပေါ်ထွက်လာကာ မယ့်ဆီသို့ အပြေးရောက်လာရင်း ကလေးတစ်ယောက်သဖွယ် မယ့်ကို birtyday kiss ပေးပြီးနောက်မှာ သားက သူ့လက်ထဲက ပန်းစည်းကို မယ့်ရဲ့လက်သို့ ထည့်ပေးလိုက်ရင်းက...

"ဘွားမယ် အတွက် သားရဲ့မွေးနေ့လက်ဆောင်။ Hand made စစ်စစ်နော်။ သားကိုယ်တိုင် စိုက်ထားတဲ့ ပန်းတွေ ခူးပြီး သားကိုယ်တိုင် လုပ်ထားတဲ့ပန်းစည်း။ ဘွားမယ် ကြိုက်တယ်မှုလားဟင်"

မယ်မယ်က ပျော်ရွှင်ကျေနပ်စွာဖြင့် ပန်းစည်းလေးကို ရယူ၍ နမ်းရှုံ့လိုက်ပြီးမှ မယ့်ရဲ့ချစ်မဝနိုင်သော သားသားကိုကြည့်ကာ ခေါင်းညိတ်ပြလိုက်ရင်း ...

"ကျေနပ်တယ်။ ဘွားမယ် ဒီပန်းစည်းလေးကို အကြိုက်ဆုံးပဲ"

"Ok ... ဘွားမယ် ကြိုက်တယ်ဆို သား အရမ်းပျော်သွားပြီ။ ကဲ ... ဒီတော့ ဘွားမယ်ရဲ့ မွေးနေ့ပွဲလေး စလိုက်ရအောင်။ မေမေ ... မာမီတို့ လာကြလေ။ ဘွားမယ်နဲ့အတူ ဒေးကိတ်ခွဲရအောင်"

မယ်က သားလေး ဘာပဲလုပ်လုပ် ကြည်နူးကျေနပ်စွာဖြင့် သဘောကျနေကာ မယ့်ရဲ့အသက်ခြောက်ဆယ်ပြည့်မွေးနေ့ကိတ်ကို မိသားစုနဲ့အတူ ခွဲကာ ပျော်ရွှင်နေရလေသည်။ မယ်တို့အားလုံး ပီတိများဖြင့် ပျော်ကြ မြူးကြ အချိန်မှာ မယ့်ရဲ့ အထူးဧည့်သည်တော် ရှေ့နေကြီး ဦးသာကျော် ရောက်လာလျှင်တော့ မယ်က ရည်ရွယ်ထားသည့်အတိုင်း မယ့်ရဲ့အစီအစဉ်တွေကို စတင်ပြောလိုက်တော့၏။

"ကဲ ... အားလုံးရဲ့ရှေ့မှာ မယ်မယ် ဒီကနေ့ ကြေညာစရာလေးတစ်ခု ရှိပါတယ် ...

မကြေညာသေးခင် အရင်ဆုံး မိတ်ဆက်ပေးရဦးမယ်။ ဟောဒါကတော့ ကျွန်မရဲ့ရှေ့နေကြီး ဦးသာကျော်ပါ။ ဦးသာကျော် ... ဒါ ကျွန်မသမီး စီးစီးပိုးဖြူ။ သူလေးကတော့ ကျွန်မရဲ့မြေးလေး မောင်မင်းသခင်တဲ့ ...







www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ဒီနေ့ ကြေညာစရာရှိတဲ့ ကိစ္စလေးကို ရှေ့နေကြီးကပဲ ပြောပြလိုက်ပါဦး"

မယ်က ကြိုတင်စီစဉ်ထားသလို မယ့်ရဲ့ရည်ရွယ်ထားရာ အစီအစဉ်တွေကို ကြေညာခွင့်ပြုလိုက်လျှင် ရှေ့နေကြီးက မတ်တတ်ထရပ်ကာ အစီအစဉ်တို့ကို စတင်ကြေညာတော့၏။

"ဟုတ်ကဲ့ပါ။ ဒီကနေ့ ဒေါ်မြင့်မိုမယ်ရဲ့ အသက်ခြောက်ဆယ်ပြည့် မွေးနေ့ပါ။ ဒေါ်မြင့်မိုးမယ်ရဲ့မွေးနေ့ ဒီလိုရက်မြတ်လေးမှာ အားလုံးကို အသိပေးစရာရှိတဲ့ အကြောင်းကတော့ ဒီလိုပါ ...

ယောဒီက ဒေါ်မြင့်မိုးမယ်ရဲ့ တစ်ဦးတည်းသောမြေးမောင်မင်းသခင်ကို ဒေါ်မြင့်မိုးမယ် ပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေ အားလုံးကို ဒီကနေ့မှာ တရားဝင်လွှဲပြောင်းပေးအပ်မှာ ဖြစ်ပါတယ်"

"ခင်ဗျာ"





"လွှဲပြောင်းပေးအပ်ဖို့အတွက် ဆောင်ရွက်ရမယ့် ကိစ္စအဝဝကို ကျွန်တော် ဦးသာကျော်က စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"

မယ်က ကိုယ့်စိတ်တိုင်းကျ စီစဉ်မှုအတွက် ကျေနပ်ဝီတိဖြစ်စွာဖြင့် ပြုံးကာ ရှေ့နေကြီးရဲ့စကားတွေကို နားထောင်နေစဉ်မှာပဲ သားသားက တအံ့တသြဖြင့် မယ့်ကို မေးခွန်းထုတ်တော့တာ ဖြစ်သည်။

"ဘွားမယ် ... ဘာတွေလျှောက်လုပ်နေတာလဲ"

"ဘာကိုလုပ်လို့လဲ။ ဘွားမယ်ရဲ့ ပိုင်ဆိုင်မှုတွေကို ဘွားမယ်မွေးနေ့မှာ သားကို အမွေပေးတာလေ"

"အာ ... ဘွားမယ်ကလည်း သား အဲဒါတွေ မလိုချင်ပါဘူး။ ပြီးတော့ အမွေပေးတယ် ဆိုတာကြီးက မဖြစ်သင့်ပါဘူး"

မယ်က သဘောကျစွာဖြင့် ဖြူစင်ဝင်းဖန့်နေသောသားသားရဲ့မျက်နှာလေးကို ငေးကြည့်ရင်းက သားသားရဲ့ဆံပင်တွေကို ဖွဖွသပ်ပေးလိုက်ရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ဘွားမယ် ဘဝမှာ သားကို အရမ်းမျှော်လင့်ထားတာ။ အမွေပေးတယ် ဆိုတာကလည်း သားကို ဘွားမယ့်ရဲ့ အချစ်တွေကို သက်သေထူလိုက်တာပါပဲ။ ဒီပိုင်ဆိုင်မှုတွေက သားရဲ့နာမည်နဲ့ လွှဲပေးလိုက်တယ် ဆိုပေမယ့် သားဘေးမှာ ဘွားမယ်ကော မေမေကော ရှိနေတာပဲဟာ။ ဘွားမယ်ရဲ့စေတနာကို မငြင်းရဘူးနော်"

"ဘွားမယ်ကတော့ မွှေတယ်ဗျာ။ သားက ကလေးပဲရှိသေးတဲ့ဟာ"

"ဘွားမယ်မှာ သားနဲ့ပတ်သက်ပြီး မျှော်လင့်ထားတာတွေက တစ်ပုံကြီးပဲ။ အဲဒီတော့ သား ဘာမှငြင်းဖို့ မကြိုးစားနဲ့။ ပိုးဖြူ ... ညည်းကလည်း အမေမလုပ်ပြီး တစ်ခုခုဝင်ပြောဦးလေ။ သားက ဒါမှလက်ခံမှာပေါ့အေ"

"မယ်မယ့် ကျေးဇူးတွေက များလွန်းလို့ ဘယ်လိုဆပ်ရမယ်တောင် မပြောတတ်တော့ဘူး။ မယ်မယ်က ကျွန်မတို့သားအမိရဲ့ကျေးဇူးရှင်ပါ"





မယ်က မယ့်အပေါ်မှာ တကယ်ကို စေတနာမေတ္တာထားတာကြောင့်မို့လည်း တစ်ဦးစေတနာ တစ်ဦးမေတ္တာ ဆိုသလိုမယ်ကလည်း ပိုးဖြူနှင့် သားသားအပေါ်မှာ ကိုယ့်ရဲ့သွေးသားရင်း မိသားစုသဖွယ် သဘောထားတာမို့ မယ်က သူတို့လေးတွေအပေါ် အများကြီး မျှော်လင့်ထားရလေသည်။

"အဲဒါတွေက ပြောနေဖို့ မလိုပါဘူးအေ။ တို့တွေကြားမှာ ဒီစကားကဲ ပြောဖို့မလိုဘူး ...

ကဲ ... ရှေ့နေကြီး အားလုံးရှေ့မှာ အသိပေးပြီးပြီဆိုတော့ ဒီကိစ္စ အထမြောက် အောင်မြင်သွားပါပြီ။ စီစဉ်စရာရှိတာတွေ ဆက်စီစဉ်လိုက်ပါ"

မယ့်ရဲ့ညွှန်ကြားချက်အဆုံးမှာ ရှေ့နေကြီးက ခေါင်းညိတ်ပြလိုက်လျှင် သားသားက မယ့်ရဲ့လက်တွေကို ဆုပ်ကိုင်ကာ ...

"ဘွားမယ် သားကြောင့် ဘယ်တော့မှ စိတ်မပျက်စေရပါဘူး။ သား ကတိပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဘွားမယ်၊ ကျေနပ်တယ်။ သားလေးကို ဘွားမယ်က နောက်ထပ် မျှော်လင့်ချက်တွေ အများကြီးထား, ထားသေးတယ်။ နောက်မှ ဖြည်းဖြည်းချင်း ပြောကြတာပေါ့။ အခုတော့ ဘွားမယ်ရဲ့မွေးနေ့ကို ဆက်ကျင်းပကြစို့"

မယ်က ရင်ထဲမှာ ကျေနပ်အေးချမ်းမှုများနှင့်အတူ မယ့်ရဲ့မွေးနေ့ပွဲလေးကို မယ့်ရဲ့သားသမီးတွေ၊ မြေးလေးနှင့်ပျော်ပျော်ရွှင်ရွှင် ဝက်ဝက်ကွဲ နွှဲလိုက်လေတော့သည်။





"မောင်မင်းသခင်"ဆိုတဲ့ သူ့နာမည်က ထူးထူးဆန်းဆန်း ဖြစ်နေသလိုပဲ သူ့ရဲ့ဘဝရပ်တည်မှုဟာလည်း အင်မတန်မှ ထူးထူးဆန်းဆန်းလေးပဲ ဖြစ်၏။ သူ့အဘွားဟာ အနုပညာလောကရဲ့ ထိပ်တန်းမိတ်ကပ်ဖန်တီးရှင်တစ်ယောက် ဖြစ်နေကာ အဘိုးဖြစ်ပေမယ့် အနေအထားအရ သူဟာ အဘွားအဖြစ် သတ်မှတ်ထားရသူဖြစ်သည်။ နောက် သူ့ရဲ့မေမေ။ မေမေဟာ သူနှင့်တစ်ခါကလေးမှ မတူပေ။ ဒါပေမဲ့ သူ့မေမေကို သူသိပ်ချစ်ပါသည်။ မေမေဟာ သူ့ကို တကယ်ဆိုမှ တကယ့်ကို ချောမောသန့်စင်နေသော သားတစ်ယောက်အဖြစ် မွေးဖွားသန့်စင်ပေးကာ ဒီလောကအလယ်မှာ ခန့်ခန့်ညားညားဖြင့် သူ့စိတ်တိုင်းကျ စိတ်ချမ်းသာမှု



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်ချင်ရာ အလိုဆန္ဒမှန်သမျှ အစစ ဖြည့်ဆည်းပေးသော မေမေ့ကိုတော့ သူက ဘယ်တော့ဖြစ်ဖြစ် နံပါတ်တစ်ထားခဲ့ရတာ ဖြစ်၏။

အခုလည်း သူ့စိတ်ချမ်းသာရာ ဆန္ဒအတွက် ပန်းပင်တွေစိုက်ဖို့ ပျိုးပင်တွေကို မြေပဒေသာကျွန်းကနေ ဝယ်လာကာ ကားပေါ်တင်လာကာ အိမ်ပြန်လာလျှင်တော့ မေမေက သူ့ကို ပြောစရာတွေ အများကြီး ရှိနေဟန်ဖြင့် စောင့်မျှော်နေလေ၏။

"သား ... ဘယ်ကပြန်လာတာလဲ"

"ခြံထဲမှာ အပင်တွေ ထပ်စိုက်ချင်လို့ ပျိုးပင်တွေ ဝယ်လာပြီး ပြန်လာတာလေ မေမေရ။ ဘွားမယ်ကော"

"ဒီနေ့က အခွေကြိုဖြန့် ရှိတယ်လေ။ မယ်မယ်က တိုက်သွားနေပေးရတာပေါ့"

"ဪ ... ဟုတ်သားပဲ။ မေ့သွားလို့။ ကဲ ... မေမေ၊ သား ဦးချိုကြီးနဲ့ ခြံထဲဆင်းပြီး အပင်တွေသွားစိုက်လိုက်ဦးမယ်နော်"





သူက ပိုက်ဆံအိတ်နှင့် ကားသော့ကို စားပွဲပေါ်မှာ တင်ထားလိုက်ကာ ခြံထဲပြန်ဆင်းဖို့ ဟန်အပြင်မှာ မေမေက သူ့လက်ကို လှမ်းဆွဲလိုက်တာကြောင့် သူက ပြန်လှည့်ကြည့်လိုက်လျှင် ...

"အဲဒါတွေ အသာထားလိုက်စမ်းပါဦး သားရယ်။ သားကို မေမေ ပြောစရာရှိတယ်"

"ဟုတ် ... ပြောလေ မေမေ"

"ခဏထိုင်ဦး သား။ အမေ သားကို အရေးတကြီးပြောစရာရှိတယ်"

မောင်မင်းက မေမေ့ရဲ့ ထူးထူးဆန်းဆန်း စကားကြောင့် အံ့ဩသလိုတော့ ဖြစ်သွားရကာ မေမေ့ဘေးကို ဝင်ထိုင်လိုက်ရင်းက ...

"ဟုတ် ... မေမေ။ ပြောလေ"

"သား ... သားရဲ့ဘွားမယ်လည်း အိမ်မှာမရှိတုန်း သားကို မေမေ စကားအေးအေး ပြောချင်လို့ သားကို စောင့်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ခုလာမယ့် ဖေဖော်ဝါရီဆို သားရဲ့ဆယ့်ရှစ်နှစ်မွေးနေ့ ရောက်တော့မယ်။ ဆယ့်ရှစ်နှစ်ဆိုတဲ့ အသက်အရွယ်ဟာ လူကြီးဖြစ်ပြီလို့ မေမေကတော့ ယူဆတယ်။ အဲဒီအတွက် သားကို ဟိုတုန်းက ပြောခဲ့ဖူးတဲ့ မျှော်လင့်ချက်တစ်ခုကို မေမေ ပြန်ပြောပြမယ်။ သား ဖြစ်အောင်လုပ်ပေးမယ်လို့လည်း မေမေကော ဘွားမယ်ကပါ ယုံကြည်ထားတယ်"

"ဘာ ... ဘာများလဲ မေမေ"

"သားလေး အခုလို ဘယ်နေရာကိုပဲသွားသွား ထင်းလင်းပြီး ပေါ်ပြူလာဖြစ်တာဟာ သားရဲ့နဂိုရုပ်ခံလေးကြောင့်လည်းပါလလို သားရဲ့ဘွားမယ် အမြော်အမြင်ကြီးမှုတွေကြောင့်လည်း ပါတယ်။ သားကို မေမေ ဘာဖြစ်စေချင်တယ်ဆိုတာ သားသိပါတယ်"

သူက မေမေ ဘာဖြစ်ချင်တယ်ဆိုတာသိစွာ စိတ်ရှုပ်သွားတာကြောင့် လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ အဲဒီကိစ္စကို သူတို့အခြေအတင် ဆွေးနွေးခဲ့ဖူးပါသည်။ သူ ဆယ်တန်း





အောင်ပြီးကာစတုန်းကလည်း ဘွားမယ်နှင့် မေမေက သူ့ကို ဆော်ဒယ်သင်တန်း တက်ခိုင်းကာ ရုပ်ရှင်မင်းသားလုပ်ခိုင်းတာကြောင့် သူနှင့် ဘွားမယ် အငြင်းအခုံနိမ်တွေ ဖြစ်ခဲ့ဖူး၏။ အဲဒီတုန်းကတော့ သူ ငယ်သေးတယ်ဟု အကြောင်းပြချက်ဖြင့် အချိန်ဆွဲလို့ရ၏။

"မေမေက မင်းသား ဖြစ်စေချင်တာလား။ သားမှာ ဝါသနာမပါတာ"

"သားရယ် ... ဝါသနာမပါဘူးဆိုတာ အဓိပ္ပာယ်မရှိပါဘူး။ ဘယ်သူမဆို အောင်မြင်ကျော်ကြားတဲ့ဘဝကို ပိုင်ဆိုင်ချင်ကြတာပဲ"

"သားက မင်းသားမှ မဖြစ်ချင်တာ"

"တီတီစမ်း ... သား၊ မင်းဟာ မင်းသားဖြစ်ဖို့ မွေးလာတဲ့ ကလေး၊ မေမေ့လိုလူမျိုးက မွေးတဲ့သားဟာ မင်းသားတစ်ယောက် ဖြစ်တယ်ဆိုတဲ့ အဖြစ်မျိုးနဲ့ တစ်လောကလုံးကို မေမေ ဗော်ထားချင်တယ်

www.burmeseclassic.com



သားရဲ့ဘွားမယ် ရုပ်ရှင်ထုတ်လုပ်ရေး လုပ်တယ်ဆိုတာရဲ့ တစ်ခုတည်းသော ရည်မှန်းချက်က ဘာလို့ နှင်ထင်သလဲ။ ဓောင်မင်းသခင်က မြန်မာနိုင်ငံရဲ့အကျော်ကြားဆုံး အချောင်မြင့်ဆုံး မင်းသားဖြစ်ဖို့။ သား အဲဒီတော့ မေမေ ရှင်းရှင်းပဲ ပြောမယ်။ သား မင်းသား ဖြစ်ကိုဖြစ်ရမယ်။ အဲဒါ သား ဘွားမယ်နဲ့မေမေ့ကို ကျေးဇူးဆပ်လိုက်တာပဲ"

မေမေက ဟန်အပြည့် မာန်အပြည့်ဖြင့် စကားကိုတဆုံးပြောလိုက်တာကြောင့် သူက တကယ်ပဲ အသက်ရှူကျပ်သွားရသည်။ သူ့မေမေနှင့် ဘွားမယ် မကသေးပါဘူး။ သူ့တအိမ်လုံးမှာ ရှိရှိသမျှ လူအားလုံးဟာ အင်မတန်မှ အနုပညာစိတ်ကြီးသူတွေ ဖြစ်ကြ၏။ သူ့ကို မင်းသားဖြစ်ဖို့ မွေးလာတယ်ဟုသတ်မှတ်ကာ ငယ်ငယ်လေးကတည်းက ပိုးမွေးသလိုမွေးကာဘုရင့်သားတော်လေး တစ်ပါးလို ဖူးဖူးမှုတ်ထားကာ ဂရုစိုက်ကြတာဖြစ်သည်။ သူ အရွယ်ရောက်လာတော့ သူတို့ရဲ့ရုပ်ရှင်ထုတ်





လုပ်ရေးကနေ သူ့ကို တိုက်ပိုင်မင်းသား တင်ရိုက်တော့မယ်ဆိုတော့ ပြဿနာက စပြီဖြစ်သည်။

သူဆိုတဲ့ ကောင်ကလည်း နဖပ်နေအောင် ကိုယ့်ကိုယ်ကိုယ် နေတယ်ဆိုသော်ငြားလည်း မင်းသားဆိုတဲ့ Life ကိုတော့ လုံးဝဝါသနာမပါ စိတ်မဝင်စားတာပဲဖြစ်၏။

သူဝါသနာပါတာက စီးပွားရေးသမားဖြစ်ဖို့။

နောက်ပြီး အပင်တွေစိုက်ကာ ပန်းဥယျာဉ်ခြံတစ်ခုကို စီးပွားဖြစ်လုပ်ဖို့ plan တွေ ထား,ထားတာ ဖြစ်၏။

"ဟား ... သား အဲဒီဘဝမျိုး မကြိုက်ဘူး မေမေ။ သား သာ ဝါသနာပါခဲ့ရင် ဘွားမယ်ရဲ့ ရုပ်ရှင်ထုတ်လုပ်ရေးမှာ အစကတည်းက မင်းသားလုပ်ဖို့ ဘွားမယ်ကို ပြောတော့မှာပေါ့ ...

သားက စီးပွားရေးလုပ်ချင်တာ။ ပန်းဥယျာဉ်ခြံတွေဖွင့်ပြီး နိုင်ငံတကာနဲ့ ဖက်စပ်စီးပွားရေးတွေ လုပ်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"တော် ... တန် ... တိတ်တော့၊ အမိယ်လေး ... မူးလိုက်တာ ... မူးလိုက်တာ။ ဒေါ်မြင့်မိုးမယ်ရဲ့ခြေး မီးမီးပိုးဖြူရဲ့ သားက ... စန်းခြဲဖွင့်စားမယ်"

"ပန်းခြံ မဟုတ်ပါဘူး။ ပန်းဥယျာဉ်ခြံ"

"တိတ်စမ်း။ မောင်မင်းသခင် ... မင်းရဲ့နာမည်၊ မင်းရဲ့ရုပ်ရည်၊ မင်းအခွင့်အတာန်းနဲ့ဟာယ်။ သား ... မင်းကို မေမေ မေမမှာဝအကြောင်း ပြောပြထားပြီးသားနော်။ မေမေလို ရုပ်ဆိုးဝန်းဆိုးဘဝမှာ ဘာမှမရှိတဲ့ လူညဘဝက နေ အမြင့်ဆုံးဘဝကိုရောက်အောင် တယ်တင်ပို့ပေးတာဟာ မင်းရဲ့ဘွားမယ်ပဲ။ ဘွားမယ်တာ မင်းကို ရုပ်ရှင်မင်းသား သိပ်ဖြစ်စေချင်တာ။ ဒီတော့ မေမေ့ကျေးဇူးကို ကော ဘွားမယ်ရဲ့ကျေးဇူးကိုပါ မင်း ဒီတစ်နည်းနဲ့ပဲဆပ်ဖို့ရှိတယ် ...

ခြင်းပါနဲ့ သားရယ်။ သားရဲ့ဘဝမျိုးကို လူတိုင်းလိုချင်ကြတဲ့ သူတွေချည်းပဲ။ မရလို့သာ ရတဲ့ဘဝမှာ



ရောင့်ရဲနေကြရတာ။ သား ... သား မေမေ့ကို ကူညီပေးသောအားဖြင့် မင်းသားဖြစ်အောင်လုပ်ပါ သားရယ်နော်။ မင်း ဘွားမယ်ဆို မင်းကို ချစ်လွန်းလို့ စည်းစိမ်တွေကို တောင်ပုံပြီး အမွေတွေ ပေးခဲ့တာ။ သူ့ရဲ့ဒီဆန္ဒလေးတစ်ခုကိုတောင် မင်း မလိုက်လျောနိုင်ဘူးလား သားရယ် ... ဟမ်"

မောင်မင်းက ဘာဆက်ပြောရမှန်း မသိစွာ စိတ်တို့ဘာ ညစ်ညျုးနွမ်းနယ်လို့ သွားလေသည်။ ဘွားမယ်ရဲ့ ကျေးဇူးတွေကိုဆပ်ဖို့ မေမေ့ရဲ့ သူ့ကိုယ်သူ ရုပ်ဆိုးတယ်ဆိုတဲ့ သိမ်ငယ်မှုတွေ မော်ကြွားမှုအဖြစ် ပြောင်းနိုင်ဖို့ သူ ဘာဆက်လုပ်ရမလဲ။

မောင်မင်းက ငိုင်နေရုံကလွဲပြီး ဘာ့ပြန်မှ ဘာပေးရမှန်း မသိတော့ချေ။

❀ ◆ ❀

www.burmeseclassic.com



“ဟယ် ... ဘယ်လို ... အိုးစ် ... ကျေနပ်တယ်။ ဒါမှ ဘွားမယ်ရဲ့မြေး”

မယ်က ရင်ထဲမှာ ငြိမ်းချမ်းသော စမ်းချောင်းလေး စီးဆင်းသွားသလို အေးခနဲ ဖြစ်သွားကာ စိတ်ထဲမှာ အေးချမ်းလွန်းလွန်းလွန်းအားကြီးလို့ ချစ်ရတဲ့ မြေးသားလေး မောင်မင်းရဲ့ နဖူးထက်ကို အနမ်းတစ်ပွင့် ပေးလိုက်သည်။ သားသားက ငြိမ်သက်စွာ မယ့်အနမ်းကို ခံယူတာကြောင့် မယ်က ချစ်မြတ်နိုးရွာ ပြုံးလိုက်ရင်း ...

“ကဲ ... သားလေး။ ပြောပါဦး ... ဘွားမယ်ကို။ သားလေး ဘာလိုချင်သလဲ”

“ဘာမှမလိုချင်ပါဘူး ဘွားမယ်။ သား အရမ်းပြည့်စုံပါတယ်။ သားရဲ့တစ်ဘဝလုံး စိတ်ချမ်းသာအောင် ဖြည့်ဆည်း





ပေးတဲ့ ဘွားမယ်ကိုလည်း စိတ်ချမ်းသာစေချင်တယ်။ မေမေ့ကိုလည်း စိတ်ချမ်းသာစေချင်တယ်။ သား အတတ်နိုင်ဆုံး မင်းသားဖြစ်အောင် ကြိုးစားပါမယ်”

“အို ... သားရယ်၊ စိတ်ထဲမှာ ရေခဲချောင်း ပြုတ်ကျလာသလိုပဲ။ အေးသွားတာပဲ။ သားရဲ့ရုပ်ရည်၊ သားရဲ့ body structure နဲ့ဆို အစစ်မတွေက ကြွေပြီးသား။ သားကို အောင်မြင်အောင် ဘွားမယ် အစွမ်းကုန် ပံ့ပိုးပေးနိုင်တယ် ...

ကျေနပ်တယ် ... ကျေနပ်တယ်။ ဟဲ့ ... ပိုးဖြူ ... ရှင်ကတော့ မော်ချီပြီး ချေချနေတော့မှာ ကျွန်မကတော့ မြင်ယောင်သေးတယ်။ Super မင်းသားအမေ ခေါ်ချေချေဆိုပြီးတော့လေ”

“ဟယ် ... မယ်မယ်နော်”

“အမယ်လေး ... ကျုပ်က စတာပါ။ စနိုပေါ့အေ။ အဖွေ့ပေါ့။ ဟင်း ဟင်း ... ကျွန်မ အရမ်းပျော်တယ်။ သား ... အဲဒီတော့ အမြန်ဆုံး စီစဉ်လိုက်တော့မယ်နော်။ ဘွားမယ်ရဲ့မိတ်ဆွေလုပ်ငန်းရှင်တွေက သားနဲ့ကြော်ငြာရိုက်ချင်နေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ကားရိုက်ဖို့ စီစဉ်နေတဲ့စပ်ကြားမှာ သားကို မရှိသတ်နဲ့ မိတ်ဆက်ပေးတဲ့ အနေနဲ့ ကြော်ငြာတွေ မဂ္ဂဇင်းဓာတ်ပုံတွေနဲ့ သားကို မရှိမိုးရှင်း လုပ်ပြစ်ရမယ်။ ဟား ... ဘွား

မယ်ရဲ့ဘဝမှာ အခုမှပဲ သာယာတော့တယ်။ ကျေနပ်တယ်

မယ်က အလွန်တရာမှ ပျော်ရွှင်စွာဖြင့် ကျေနပ်နေရ၏။ မယ်တို့လောကမှာ မယ်ဟာ အောင်မြင်ကျော်ကြားတဲ့ ရုပ်ရှင်မင်းသားရဲ့ မယ်မယ်ကြီးအဖြစ် ဂန္ထဝင်စာတင်ကာ ချေ နိုင်တော့မှာ ဖြစ်သည့်အတွက် ရင်ထဲကို အေးလို့သွားရတာ ဖြစ်သည်။

❀ ✧ ❀



တမီးလား ...။

တမီးက ဘိုလိုလည်း နည်းနည်းပါးပါး

မှတ်တတ်တယ်။

ခရု(cute) ... အိုး အို မိုင်နာပါ။

စက်ဆီ(sexy) ... မွေးကတည်းက ထော်လာတာ။

တမီးလို

ဘယ်ဘက်ကကြည့်ကြည့် ပါဖက်(Perfect)နေတဲ့

ရှားရှားပါးပါး ခရုဆီလေးဆိုတော့

ကြော်ချင်တဲ့သူတွေ

ဝိုင်းဝိုင်းလည်ဒယ်။ ။

❀ ✧ ❀





www.burmeseclassic.com

www.burmeseclassic.com



(၂)

ပိုးတီက အနောက်ကနေ တောက်လျှောက်လိုက်လာတဲ့ ချေးဒုပ်ကြောင့် ရင်ထဲမှာ တကယ်ပဲ ကလိ ကလိ ဖြစ်လာရသည်။ ကလိ ကလိ ဆိုတာက အင်မတန်မှ ရင်ခုန်လွန်းအားကြီးလွန်းလို့တော့ မဟုတ်။ ပိုးတီရဲ့အလိပ်လိုက် အလိပ်လိုက် တက်လာသော ဒေါသတွေက ကလိ ကလိ တက်လာတာပဲဖြစ်သည်။

"ပိုးတီ ... ပိုးတီ ... ကိုယ်ပြောတာကို ခဏလေးနားထောင်ပေးပါဦးကွာ။ ကိုယ် ပိုးတီကို တကယ်ချစ်တာပါ"

"ဟဲ့ ... ဒီမှာ မင်းထိုက်။ နင် ငါ့ကို နှောင့်ယှက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"နှောင့် ... နှောင့်ယှက်တာ မဟုတ်ရပါဘူး။ ကိုယ်က ချစ် ... ချစ် ... ချစ်တာပါ"

ပိုးတီက မတန်မရာ မထော်မနန်းတွေ လာနှောင့်နေသော မင်းထိုက်ကို တကယ်ပဲ စိတ်တိုလာရကာ ဘုတောပြေပစ်လိုက်တော့၏။

"ဘာ ... ချစ်တာ ... ဟုတ်လား။ နင့်နှယ်ဟယ်။ ရူးနေလား နင့်လိုကောင်က ငါ့ကို ချစ်စရာလား"

"ချစ်တာပဲ ပိုးတီရယ်။ နင်နဲ့ ငါက တစ်ရပ်တည်း တစ်မြို့တည်းသားချင်းဟာ။ ငါ့မှာလည်း ချစ်ခွင့်လေးတော့ ရှိတာပေါ့"

ပိုးတီက တကယ်ပဲ စိတ်ကပေါက်လာပြီဖြစ်၍ သည်းခံနိုင်တဲ့စိတ်က တစ်စက်ကလေးမှ မရှိနိုင်တော့ဘဲ နဂါးမှန်းသိအောင် အမောက်က ထောင်ပြရတော့သည်။

"ဩော် ... ဟော ... ချစ်ခွင့်လေးတော့ ရှိချင်သေးတယ်ဟုတ်လား။ ဟက် ... ဟက် ... ဒီမှာ ... ငါ့ကိုယ်ငါ ရိုးထ်အကျုံ့ခံပြီး ပြောပြလိုက်မယ်။ ရွာနားကမြက် ရွာနားမစားဘူးဆိုတဲ့စကား နင် မကြားဖူးဘူးလား ... ဟမ်"



"ကြား ... ကြားဖူးပါတယ်။ ဒါပေမဲ့ဟာ။ ငါကလည်း အခြေနဲ့ အနေနဲ့ပါ။ အဖေနဲ့အမေက မက်မန်းခြံတွေပိုင်တယ်၊ ငါလည်း ဒီမြို့မှာ လူချမ်းသာပါပဲ"

"သွားစမ်းပါ။ ဘာလူချမ်းသာလဲ။ ဒီမှာ ... မင်းထိုက်၊ နင့်ကို ငါ မကျေနပ်နေဖက် သူငယ်ချင်းဆိုတဲ့ မျက်နှာနဲ့ ဒီလောက် လက်ခံစကားပြောနေတာ။ နင့်လို ကောင်မျိုးကို ငါက စာရင်းကို မရှိဘူး ...

နင့်အဖေတွေ အမေတွေ ဒီလောက်လေး ပိုင်ဆိုင်တာနဲ့ ငါက ဟယ် ပေးရမှာလား။ ဟက် ... ဒီလောက်နဲ့ တက်မလာနဲ့။ တောက်ချပစ်လိုက်မယ်။ နင် ဆက်လိုက်လာရင် လာကြည့်၊ ဆိုင်ကယ်အတိုက်ခံပြီး နင် ဂန့်သွားတဲ့သတင်း ဒီမြို့မှာ ကြားသွားစေရမယ်။ ဖယ် ... ဖယ်။

ပိုးတီက အမြင်ကတ်လှစွာဖြင့် အပြတ်ဟိန်းဟောက်လိုက်ကာ မင်းထိုက်ကို ထားခဲ့၍ ကိုယ့်ရဲ့ဆိုင်ကယ်လေးဆီ ထွက်သွားကာ ခြံထဲကို မြန်မြန်လေး မောင်းလာခဲ့တော့သည်။ ပိုးတီအတွက် ကြီးမားသော စိတ်အနှောင့်အယှက်ကို ဖြစ်

www.burmeseclassic.com



နေတဲ့ကိစ္စကတော့ အဲဒီယောက်ျားတွေရဲ့ ပိုးပန်းခြင်းကို နှိမ့်ရှုံ့ခံနေရခြင်းပဲဖြစ်၏။ ပိုးတီအကြောင်း သိနေလည်း တကယ့်ကို စွတ်တွေကြောင့် ပိုးတီဟာ တကယ် စိတ်ရှုပ်ရတာဖြစ်သည်။

ပိုးတီရဲ့စတိုင်လ်ကတော့ Country style ရှပ်အကျီနှင့် ဂျင်းဘောင်းဘီတွေဝတ်ကာ သဘာဝဆန်အောင် နေတတ်ခြင်းက စိတ်ဝင်စားစရာလေး တစ်မျိုးဖြစ်ကာ ကောင်လေးတွေရဲ့ natural queen ဖြစ်နေတာဖြစ်၏။ ပိုးတီ ဆိုတာနှင့် ပိုးတီ တစ်ယောက်တည်း မဟုတ်ဘူး ဆိုတာကိုလည်း သူတို့သိရက် လိုက်ရဲတာကတော့ အာဂသတ္တိ မဟာယောက်ျားတွေပဲ ဖြစ်ပါသည်။

ပိုးတီကိုချစ်ရင် ပိုးရှိရဲ့ background (ဘက်ခရောင်း) ကိုပါ ချစ်ရမယ်ဆိုတဲ့ ဖလော်ကို အရင်ဆုံး သူတို့သဘောပေါက်သင့်လေ၏။ ဘက်ခရောင်းဆိုလို့ တစ်မျိုးတော့ မထင်လိုက်ပါနဲ့နော်။ ပိုးတီရဲ့နောက်ခံတွေနဲ့ မိတ်ဆက်ပေးပါ့မယ်။

ပိုးတီက ဆိုင်ကယ်ပေါ်က ဆင်းလိုက်တာနှင့် ဝါးပက်လက်ကုလားထိုင်မှာ သတင်းစာဖတ်နေတဲ့ ပိုးတီရဲ့အဖိုး





ကိုတိုးကျော်က အကဲခတ်မျက်လုံးတို့ဖြင့် လှမ်းကြည့်လေ၏။ ဟုတ်ကဲ့ ... အဲဒါ ပိုးတီရဲ့ဘက်ခရောင်းတစ်ခုပါ။ အစ်ကိုဟာ အင်မတန်မှ ဒေါသကြီးသလို ထစ်ခနဲဆို ရိုက်မယ်ဆိုတဲ့ အမျိုးထဲကပါ။

နောက်ပြီးတော့ ပိုးတီ ထပ်မိတ်ဆက်ပေးရဦးမယ်။ ပိုးတီဆီ အမှ စည်ပိုင်းကြီးလိမ့်လာသလို လိမ့်လိမ့်, လိမ့်လိမ့်နဲ့ လာနေတဲ့ နှစ်ယောက်ကတော့ ပိုးတီရဲ့ချစ်လှစွာသော မေမေနဲ့ မေပါ။ သူတို့နှစ်ယောက်ကလည်း အဲဒီလို ကာရိုက်တာတွေရှိလေပါသေးတယ်။

"ဟဲ့ ... ပိုးတီ၊ နင့်မျက်နှာ သိပ်မကောင်းပါလား ညီမလေး။ ဘာဖြစ်လာတာလဲ ... ဘယ်အကောင် လိုက်နှောင့်ယှက်လို့လဲ မမကို ပြောစမ်း"

မမရွှေဘင်က ဒေါသတကြီးဖြင့် မေးနေတဲ့အချိန်မှာ မေမေကပါ ပိုးတီရဲ့လက်မောင်းတွေကို လှုပ်ယမ်း၍ ...

"ဟုတ်တယ် သမီး ... ပြောစမ်း။ ဘယ်အကောင် အမေ့သမီးကို အနှောင့်အယှက် ပေးပြန်ပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီရဲ့ တစ်အိမ်သားလုံးက ပိုးတီကို အဲသလို သည်းသည်းမဲမဲ လှုပ်ချစ်ကြတာဖြစ်၏။ နောက်ပြီး အဲဒီလို ဒေါ်တွေ မောင်တွေဖြင့် ပိုးတီကို မေးလေတိုင်း ပိုးတီကလည်း မခြွင်းလို့ရယ်မှမချန် ပြောပြတာဖြစ်သည်။

"ဘယ်သူရှိရမလဲ မေမေရဲ့။ ဟိုအကောင် ... မင်းထိုက်ပေါ့။ ပိုးတီနောက်ကို တကောက်ကောက်လိုက်ပြီး ရည်းစားစကား လိုက်ပြောတယ်။ ပြီးတော့ သူ့မိဘက မက်မန်းခြံပိုင်ရှင်တွေတဲ့။ သူကပဲ လူချမ်းသာစာရင်းဝင်လို့ သူ့ပြန်ကြိုက်ရမယ့်ပုံစံနဲ့။ တကယ်ပဲ ... စိတ်တိုလိုက်တာ"

"ဘာ ... ဒီကောင်က ငါ့ညီမကို။ ပိုးတီ ... ပြောစမ်း။ အဲဒီကောင်က ဘယ်ကကောင်လဲ။ ငါ သွားရှိတ်မယ်"

ကိုကြီးက သတင်းစာဖတ်နေရာကနေ ဝုန်းခနဲထလာကာ ဒေါ်တွေ မောင်တွေဖြင့် ပိုးတီအနားရောက်လာတော့ ကိုကြီး ထကယ်သွားရိုက်တော့မှာစိုး၍ ပိုးတီမှာ အသည်းအသန် တားရတော့လေသည်။





"ထားလိုက်ပါ ကိုကြီးရာ။ အေးဆေး ... အေးဆေး။ ဒီလောက်ကတော့ ပိုးတီ ရှင်းလည်း ဖြစ်ပါတယ်။ ကိုကြီးကော မေမေနဲ့ မကြီးကော ဘာမှစိတ်မပူနဲ့။ ဒီအမှိုက်လောက်ကတော့ ပိုးတီ ရှင်းနိုင်ပါတယ်။ အပြတ်ဖြတ်ခဲ့လိုက်ပြီ"

"ညည်း သေချာတယ်နော် ပိုးတီ။ လျှို့မထားနဲ့။ ငါကသွားရိုက်မှာ"

"ဟုတ်တယ် ပိုးတီ။ ပြောစမ်း ... နင် လျှို့မနေနဲ့"

ကိုကြီးနဲ့ မကြီးက ဒေါ်တွေ မောင်တွေဖြင့် ပိုးတီဘက်က 100% ထောက်ခံမှုအတွက် ရိုက်မယ် တကဲကဲ လုပ်နေတာကြောင့် ပိုးတီက ဒီတစ်ပွဲအတွက်ကတော့ ကိုယ်ကိုယ်တိုင်ပဲ အပြီးဖြတ်လိုက်တာကြောင့် ဒေါသူပုန်တွေ ထနေတဲ့ ကိုကြီးနဲ့ မကြီးကို တားမြစ်လိုက်ရသည်။

"ဩော် ... တကယ် ပိုးတီက ညာစရာလား။ ဒီလောက်ကတော့ ကိုယ့်ဘာသာ ရှင်းနိုင်ပါတယ်။ ခုဟာက ပြောပြတာ။ ကဲ ... ကဲ ... မေမေကော ကိုကြီးနဲ့ မကြီးကော ဒေါသလေးတွေလျှော့။ Ok "



www.burmeseclassic.com

www.burmeseclassic.com



"ညည်းနော် ... ညည်း။ အဲဒီလို သိပ်ကဲလွန်းလို့ စိတ်မချ ဖြစ်နေရတာ"

"အမယ်လေး ... ဘာမှ စိတ်မချ ဖြစ်စရာကို မရှိတာ။ ကျွန်တော်က ပဲပိုးတီလေဗျာ။ တော်ရုံတန်ရုံလောက်က တော့ တောက်ချလိုက်မှာ။ ဟဲ ... ဟဲ"

ပိုးတီက အနိုင်နဲ့ပိုင်းပြောရင်း နွားတဲတွေဘက်ကို ထွက်လာခဲ့လိုက်သည်။ ဒီအချိန်ဆို ပိုးတီရဲ့သူငယ်ချင်းတွေကို အပြင်ထွက် ဖလန်းခိုင်းဖို့ အချိန်တန်ပြီမို့ ပိုးတီရဲ့ခော်ဒါတစ်ရ ဆီသို့သွားကာ နွားကျောင်းသူလေးလုပ်တော့မှာ ဖြစ်၏။

❀ ✧ ❀

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဝင်စားဖွယ်ရာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ရွှေစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"





ပိုးတီက TV က လာနေတဲ့ ကိုရီးယားကားမှာ မင်းသားအဆင်လေးကို အော်လီမနစ်ယောက်က ရင်ထု လင်လု နေတဲ့အခန်းမို့ ရယ်ရကာ အရမ်းတွေ စိတ်ဝင်တစား ကြည့်နေတုန်း ကြော်ငြာက ဝင်လာတာမို့ စိတ်က မီးပျက်သလို ခံစားရကာ ဟင်းခနဲ အော်မိသွား၏။

"ဟား ... ကြော်ငြာကလည်း တကယ်ပဲ။ အရေးကောင်းပြီဆို ဖျက်ပြီ။ ဟင်း ... facebook ပဲ သုံးတော့မယ်"

ပိုးတီက ဖုန်းလေးကိုဖွင့်ကာ Data connection on လိုက်လျှင် ဒီအချိန်က ညခုနစ်နာရီခွဲမို့ ထုံးစံအတိုင်း အဝိုင်းလေးက လည်တည် လည်တည်ဖြင့် အဝိုင်းကမွှေ့နှာန်းရှုံကာ စိတ်က မရှည်စွာ ကျွတ်တွေ ကျစ်တွေ အာမေဍိတ်ပြုနေတုန်း မကြီးဆီက အသံစာစာတစ်ခုက နားထဲကို ဖြတ်စီးလို့ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ချောလိုက်တာ။ ချောလိုက်တာ"

ပိုးတီက မကြီးရဲ့ ကြိတ်မနိုင်ခဲမရ လေသံကြောင့် မကြီးရဲ့မျက်နှာကို ကြည့်လိုက်လျှင် မကြီးရဲ့မျက်လုံးတွေက ကျိုင်တွေလို အရစ်တက်နေကာ TV ဖန်သားပြင်ကို မျက်လုံးမလွှဲ ကြည့်နေတာကြောင့် ပိုးတီက မကြီး ဘာကိုများ စိတ်ဝင်တစား ကြည့်နေတာလဲ သိချင်တာမို့ ပိုးတီက TV ဖန်သားပြင်ကို လှမ်းကြည့်မိသွား၏။

ဟယ် ...။

ပိုးတီက မျက်လုံးလေး ကလယ် ကလယ် တကယ်ပဲ ဖြစ်ရလေ၏။ TV ကြော်ငြာတစ်ခု။ ရုပ်အင်္ကျီကြော်ငြာဖြစ်ကာ ကြော်ငြာတဲ့ မင်းသားလေးက ထိုင်းမင်းသားလေးလား၊ ကိုရီးယားမင်းသားလေးလား ထင်မှတ်မှားရကာ ရင်ထဲမှာ ဖိုးသိုးဖပ်သပ်တွေ ဖြစ်ရလေ၏။ အဲဒါ ... အဲဒါ ... နိုင်ငံခြားမင်းသားများလား။ အဲဒီလိုတော့ မဟုတ်။ သူနဲ့တွဲထားတဲ့ မင်းသမီးက (......)ပဲ ဖြစ်၏။





"ဟယ် ... စင်လိုက်တာ။ ဘယ်သူလေးပါလိမ့်"

"အွန်းနော်"

ကြော်ငြာက ပြီးသွားပေမယ့် မပြီးနိုင်ဘဲ ရင်ထဲမှာ ကျန်နေတဲ့ သူတွေကတော့ ပိုးတီနှင့် မကြီးပဲ ဖြစ်လေသည်။ မကြီးက အလွန်ကြွ အကြွလွန်သော လေသံကြီးဖြင့် ဘူလေးပါလိမ့် လုပ်နေချိန်မှာ ပိုးတီကပါ သံယောင်လိုက်၍ အွန်းနော် လုပ်မိတဲ့နောက်မှာတော့ မကြီးက မိုးတိဘက်ကို လှည့်ကြည့်တာ ...

"အမယ် ... ပိုးတီ၊ ညီမလေးကတောင် ထောက်ခံတယ် ဟုတ်လား"

"ဪ ... မကြီးကလည်း ပိုးတီလည်း ကြိုက်တတ်ပါတယ်။ အဲဒီ မင်းသားလေးက တကယ်ချောလို့ ပြောတဲ့ဟာ"

"ဟက် ... ဟက် ... ရှားရှားပါးပါးပါပဲ။ မှတ်တမ်းတင်ထားရမယ်။ ပိုးတီကြိုက်တဲ့ မင်းသာဆိုပြီးတော့လေ"



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီက သွားတက်လေးတွေပေါ်အောင် ရယ်လိုက်ရင်း ဘာမှဆက်မပြောတော့ချေ။ ကြည့်နေတဲ့ ကိုရီးယားကားကလည်း ပြန်လာပြီဖြစ်တာကြောင့် ပိုးတီက စိတ်အာရုံတို့ကို ကိုရီးယားကားထဲမှာပဲ ပြန်လည်နှစ်မြှုပ်လိုက်တော့သည်၊





(၃)

"သားရေ ... ဟောဒီမှာ Scene Serial (ဇာတ်လမ်းအခန်းစဉ်)တွေရပြီ။ အကောင်းဆုံးဝတ္ထု၊ အတော်ဆုံးဇာတ်ညွှန်း၊ အမိုက်ဆုံးဒါရိုက်တာနဲ့ ရုပ်ပါအဖြစ်ဆုံး actor တွေသုံးပြီး သားရဲ့ပွဲဦးထွက်ကို ဖွင့်မှာ"

မောင်မင်းက သူ့ရဲ့လက်ထဲသို့ ရောက်လာသော Scene Serial ဖိုင်လ်တွေကို ရေတွက်ကြည့်လိုက်ရင်း စိတ်ပင်ပန်းစွာ လေပူတစ်ချက် မှုတ်လိုက်၍ ...

"အမျှားကြီးပဲနော် ဘွားမယ်"

"အမယ်လေး ... ဘယ်လိုပြောလိုက်တာလဲ သားရယ်။ မှုးလိုက်တာ။ ဒါက အကင်းပဲ ရှိသေးတယ်။ သားက တစ်သက်လုံး ရုပ်ရှင်ရိုက်နေရမှာလေ။ သားရဲ့ပထမဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပွဲဦးထွက်ဓာတ်ကားတွေကို မယ်မယ်က နယ်ဓာတ်လေးတွေ စီစဉ်ထားတယ်။ အခန်းစဉ်တွေ ထွက်ပြီဆိုတော့ သား လိုအပ်တာတွေ စီစဉ်မယ်။ ပြီးရယ် နယ်ထွက်မယ်"

"နယ်"

သူက မျက်လုံးအပြူးသားဖြင့် သံယောင်လိုက်မိလိုက်လျှင် ဘွားမယ်က ခေါင်းညိတ်ပြရင်းက ...

"ဟုတ်တယ်လေ သားရဲ့။ ပြင်ဦးလွင်၊ မန္တလေးမှာ ကားသွားရိုက်ရမယ်။ ငါးကားရိုက်ဖို့ ဘွားမယ် စီစဉ်ထားတယ်"

"သားလေးရယ် ... မျက်နှာမဲ့မသွားပါနဲ့။ သားရဲ့အောင်မြင်မှုအတွက်ပဲလေ။ အခုဆို သား ကြော်ငြာတွေပေါက်လို့ သား အောင်မြင်နေပြီနော်။ အမေ စိန်သွားဝယ်တုန်းက စိန်ဆိုင်က မိန်းမတွေကြားထဲမှာ မျက်နှာကိုပွင့်လို့။ အဲဒါတွေက သားလေးကြောင့်လေ ...

အမယ်လေး ... သားလေးရဲ့ ရုပ်ရှင်တွေသာ ထွက်ပြီဆိုလို့ကတော့ မေမေက မျက်နှာကိုပွင့်လိုက် လူရာဝင်လိုက်မှာမှ ပြောမနေနဲ့တော့"





မေမေက ဝင်ပြောလာတာကြောင့် သူ့မှာ ဓာကယ့်ဒုက္ခနဲ့ ရင်ဆိုင်နေရတာဖြစ်၏။ အမှန်အတိုင်း ပြောရရင် သူက သူ့ဘာသာ မိုးပေါ်ထိအောင် စတိုင်လ်မလိုင် အပြည့်ထုတ်ပေမယ့် ကင်မရာရှေ့မှာဆိုရင်တော့ နေရ ထိုင်ရတာ စိတ်ပင်ပန်းတတ်သူဖြစ်၏။

သူ့ရဲ့ကုသိုလ်ကံကပဲ ကောင်းလွန်လွန်းလှစွာ TVC Commerical ကြော်ငြာငါးခု ရိုက်ကူးရာ သုံးခုက လုံးဝကိုပေါက်ကြော်ငြာဖြစ်ကာ သူ့ကို စိတ်ဝင်တစား ဖြစ်ကုန်သည်အထိ စန်းတက်တာမို့ သူဟာ တကယ်ပဲ မင်းသားဖြစ်ဖို့အကြောင်းမှာ တိုက်ဆိုင်သေချာသွားလို့နေ၏။ တစ်နေ့ တစ်နေ့ သူ့မေမေဟာ ကျေနပ်ပြီးရင်း ကျေနပ်နေကာ ဘွားမယ်ကတော့ မဟာအကြံကြီးကြံကာ ကိုယ်တိုင်ဝတ္ထုတွေဖတ် သူ့အတွက် ရင်နဲ့ခံစားကာ သူ့ဓာတ်ကားကောင်းတွေ ရိုက်ကူးရရေးအတွက် အစွမ်းကုန် Organizer ကြီး လုပ်လို့နေတာဖြစ်၏။

"ခရီးက ဘယ်တော့ ထွက်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်နှစ်ပတ်နေရင် စမယ်လေ။ ဩော် ... တစ်လက်စတည်း သားကို ပြောရမယ်။ သားရဲ့ဘဝက အခုချိန်မှာ အညွန့်တလူလူ တက်နေတာ၊ တောက်မဲ့မီးခဲ တရဲရဲဖြစ်နေတာ။ အဲဒီတော့ ဘွားမယ်က သားလေးကို အထူး အထူး မှာချင်တာ တစ်ခုပဲ။ ဘယ်အစစ်မနဲ့မှ သားလေး မသာယာနဲ့။ လျှမ်းမထနဲ့ ...

သားရဲ့ဘက်ဂရောင်းက ဘာဆိုတာကို သိကြတဲ့ သူတိုင်းက ဘွားမယ်ရဲ့သားကို စိုးကြမှာချည်းပဲ၊ ဘွားမယ်က သားကို အကြီးကြီး မျှော်လင့်ထားတာနော်။ သားလေး အောင်မြင်တဲ့ မင်းသားဖြစ်ဖို့ တစ်ခုကိုပဲ ရည်ရွယ်တာ။ တခြားတော့ စိတ်ကူးမယ် မစဉ်းစားလိုက်နဲ့နော်။ ဘွားမယ် အကြောင်း သိတယ်မလား"

သူက ဘွားမယ်ရဲ့ပုံစံကိုကြည့်ကာ ရယ်ချင်မိပေမယ့် မရယ်ရက်ပေ။ သူ့ဘဝလေးဟာလည်း တစ်မျိုးတော့ ဆန်းကြယ်တယ် ပြောရပေမည်။ ငွေကြေးအားဖြင့် အောင်မြင်မှုရှိတယ်လို့





ပြောရအောင် ကြွယ်ဝပေမယ့် မိသားစုပုံစံကတော့ ဆန်းသစ်လေ၏။ သူ မမွေးခင်ကတည်းက ပတ်ကြားအက်ခဲ့တဲ့ ဘွားမယ်ကို စုမှ ပြန်ကျားဖို့ဆိုတာ မဖြစ်နိုင်သလို ငွေကြေးချမ်းသာမှုကြောင့် ကမ္ဘာကျော် branded တွေ make up အကောင်းစားတွေဖြင့် အစွမ်းကုန် ဖွင့်ချထားသော မေမေဟာ သွားခေါ်ခေါ်ဒီနိုင်းကိုတော့ သူလည်း ပြုပြင်ပေးလို့မရချေ။

ဒါပေမဲ့ ပုံစံတွေ ဘယ်လိုပဲ လွဲနေပါစေ။ သူ့ကို သည်းသည်းလှုပ် ချစ်ကြပုံချင်းကတော့ အနည်းငယ်ရေတောင် မရောချေ။ သူ့ကို စူပါမင်းသား ဆယ်လီကြီး ဖြစ်စေချင်တာက လည်း တူညီသလို သူ့ကို ကောင်မလေးတွေနဲ့ မရှုပ်စေချင်တာက လည်း မေမေနှင့် ဘွားမယ်ရဲ့ တူညီလေသောဆန္ဒ ဖြစ်သလို သူ့ ဆန္ဒနှင့်လည်း ထပ်တူကျတာမို့ သူက ကျေနပ်စွာ ခေါင်းညိတ်တာတိပေးလိုက်၏။

"ဟား ဟား ... အဲဒါတော့ စိတ်ချပါ ဘွားမယ်ရာ။ သား ဘယ်တုန်းကများ အဲဒီလို ဖယားရှုပ်ခဲ့ဖူးလို့လဲ"

www.burmeseclassic.com



"အမယ်လေး ... မယားက ငါ့သား မရှုပ်ဘူးဆိုတာ ဟုတ်တယ်။ ဒါပေမဲ့ သိတယ်မှုလား။ ဒီခေတ် မိန်းကလေး တွေဆိုတာ စပ်စလူး နတ်ပူးသလို ဖလန်း ဖလန်းထိနေ ကြတာလေ။ ဟိုတုန်းကလို အချစ်နဲ့သာဆိုရင် ထမင်းရည် လျှက်လည်း ကျေနပ်တဲ့ခေတ် မဟုတ်တော့ဘူး။ သိန်းချီ သောင်းချီနေတဲ့ ဘရန်းဒက်တွေအတွက် ဟောဒါ(လက်မ လက်ညှိုးဝိုင်းပြ၍)လိုတယ် ...

ငါ့သားလို အဘက်ဘက်က ပြည့်စုံနေတဲ့ ရုပ်ရှိရေ လျှံ အဆင်လေးမျိုး ဆိုလို့ကတော့ တီကိုဆားနဲ့ပက်သလို ဖျပ်ဖျပ်လူးနေကြမှာ"

"အမယ်လေး ... ရိုက်လိုက်ပါဦး အမေမရဲ့။ရှင့်ရဲ့သြော် သီးတွေက အယ်ထွာဟယ်။ မှန်တယ် ... မှန်တယ်။ သား လေး ... သားအမေပြောတာ သိပ်မှန်တယ်။ မြင်းကမလှ လည်း ခုံကလှပ်မှာပဲ။ အဲဒီတော့ ... မိပိုးဖြူ ... ညည်း မင်းသားရဲ့ အမေမနော်။ ဒီကိစ္စကို အထူးတာဝန်ယူ ကာကွယ်ပါ"





"စိတ်ချပါ မယ်မယ်ရယ်။ အချိန်မတန်သေးဘဲနဲ့ ဘယ် စပ်စလူးကိုမှ လာနတ်အပူးမခံဘူး။ မင်းသားကသာ သဘော ကောင်းမှာ။ သူ့အမေကြီးကတော့ အချေပဲ"

မေမေ့စကားအဆုံးမှာ ဘွားမယ်က ကျေနပ်စွာ အမေနှင့် လက်ဝါးချင်းရိုက်ကြတာမို့ သူ့မှာ အမေနှင့်အဘွားကို ကြည့်ရင်း သဘောတကျသာ ရယ်မိသွားသည်။

သူ့ရဲ့မင်းသားဘဝကို မကြာခင်မှာ စတင်တော့မှာ မို့ သူကိုယ်တိုင်လည်း စိတ်ထဲမှာ တကယ်ကြီး ရင်ခုန်လေသည်။

❀ ✧ ❀



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီက နေကြာပန်းခင်းတွေရဲ့ကြားမှာ ဖုန်းတစ်လုံးဖြင့် မျက်လုံးတွေပြူးလိုက်၊ နှုတ်ခမ်းတွေထော်ကာ duck face လုပ်လိုက်ဖြင့် အမျိုးမျိုး အစုံစုံ ပို့စ်တွေပေးကာ Selfie တွေကို ၃၆၀ ဒီဂရီ အားကိုးဖြင့် တစ်ပုံပြီးတစ်ပုံ ရိုက်နေတာဖြစ်၏။

"ပိုးတီရေ ... ပိုးတီ။ ဝေး ... ပိုးတီး"

အဝေးကနေ လှမ်းခေါ်သံကြောင့် ပိုးတီက နေကြာခင်းတွေကြားထဲကနေ တစ်ချက် လှမ်းမျှော်ကြည့်လိုက်လျှင် လိုမ့်လိုမ့် ... လိုမ့်လိုမ့်နှင့် လာနေသော မကြီးကို တွေ့ရတာကြောင့် ပိုးတီက ဖုန်းကို ဘောင်းဘီအိတ်ထဲ ထိုးထည့်လိုက်ရင်း မကြီးဆီ အပြေးသွားလိုက်ကာ ...

"ဝေး ... မကြီးရေ ... ဒီမှာ ..."

"အမယ်လေး ... ရှာလိုက်ရတာဟယ်။ ဒီမှာ ဘာလုပ်နေတာလဲ"





"အမ် ... ဟဲ ဟဲ ... ဓာတ်ပုံရိုက်နေတာလေ။ ဘာဖြစ်လို့လဲ မကြီး။ ပိုးတီကို ရှာတာ"

"အမယ်လေး ... ညည်းကို ရှာတယ်ဆိုမှတော့ အရေးကြီးလို့ပေါ့။ ညည်း ပျာကလပ်စိန်ဖြစ်တဲ့ ကိစ္စကြောင့် အခု အမေက ရှင်းနေရပြီလေ"

မကြီးစကားကြောင့် ပိုးတီက "ဟမ်"ဆိုသော အံ့သြအာမေဍိတ်နဲ့အတူ မျက်လုံးအပြူးသားတော့ ဖြစ်သွားရသည်။ ဘာများပါလိမ့်။ ပိုးတီက ဘာများလွဲမှားနေလို့ပါလိမ့်။

"ဘာ ... ဘာဖြစ်လို့လဲ"

"အမယ်လေး ... ဘာဖြစ်ရမလဲ။ ဦးလွင်ဆီ ပို့နိုင်းလိုက်တဲ့ ကြက်ဥကတ်တွေက နင် စီစဉ်လိုက်တာ ဘဲဥတွေဖြစ်ကုန်သွားတဲ့ ကိစ္စလေ။ အမေမှာ ဦးလွင်တို့ကို တောင်းပန်လိုက်ရတာ ကြက်ဥကတ်တွေ တစ်ခါထပ်ပြီး သွားပို့လိုက်ရသေးတယ်။ နင် တစ်ယောက်တည်းနဲ့ကို တော်တော်မွှေနိုင်တာပဲ"

ဟယ် ... ဘုရားသခင်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီ အဲဒီလိုကြီးကို လွဲချခဲ့တာလား။ ပိုးတီက အိုက်လုံကို ဦးလွင် ဆိုင်အတွက် ဘဲဥကတ်တွေ သွားချနိုင်းပြီး ကတ်ထဲစီထည့်တဲ့ ဘဲဥအလုံးတွေတောင် ပိုးတီ ကိုယ်တိုင် သေချာရွေးထည့်ပေးထားတာဖြစ်သည်။ မနက်က မေမေပြောတာ ဘဲဥပါ။

"မနက်က အမေပြောတာ ကြက်ဥမဟုတ်ပါဘူး။ ဘဲဥပါ"

"အမယ်လေး ... မဟုတ်ပါဘူး ပိုးတီမရယ်။ ကြက်ဥပါ။ အမေ နင့်ကို တော်တော်ဒေါကန်နေတာနော်။ ဘယ့်နှယ့် ဟယ် ... နင်ကလည်း နင်ပဲ။ မှားတာမှ နည်းနည်းနော နော မဟုတ်ဘူး။ ကြက်ဥကတ်(၁၀၀)မှာတာကို ဘဲဥကတ် (၁၀၀) ပို့ပေးရတယ်လို့။ အမေကတော့ သေချာပေါက် ဆော်ပလော်တီးတော့မှာ။ အဲဒါ ငါကြိုပြီး သံချောင်းလာ ခေါက်တာ"

မကြီးရဲ့စကား အဆုံးတောင်မရောက်သေးခင်မှာပဲ အဝေးကနေတောင် ထင်းခနဲ မြင်ရသည့် အမေ့ရဲ့ အယ်စတုံ ကိုယ်လုံးကြီးက လိမ့်လိမ့်, လိမ့်လိမ့်ဖြင့် သွက်သွက်လေး





ဒီဘက်ကို လျှောက်လာကာ လက်ထဲမှာကလည်း ကြိမ်လုံးပါလာ တာမို့ ပိုးတီက အမေတော့ ဆော်ပလော်တီးတော့မယ်ဆိုတဲ့ Sense က ကြိုရနေတာကြောင့် ပိုးတီက အမေနှင့် ကံဆိုးမွှာပင် ချက်လုံးချင်းသွားဆုံကာ ဆုံပြီးသကာလမှာ ပိုးတီက "ဟယ်"ဆို ပြီးသွားသလို မေမေကလည်း ပိုးတီကို ဒေါနှင့်မောဖြင့် အော်ဟစ် ဟယ်တော့တာဖြစ်၏။

"ပိုးတီမ ... နင် မပြေးနဲ့စမ်း။ နင့်အပြစ် နင်လာဝန်ခံ"

"ပိုးတီ ... ပိုးတီ မှားပါတယ် မေမေရယ်။ အား ... အား မကြီးရေ ... လုပ်ပါဦး"

"ဟဲ့ ... လာဆို ... လာလို့ ... ပြောနေတယ်။ ငါ့ကို ညည်းက အကဲစမ်းနေတာလား။ ထွက်ခဲ့စမ်း ... ငါ့အရှေ့ ကို"

ပိုးတီက မကြီးရဲ့ကိုယ်လုံးကို အကာအကွယ်ပြုကာ အမေ့ကြိမ်လုံးကို ပတ်ရှောင်နေချိန်မှာ မေမေက ကြိမ်လုံးသံ တချွန်းဖြန်းပေးကာ အရှေ့ထွက်ခိုင်းတာမို့ ပိုးတီက ကြောက် ကြောက်လန့်လန့်ပုံလေးဖမ်းကာ ခပ်တုံ့တုံ့ ရှေ့ကိုထွက်လာလျှင်



www.burmeseclassic.com

www.burmeseclassic.com



မမေက ကလေးတစ်ယောက်ကို ဆောင့်ဆွဲသလို ဆောင့်ဆွဲလိုက်ရင်း ...

"လာစမ်း။ ဒီလောက်ထိ တက်တက်စင် လွဲရသလား ညည်း ကိုယ့်အပြစ် ကိုယ်သိတယ်နော်။ ငါလေ ... တောက် ... ရိုက်တော့မယ်"

မမေက ပြောရင်း လက်ကပါ ရွယ်လာတာနဲ့ ပိုးတီက မမေ့ကို အသည်းအသန် တားရရင်း ...

"အဲ ... အဲ ... မ ... မလုပ်ပါနဲ့ မမေရယ်။ ပိုး ... ပိုးတီ မှားပါတယ်။ နောက် မဖြစ်စေရတော့ပါဘူး"

"ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ။ ညည်းအေ ... ဒီတစ်ခါတော့ ငါ တော်တော် ဒေါသဖြစ်တယ်။ ဘယ့်နှယ် ဒီလောက် လွဲရတယ်လို့။ တယ် ..."

"ကဲ ... ကဲ ... တော်ပါတော့ မမေရယ်။ သမီးလည်း ပိုးတီကို ဆူထားပါတယ်။ ဒါကြီးကို ရိုက်နေလည်း မထူးဘူး အပြစ်သာပေးလိုက်"

"ဟား ... မကြီး"





မကြီးက ပိုးတီဘက်က 100 % အပြည့်မပါဘဲ မမေ့ကိုတောင် အကြံဉာဏ်ပေးသူကြီး လုပ်နေတာကြောင့် ပိုးတီက မကျေမချမ်းဖြင့် မကြီးကို ကြည့်လိုက်လျှင် မမေရဲ့ လက်က ပိုးတီ ခေါင်းကို ဒက်ခနဲရောက်လာကာ ပွခနဲ ဖြစ်သွား၏။

"ဟား ... မမေကလည်း"

"မမေကလည်း လုပ်မနေနဲ့။ ညည်း ဘာမှ ကိုယ့်အစ်မကို ပြဿနာသွားရှာမနေနဲ့။ ညည်း ဒီနေ့ လုပ်ချလိုက်တာ ငါ့မှာ တောင်းပန်လိုက်ရတာ ပြောမနေနဲ့တော့။ ညည်း မနက်ဖြန်ကစပြီး တစ်လတိတိ ကြက်ခြံသန့်ရှင်းရေးလုပ်ရမယ်။ ရှိသမျှ အလုပ်မှန်သမျှ အားလုံးကို တရစပ်လုပ်ရမယ် အဲဒါပဲ"

"ဟမ် ... မေ ... မေ"

"ဘာမှ မမေ့နဲ့။ ငါက ဒါဆို ဒါပဲ။ အထွန့်ဘာမှမတက်နဲ့၊ မနက်ဖြန်မနက် မိုးလင်းတာနဲ့ ကြက်ခြံမှာ မြင်ချင်တယ်။ ဒါပဲ။ ဟဲ့ ... ရွှေတင် ... ညည်းက အဲ့မှာဘာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာလဲ။ လာ ... ငါနဲ့ လိုက်ခဲ့။ မြေသြဇာဗိုးတွေ သွားရှင်းရမယ် ...

ပိုးတီမ ... ဟင်း ... ဟင်း ... ညည်းနော်ညည်း။ ကြပ်ကြပ်သတိထား။ တစ်လလုံး အလုပ်နဲ့လက်မပြတ်ဘဲ။ ဘာမှ အရစ်မတက်နဲ့"

မေမေက ပိုးတီကို အပြတ်ကို ကြိမ်းသွားကာ ထွက်သွားလေလျှင် ချက်နှာတစ်ခုလုံး သံပရာသီးနှင့် အပွတ်ခံရသည့်အလား စပ်ဖျဉ်းချဉ်ဖန့်လာကာ စိတ်ရှုပ်လွန်းလွန်းလို့ ပြာလွင်လှတဲ့ ကောင်းကင်ပြင်ကြီးကို မော့ကြည့်၍ အော်ပစ်လိုက တော့သည်။

❦ ✧ ❦





(၄)

ပြင်ဦးလွင်ကိုတက်သော လမ်းကြောင်းကို ရောက်ပြီဆိုတာနှင့် ရာသီဥတုလေးက အေးမြနေကာ လတ်ဆတ်မှုကို ခံစားရသလိုရှိ၏။ သူက အဲဒီ လတ်ဆတ်မှုကို တကယ်အစစ် ခံစားချင်တာမို့ ကားမှန်ကိုချလိုက်လျှင် ဘွားမယ်ရဲ့အသံက စီခနဲ ထွက်လာကာ တားမြစ်လေ၏။

"သားလေး ... ဘာလို့ ကားမှန်ချလိုက်တာလဲ။ လေစိမ်းတွေတိုက်ပြီး အအေးပတ်သွားမှာပေါ့"

မောင်မင်းက ဘွားမယ်ရဲ့စကားကြောင့် ပြုံးရုံလေး ပြုံးလိုက်ကာ စိတ်ထဲမှာတော့ တကယ်ရယ်ချင်မိသွားသည်။ သူက တကယ်ပဲ ဖြူဥတယ်ဆိုပေမယ့် အရမ်းကြီးတော့ နုဖပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေ။ နှုပ်နေအောင် ဖန်တီးနေသူကတော့ သူ့အမေနှင့် သူ့ရဲ့ဘွားမယ်ပဲ ဖြစ်လေ၏။

"ရပါတယ် ဘွားမယ်ရယ်။ တစ်ချိန်လုံး Air Con လေတွေချည်း အသက်ရှူနေရတာ မွန်းလာလို့ လတ်ဆတ်တဲ့ တောင်ပေါ်လေလေး ရှူချင်လို့ပါ။ ဦးကို ... မှန်တွေချလိုက်ပါ"

ဒရိုင်ဘာကြီးဦးကိုက သူ့စကားအတိုင်း တစ်သွေးတစ်သံ တစ်မိန့်တည်း ကားမှန်တွေ ချလိုက်လျှင် ရှေ့ခန်းမှာ ထိုင်နေတဲ့ မေမေက သူ့ကို လှည့်ပြန်တစ်ချက်ကြည့်ကာ ...

"သားရယ် ... တကယ်ပါပဲ။ ပြောမရ ဆိုမရနဲ့။ အပြင်လေကို မေမေ မကြိုက်ပါဘူး"

"ဒီတစ်ခါတော့ ကြိုက်လိုက်ပါ မေမေရယ်။ Fresh air ပါဗျ။ (သူက လေကို အားပါးတရ ရှူသွင်းရင်းက) ဟား ... အားအင်ကိုပြည့်ပြီး ပင်ပန်းတာတွေကို ပျောက်သွားတော့တာပဲ။ သားကတော့ ရှူရတဲ့လေတွေထဲမှာ ပြင်ဦးလွင်ကလေရယ်၊ Beach ကလေရယ်ကို အသက်ရှူ





အဝဆုံးပဲ။ ဦးကို (၂၁)မိုင်မှာ ရပ်ပေးဦးနော်။ ရှမ်းသာမှာ အညှောင်းဆန့်ရင်း ခေါက်ဆွဲရိုက်ရအောင်"

"ဟုတ်ကဲ့ ... အစ်ကိုလေး"

"ဟဲ့ ... ဟဲ့ ... အမယ်လေး။ မနားပါနဲ့သားရယ်။ သားက Cele လေ။ နေရာတကာ ကိုယ့်ရုပ်ကိုပြနေတော့ ဘယ်ဖြစ်မလဲ။ ဟိုတယ်ရောက်မှ သားလေး စိတ်ကြိုက်နားနော်"

ဘွားမယ်ရဲ့ တားမြစ်စကားသံကြောင့် သူက တကယ်ပဲ မွန်းကျပ်သွားရလေသည်။ ဟားကွာ။

"ဟာ ... ဘွားမယ်ကလည်း ဘာဆိုင်လို့လဲ"

"ဟဲ့ ... ဆိုင်တာပေါ့ သားရဲ့။ သား ... ဂျစ်မတိုက်နဲ့နော်။ မင်းက သာမန်လူ မဟုတ်ဘူး။ မင်းသား။ မေမေတို့ ဘွားမယ်တို့ ပြောတာကို နားထောင်စမ်းပါ။ ပြင်ဦးလွင် တစ်မြို့လုံးကိုနှံ့အောင် ငါသား လည်ရမှာ။ ကားရိုက်မှ တစ်ခါတည်းလာပါ သားရယ်။ သားလေးက လိမ္မာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းက ဘာမှကို ဆက်ပြောဆိုချင်စိတ် မရှိတော့ဘဲဖြင့် ကားမှန်ကိုပါ ပြန်တင်လိုက်ကာ လေးတိလေးကန်ဖြင့် ခေါင်းသာညိတ်ပြလိုက်တော့သည်။ ပြောရရင်တော့ သူတကယ်ပဲ စိတ်ကညစ်ကာ မွန်းကျပ်နေပြီဖြစ်၏။ သူတို့တွေဟာ ပြင်ဦးလွင်မှာ ကားရိုက်ဖို့ လာကြတာဖြစ်သည်။ သူ့ရဲ့ပွဲဦးထွက် ဗီဒီယိုဇာတ်ကားတွေ ရိုက်ကူးရန်အတွက် ဘွားမယ်က Producer အနေနဲ့ကော၊ မင်းသားရဲ့အဘွားအဖြစ် အင်မတန်မှ ထောင့်စေ့အကွက်စေ့အောင် စီစဉ်ကာ မေမေကတော့ သူ့ရဲ့အစစအရာရာ မန်နေဂျာအဖြစ်လည်းကောင်း၊ မင်းသားအမေအဖြစ်လည်းကောင်း သူ့ကို အရင်ထက် အဆတစ်ရာပို၍ ဂရုစိုက်တာကြောင့် သူ့မှာ နေရထိုင်ရတာတော့ တကယ်ပဲ ခက်နေလေ၏၊

မောင်မင်းက ပြင်ဦးလွင်မြို့ရဲ့ လတ်ဆတ်နူးညံ့တဲ့ ရှုခင်းတွေမှာ ၁၀၀ ရာခိုင်နှုန်း ပျော်ဝင်ခြင်း မရှိတဲ့အတွက်တော့ တကယ် ခတ်ပျက်ရ၏။ အရင် ပြင်ဦးလွင် လာတုန်းကဆို သူက အသားကုန် ကဲနေကြ။ ခုများတော့ အရင်နဲ့မတူ ခြားနားစွာ ခြွေရံသင်းပင်းများစွာနှင့်ဖြစ်၏။ သူ့ဘွားမယ်နှင့် မေမေက





သိကြတော်မူတဲ့အတိုင်း အချေတွေမို့ ဒီခရီးကိုလာတာဟာ ကားနှစ်စီးနှင့်ဖြစ်၏။ သူတို့အတွက် စီစဉ်တဲ့ကားက BMW X5 ဖြစ်ပြီး သူ့ရဲ့မာမီ၊ ပြီးတော့ ကောင်လေးတွေနှင့် သူ့အဝတ်အစားတွေအတွက်ကတော့ Alphard တစ်စီးသုံးကာ ပြင်ဦးလွင်ကို တက်လာတာဖြစ်သည်။

မောင်မင်းက ကိုယ့်ထက် ဝါရင့်သမ္ဘာရင့်တဲ့ စီနီယာအနုပညာရှင်တွေရှေ့မှာ အိုဗာတင်းတွေ ဖြစ်နေမှာစိုးလို့ ငြင်းပါသော်လည်း ဘွားမယ်ဟာ လုံးလုံးလက်မခံတာကြောင့် သူဟာ မငြင်းဆန်နိုင်စွာ အားလုံးကို သဘောရှိ ခေါင်းညိတ်ပေးနေရတာကြောင့် သူ တကယ် အနေရကျပ် အထိုင်ရကျပ် ဖြစ်ရတာဖြစ်၏။

ဘာပဲဖြစ်ဖြစ် သူ့အတွက် သာမန်ကောင်လေးဘဝကနေ ဘွားမယ်နှင့်မေမေ အင်မတိ အင်မတန်မှ ဖြစ်စေချင်လှသော ရုပ်ရှင်မင်းသားဘဝဖြစ်အောင် ကူးပြောင်းရမည့် အကူးအပြောင်း ကာလတွေမှာ သူ စိတ်ပင်ပန်းမယ်ဆိုတာကိုတော့ ကြိုတင် mood သွင်းထားပြီးသား ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်ပေါ့။ ပြင်ဦးလွင်ဟာ မင်းသားတစ်ယောက်ရဲ့ဘဝအတွက် လတ်ဆတ်မှုတော့ဖြစ်ဖို့ မျှော်လင့်လေသည်။

❦ ✧ ❦





"ကျွန်မကလေ ဘယ်လိုပြောရမလဲ။ quantity (အရေအတွက်)ကော quality (အရည်အသွေး)ကိုပါ နှစ်ခုလုံး အရေးထားတာနော်။ ဒီတစ်နှစ်အတွင်းမှာ သားသားက ရှုပါမင်းသားဖြစ်ဖို့ ဒါရိုက်တာကြီးကပဲ အကောင်းဆုံးပံ့ပိုးပေးမှာ။ သားသားကို အပ်ပါတယ်"

"ဟုတ်ပါတယ်။ ကျွန်မက သားသားရဲ့အမေ ဆိုတော့ သားသား တစ်ခုခုလိုအပ်တာ ဘာညာဆို ကျွန်မကိုပြောပါ။ သားသားက သိပ်အေးတာ။ သိတယ်မှုလား။ ကလေးက အနုပညာကို ဝါသနာပါလွန်းလို့လေ ... ဟင်း ... ဟင်း"

ဒေါ်မြင့်မိုးမယ် ဆိုတဲ့ ဂန္ထဝင်ခြောက်ကြီးရယ် ဒေါ်မိမိုးပိုးဖြူ ဆိုတဲ့ မေမေခေါ်ရယ်၊ သူမတို့နှစ်ယောက်ရဲ့အိုဗာ



www.burmeseclassic.com

www.burmeseclassic.com



တင်းချက်တွေကို ဒါရိုက်တာက မချိုးသွားဖြံ မျက်နှာမျိုးဖြင့် မကောင်းတတ်၍ အားနာပါးနာ နားထောင်နေရတာဖြစ်သည်။ စိတ်ကတော့ တကယ် ကုန်ချင်စရာ။ ဒါပေမဲ့လည်း ...။

"စိတ်ချပါ။ ကျွန်တော်တို့ဘက်ကလည်း အနုပညာဖန်တီးတာဆိုတော့ အရည်အသွေးကို အဓိကထား,ထားပြီးသားပါ"

"ယုံတယ်။ ဒါကြောင့်လည်း သားသားကို ဒါရိုက်တာကြီးလက် အပ်တာပေါ့။ သိတယ်မှုလား။ သားသားက နဖပ်နေတော့ သူ့ကို ပင်ပင်ပန်းပန်းဖြစ်မှာ သိပ်စိုးတာ။ ဒါပေမဲ့ သားသားက ဝါသနာသိပ်ပါနေတော့လည်း ကျွန်မတို့က လုပ်ပေးရတာလေ။ သူ့ဘွားမယ်ဆို သားသားကို ပင်ပန်းမှာစိုးလို့ ချွေးရုံသင်းပင်း အပြည့်အစုံနဲ့ထားတာလေ"

"ဟုတ်ကဲ့ပါ။ ဒါပေမဲ့လည်း မင်းသားလုပ်မယ့်သူက အပြင်ဘဝမှာလို အမြဲနဖပ်နေလို့တော့ မရနိုင်ဘူးနော်။ ကာရိုက်တာအရ ဆင်းရဲရင် ဆင်းရဲရမယ်။ ဖိုက်တင်ချဆို ချရမှာပဲ"





ဒါရိုက်တာကြီးက ကြားရတာတွေဟာ တကယ်ကို နားကြားပြင်းကတ်ချင်စရာမို့ ခပ်ဆဆ ပြောလိုက်လျှင် အဖြစ်သည်းလေတဲ့ မင်းသားအမေနဲ့အဘွားက ရင်ဘတ်ကလေး တဖိဖိဖြင့် ...

"အို ... ဒါတော့ သိပါတယ်။ ဒါမယ့်လေ ကလေးရုပ်က နူးနူးညံ့ညံ့လေး ဆိုတော့ အကြမ်းပတမ်းမျိုးတော့ သိပ်မလုပ်ပါနဲ့"

"မယ်မယ် ပြောတာ ဟုတ်တယ်။ ဇာတ်ကတော့ ကျွန်မတို့ရွေးတယ်ဆိုပေမယ့် နောက်ပိုင်းတွေအတွက်ပါ ပြောထားတာပါ။ သားသားကို စုတ်ပဲ့ပြတ်သတ်နေတဲ့ ဇာတ်မျိုးတော့ မရိုက်နိုင်ဘူး။ သိတယ်မှုလား။ ကိုယ်တွေရုပ်ရှင်ကြည့်တယ် ဆိုရင်လည်း မင်းသားတွေက နဥနေမှကြိုက်တာလေ"

"အဟင်း ... သဘောပါဗျာ။ သဘော ... သဘော"

ဒါရိုက်တာ အငေါ့တူးတယ် ဆိုတာ သိနေတဲ့ မယ်မယ်က မျက်စောင်းတစ်ချက် ချီလိုက်ရင်း လိုရင်းပြောလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ရှူတင်စမှာမှလား။ ဘယ် Location မှာ ရိုက်မှာလဲ"

"အဲဒါ သောင်းကျော် စီစဉ်ထားပြီးသွားပြီလေ။ ဟော့ကောင် သောင်းကျော်၊ ပြောပြလိုက်ဦးလေ။ ကျွန်တော်မနက်ဖြန် Scene လေးတွေ တစ်ချက်ဖတ်လိုက်ဦးမှာမလို့ ခွင့်ပြုပါဦး"

ဒါရိုက်တာက တကယ့်ဟာတွေကို ခေါင်းရှုပ်လာတာကြောင့် ထားခဲ့ကာ ရှူတင်မန်နေဂျာနဲ့ လွှဲပေးခဲ့လိုက်၏။ မယ်က စိတ်ထဲတော့ သိပ်ဘဝင်မကျပေမယ့် သောင်းကျော်ကို မေးရတော့သည်။

"ဟဲ့ … နင်တို့ကလည်းနော်။ အကုန်လိုက် မေးရတယ်ပဲ"

"ကျွန်တော်လည်း ပြောမလို့ပါပဲ။ မယ်မယ်က ဒါရိုက်တာနဲ့ စကားပြောနေလို့"

"ဩစာသီးက သိပ်ရောင်းတာပဲ။ ကဲ … ကဲ … လိုရင်းပြော"

"မနက်ဖြန်က 'ရင်ထဲကစတော်ဘယ်ရီ'ကား စမှာပါ။ အဲဒီကားအတွက် ဒါရိုက်တာက Location "အသစ်တွေပဲ





လိုချင်တယ်ဆိုလို့ ကျွန်တော် တစ်ခါမှ မရိုက်ဖူးသေးတဲ့ နေရာကို ပြောထားပါတယ်"

"ဟဲ့ … ဘယ်လို။ သောင်းကျော် … အဲဒါ ငါ့မပြောဘဲ စီစဉ်ရသလား။ ဘယ်နေရာလဲ။ ရှူတင်မရိုက်ဘူးတဲ့နေရာ ဆိုတော့ အဲဒီက မမြင်ဖူးဘူး ဘာညာနဲ့ စိတ်အနှောင့်အယှက် ဖြစ်မယ်နော်"

"ဖြစ်စရာတော့ မရှိပါဘူး။ ခြံရှင်တွေက တော်တော်ပြောယူရတာ။ သူတို့ခြံကို တစ်ခါမှ ရုပ်ရှင်ပေးရိုက်တာမဟုတ်ဘူး။ ကျွန်တော့်မိတ်ဆွေရဲ့ အသိခြံမို့လို့။ အဲ့စရိုကလည်း Location ကြိုက်တယ် …

ခြံနောက်ပြီး တစ်နေရာတည်းနဲ့ ရိုက်ကွက် တော်တော်ရတယ်ဗျ"

"အေး … ပြီးရော။ နေရာအတိအကျ ဦးကို့ကို သွားပြောထားလိုက်။ အလုပ်ကို တွင်ကျယ်တာပဲ မြင်ချင်တယ်နော သောင်းကျော်။ ဂျူတီတွေသာ တက်တယ်။ မပြီးဘူးတော့ မကြားချင်ဘူး"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သွားတော့ ... ရပြီ"

မယ်က မျက်လုံးထဲ မူးလာတာကြောင့် နှင်လွှတ်လိုက်လို့ ရှုတင်မန်နေရှာ ထွက်သွားမှ ပိုးဖြူက မယ့်ကို လိမ္မော်ရည်ခွက်လေးကမ်းပေးကာ ...

"မယ်မယ်လည်း စီစဉ်နေရတာ ပင်ပန်းနေပြီ။ အမောပြေ Orgainc လိမ္မော်ရည်လေး သောက်လိုက်ပါဦး"

မယ်က အလိုက်သိလေတဲ့ ပိုးဖြူကို တစ်ချက်ပြုံးရင်း ကမ်းပေးတဲ့ လိမ္မော်ရည်ခွက်ကိုယူကာ တစ်ကျိုက်မော့သောက်လိုက်၏။

"အမယ်လေး ... ရင်ထဲကို အေးသွားတာပဲ။ ဒါနဲ့ သားလေးကော"

"သားသားက အခန်းထဲမှာ။ အနားယူနေတယ်"

"အေး ... အေး ... ကောင်းတယ်။ နားပါစေ။ ဪ ... ပိုးဖြူ၊ ရှင့်ကို ကျွန်မ အထူးမှာမယ်နော်။ ကလေးကို ဂရုစိုက်။ သားရဲ့အနားမှာပဲနေ။ ညကလီးယားတွေကို မြင်လည်း မမြင်ချင်ဘူး။ ကြားလည်း မကြားချင်ဘူးနော်"





"စိတ်ချပါ။ မယ်မယ်ကော ကျွန်မကော သားကို ဂရုစိုက်နေတာပဲဟာ။ ပြီးတော့ သားလေးအကြောင်းကို မယ်မယ် သိနေတာပဲ။ သူက အရောတဝင် မနေတတ်ပါဘူး"

"အမယ်လေး ... ညည်း ကျုပ်ကို ကက်သလီယာတွေ လာပွင့်မနေစမ်းပါနဲ့၊ ကျွန်မ သိတယ်။ ဒါပေမဲ့ သားကို မတော်မနန်းတွေက ဂျွန်ဆန်မှာ ကြောက်တာ။ ကိုယ့်သား လိမ္မာတာတော့ သိပြီးသား ...

သားကို မြန်မာနိုင်ငံရဲ့ နံပါတ်ဝမ်းမင်းသား ဖြစ်အောင် တင်နေတုန်း အစစ်မတွေ ဆွဲစားသွားမှာကို အဖြစ်မခံနိုင်လို့ ဒီလောက် ပြောနေ ဆိုနေရတာဟေ့"

မယ်က မျက်စောင်းချိ တဝင့်ဝင့်ဖြင့် ဒီလောက်မှာနေရတာဟာ စနိုက်ကြော်တဲ့နေရာမှာ အတုမတွေ့ထက်တောင် ဆိုးတဲ့ အစစ်မတွေအကြောင်းကို မယ်က အံတိုနေအောင် သိနေလွန်းလို့ပဲ ဖြစ်၏။

✿ ◇ ✿



www.burmeseclassic.com

www.burmeseclassic.com



(၅)

ခြံထဲသို့ လူအင်အားပြည့်ပြည့်ဖြင့် ရောက်လာသော ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့တွေကို ပိုးတီတို့က သူတို့တွေရှိနေတဲ့ မလှမ်းမကမ်း နေရာဖြစ်သော ချယ်ရီပင်အောက်က စားပွဲခုံ တန်းလျားမှာ မကြီး၊ အစ်ကိုကြီး၊ ပြီးတော့ ပိုးတီ အားလုံးဟာ အဲဒီအဖွဲ့တွေ နေရာချနေပုံ၊ အလုပ်လုပ်နေပုံတွေကို မမြင်စဖူး အထူးအဆန်းသဖွယ် ကြည့်နေရတာဖြစ်၏။

ရုပ်ရှင်ရိုက်ကွင်း ဆိုတာမျိုးကြီးကို အခုလို အပြင်မှာ မျက်ဝါးထင်ထင်က ဒီတစ်ခါပဲ မြင်ဖူးသေးသည်။ ပြင်ဦးလွင်ကို ဗီဒီယိုတွေ ရုပ်ရှင်တွေ ခဏ ခဏ လာရိုက်တယ်ဆိုပေသော်ငြားလည်း ပိုးတီတို့က ကိုယ့်အလုပ်နှင့်ကိုယ်ဆိုတော့ သွားပြီး





တော့လည်း တကူးတက မကြည့်ဖြစ်ချေ။ အခု ပိုးတီတို့ရဲ့ ခိုက်ကိုရိုက်ကူးရေးခြံမှာ လာရိုက်တော့မှ မြင်ဖူးတာမို့ ပိုးတီတို့တွေဟာ တက်ညီလက်ညီ ထိုင်ပြီး ရှုတင်ဆိုတာကြီးကို ထိုင်ကြည့်နေတာ ဖြစ်၏။

"အမယ်လေး ... ကြည့်စမ်းပါဦး။ လုပ်နေရတာ ပင်ပန်းလိုက်ကြတာနော်။ ဟဲ့ ... ဟဲ့ ... ပိုးတီ ... ဟိုဟာ ... ဗီလိန်ခန်းတွေမှာပါတဲ့ မင်းသားမှလား။ ဟယ် ... ရုပ်ကလေး ချောချောမောမောနဲ့ ခေါင်းဆောင်မင်းသားတောင် ဖြစ်နိုင်တယ်နော်"

"အင်း ... ဟုတ်တယ်နော်"

ပိုးတီကော မကြီးကော မမြင်ဖူးသည့် အမြင်သစ်တွေကို တအံ့တသြဖြင့် ငေးကြည့်နေကြတာဖြစ်၏။

တကယ်ပဲ ရှုတင်ဆိုတာကြီးက ငေးကြည့်ချင်စရာကောင်းနေတာကိုး။

"ဟယ် ... ဟယ် ... ဟိုမှာ။ ဟိုမှာ ... အဲဒါ မင်းသမီး ရွှေရုပ်မှလား။ ဟယ် ... ချောလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးဟာ ... ရှယ်ပဲ။ အသားလေးကို ဖြူဥနုဖပ်နေတာပဲ။ ပြီးတော့မှ ငါကတော့ မင်းသမီးနဲ့ ဓာတ်ပုံသွားရိုက်ဦးမယ်"

ကိုကြီးက မင်းသမီးနဲ့ ဓာတ်ပုံသွားရိုက်မယ်ဆိုမှ ပိုးတီက အဓိကကို မေးဖို့သတိရတော့တာမို့ ပိုးတီက မကြီးကို လှမ်းမေးရလေ၏။

"မကြီး ... မင်းသားကရော ဘယ်သူတဲ့လဲ"

"အင် ... မသိဘူးလေ။ မင်းသားသစ်လို့တော့ ပြောတာပဲ။ လေးလေး အိုက်စ်နဲ့ပဲ စကားပြောနေကြတာဆိုတော့ ငါလည်း မမေးရဲဘူးလေ။ လာတော့ တွေ့ရမှာပေါ့ဟယ်"

"အယ် ... ဒီနှစ်ယောက် ငါ့အလယ်ထားပြီး လာစကားတွေများနေတယ်။ ပြောချင်ရင် ဟိုဘက်သွားပြောကြ။ လှချက် ချောချက်ကွာ ... ရွှေရုပ်ရယ် ... ချောလိုက်တာ"

ကိုကြီး လှမ်းဟန့်တော့မှ ပိုးတီကော မကြီးပါ ပါးစပ်အသာပိတ်ကာ ရိုက်ကွင်းကိုသာ အာရုံစိုက် ငေးမောနေကြ၏။ ခဏအကြာတွင်တော့ ပိုးတီရဲ့ခြံထဲသို့ တကယ့်ကောင်းပေ့ဆိုတဲ့ ကားအကောင်းစား အမည်းရောင်ကြီး နှစ်စီးမောင်းဝင်လာ၏။





"ဟဲ့ ... ဟဲ့ ... ဘယ်သူလဲ မသိဘူးနော်"

ပိုးတီတို့အားလုံး ကားပေါ်က ဆင်းလာမှာ ဘယ်သူများပါလိမ့်ဆိုပြီး စိတ်ဝင်တစားဖြင့် အသည်းအသန် ငေးကြည့်နေတုန်းမှာ အနောက်က Alphard ကား အမည်းရောင်ကြီးကနေ အခြောက်မတစ်ယောက် အူတူတူ ကြောင်တောင်ကျားတား ဒီဇိုင်းတွေ ဆင်ထားသော ကောင်လေးက နှစ်ယောက် ဆင်းလိုက်လာကာ အဲဒီနှစ်ယောက်က လက်ထဲကထီးကိုဖွင့်ကာ အရှေ့ကကားဆီကို အသည်းအသန် ပြေးသွား၍ ပျာပျာသလဲ ကားပေါ်ကဆင်းသွားလေ၏။ အဲဒီလို အပျာအယာတွေဖြင့် ဂယက်တွေ ထနေတယ်ဆိုကတည်းက ရှေ့ကကားအမည်းကြီးဟာ တစ်ယောက်ယောက်ကား ဖြစ်ရမယ်။ ဘာလို့ဆို ကားမှန်တွေကလည်း အားလုံးအမည်းဖြစ်နေတာကြောင့် ဘယ်သူမှန်းတော့ မသိရသေးပေ။

"ဟဲ့ ... ပိုးတီ။ မင်းသမီးလည်း ရောက်နေပြီဆိုတော့ အဲဒါ သေချာပေါက် မင်းသားကားပဲ ဖြစ်ရမယ်။ ကားကြီးက ကောင်းထှာဟယ်။ သူ့အခြောက်မနဲ့ အလုပ်သမားတွေစီးတဲ့ကားတောင် မိုက်နေတာ။ ဟဲ့ ... ဟဲ့ ...၊ ကားတံခါးဖွင့်ပြီ။ ကျွန်း ကျွန်း (ကြည့်စမ်း)"

www.burmeseclassic.com



ပိုးတီက မကြီး မပြောခင်ကတည်းက မျက်လုံးတွေက အဲဒီကိုပဲ ရောက်နေတာဖြစ်၏။ ကားတံခါးအဖွင့်မှာ ဆင်းလာတဲ့ ခြေထောက်တစ်စုံက ဖြူနုနေကာ ခြေသည်းနီနီတွေဖြစ်ပြီး ဖြူနုနေတဲ့ ခြေဖမိုးတွေကို အကောင်းစား ဒေါက်ဖိနပ်က ပံ့ပိုးပေးထားလေ၏။

"ဟင် ... မိန်းကလေးလား"

ပိုးတီက ဝါးစပ်ကလည်း ကိုယ့်ဘာသာ ပြောမိကာ မျက်နှာကို သေချာကြည့်လိုက်မိသည်။ မလှမ်းမကမ်း အနေအထား မှာ ရှိနေတယ် ဆိုသော်ငြားလည်း ပိုးတီက ဘယ်မင်းသမီးပါ လိမ့်ဆိုပြီး အသည်းအသန် ပြူးပြဲကြည့်နေရတာဖြစ်သည်။ လုံးဝကို ဂန္ထဝင်ဆန်စွာ ကျက်သရေရှိသောဆံထုံး ထုံးဖွဲ့ကာ မြန်မာဝတ်စုံကို တခမ်းတနား ဆင်ယင်ထားတာမို့ အဲဒါ နာမည်ကြီး မင်းသမီးကြီးတွေများလားဆိုပြီး ပိုးတီက ကြည့်မိလိုက်လျှင် တကယ်ကြီးကို အမယ်လေးတ,ချင်စရာ ဘုရားစူး အခြောက်မကြီး ဖြစ်လို့နေ၏။

"ဟယ် ... အခြောက်မကြီး"





"ဟယ် ... ငါ သိတယ်။ အဲဒါ မြင့်မိုးမယ်လေ။ အမယ်လေး ... အခြောက်သာ ပြောတာ။ အဘွားကြီးက အကိတ်နော်"

ကိုကြီးက ဘေးကနေ ဝင်ဖောက်ပေးတာကို ပိုးတီတို့ မတုံ့ပြန်နိုင်သေးခင်မှာ နောက်ထပ်တစ်ယောက်က မျက်စိရှေ့သို့ ထပ်မံဝင်ရောက်လို့ လာပြန်၏။ သူက မင်းသမီး မ်း ... မီး။

ဗုဒ္ဓေါ ...။

ပိုးတီက အံ့ဩလွန်းမက အံ့ဩလွန်းစွာ ကားပေါ်က ဆင်းလာတဲ့သူကို ကြည့်ရတော့သည်။ ဘာတွေတုံး။ အနီရဲရဲကိုဝမ်းဆက်ဆင်ယင်လာကာ လိမ်းခြယ်ထားတဲ့ မိတ်ကပ်တွေက ခြစ်ချပစ်လို့တောင် ရ၏။ အဲဒီအမျိုးသမီးရဲ့ အထူးခြားဆုံး trademark ကို ပြပါဆိုရင်တော့ အားအကောင်းဆုံးသော လှုထက်အရင်ကြီးမြင်နေရမယ့် သွားတွေကိုပဲ ဖြစ်သည်။

"ဟယ် ... ဂယက်တွေပါပဲဟယ်။ ဘာကြီးတွေလဲ။ ကားတွေအကောင်းစားနဲ့မို့လို့ ငါတို့မှာတော့ အထင်တွေကိုကြီးလိုက်ရတာ။ အခုတော့ ဘယ်ကဟာတွေတုံး"

"အင်းလေ ... ဟုတ်ပ။ ဘာတွေမှန်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟဲ့ ... ပိုးတီ ... ပိုးတီ။ ဘာတွေမှန်း မဟုတ်ဘူး။ ဘာတွေ ... ဘာတွေ။ ဟိုမင်းသားလေး"

ပိုးတီက ဆက်မကြည့်ချင်တော့စွာ မျက်နှာတစ်ဖက် လွှဲလိုက်ချိန်မှာ မကြီးဆီက တကယ်ကို ကြိတ်မနိုင်ခဲမရလေသံကြီး ထွက်လာချိန်တွင်တော့ ပိုးတီက မကြည့်ဘဲ တကယ်မနေနိုင်လှစွာ လှမ်းကြည့်မိလိုက်လျှင်တော့ ပိုးတီရဲ့အသက်ရှူဟာ တစ်ခဏတော့ ရပ်ဆိုင်းသွားရတော့သည်။

သူ ... သူဟာ ရုပ်အကျီကြော်ငြာထဲက မင်းသားလေး။ စိတ်ထဲမှာ ယိုးဒယားမင်းသားလေးပဲလား။ ကိုရီးယားမင်းသားလေးပဲလားဟု ထင်မှတ်မှားကာ သူ့ကြော်ငြာလာတဲ့ အချိန်ဆို သဘောတကျ မျက်တောင်မခတ် ငေးကြည့်အားပေးခဲ့ရတဲ့သူ။ သူက တကယ့် မြန်မာမင်းသားလေးပေါ့။ အို ... ချောလိုက်တာ။ မျက်ခုံးလေးတွေက အဝေးကနေတောင် ထင်းခနဲမြင်နေရသည့် ထူထဲညှို့နက်နေသလို မျက်လုံးလေးတွေကတော့ ဂေါ်လီလုံးလေး ထည့်ထားတယ် ထင်ရအောင် စိုလဲ့ဖန့်နေ၏။ နှာတံလေးက ချွန်မြနေကာ မျက်နှာကျက V-shape ဖြင့် ဘယ်





လိုကြည့်ကြည့် နုဖပ်ဖြူဥနေတဲ့ ချွေမင်းသားရဲ့အလှတွေကို ခံစားရင်း ခံစားလို့ မဝနိုင်ချိန်မှာ မင်းသားကတော့ သူ့လူတွေဝိုင်းရံ၍ ကားပေါ်က ဆင်းသွားလေပေမယ့် ပိုးတီတို့ကတော့ ငေးမဝ ဖြစ်နေတုန်းပင်။

"ဟယ် ... ကြည့်စမ်းပါဦးဟယ်။ ချောလိုက်တာ။ ချောလိုက်တာ။ ဒီလိုရုပ်ကလေးမျိုးမှ မင်းသားမဖြစ်ရင် ဘယ်သူဖြစ်မတုံး။ အိုက် ... ပြီးလို့ရှိရင်တော့ မင်းသားလေးနဲ့ သွားမိတ်ဆက်ပြီး ဓာတ်ပုံကို သွားရိုက်ဦးမယ်။ ပိုးတီ ... ရိုက်မှာလား"

"အမယ်လေး ... ဒီစကားက မေးစရာလား။ ဒီလောက် ချောတာကိုး။ ရိုက်မှာ ... ရိုက်မှာ။ ပြီးရင် facebook ကို တင်လိုက်ဦးမယ်"

"အေး ... နန့်နေကြနော် နင်တို့နှစ်ယောက်။ ငါထရိုက်လိုက်တော့မယ်။ မျက်စိကို နောက်နေတာပဲ။ အငယ်မ ... ဘာကိစ္စ ညည်းက ဒီလောက် ခါတွန့်ဖြစ်နေရတာလဲ။ နင် ဒီလောက်ရှုနေတာ ငါ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက ကြည့်လို့မရတော့ရွာဖြင့် ဗိတ်ပြောလိုက်လျှင် ပိုးတီက ဗီဒီယိုတွေထဲက အိုက်တင်တွေအတိုင်း နှားထင်ကို လက်ဖြင့်ပိကာ ...

"အမယ်လေး ... မူးလိုက်တာ။ ကိုကြီးရယ် ဖြည်းဖြည်းဆဲပါ"

"ဟဲ့ ... ဆဲမှာပေါ့။ ဒီအဆီခဲက မြင်မြင်သမျှ ကြိုက်နေတာ မထူးဆန်းဘူး။ ဒီလောက် ချေးခါနေတဲ့ နင်က အခုမှ ကြိုက်တယ်တွေ ရိုက်မယ်တွေ ဘာထဖြစ်နေတာလဲ"

"ဟယ် ... ကိုကြီးရယ်။ ချေမှာပေါ့။ ဟိုဟာတွေက ပိုးတီကို လိုက်ကြောင်နေတဲ့ ကြောင်တွေလေ။ ဒါက မင်းသားဟာကိုး။ ချောလိုက်တာကလည်း မွှတ်ထွတ်နေတာပဲ။ လေးဖလေးအိုက်စံနဲ့ မေမေ ခြံထဲမှာ ရုပ်ရှင်ပေးရိုက်တာကိုက ကျေနပ်တယ် ...

သြော် ... မကြီး၊ အရေးကြီးတာ မေ့နေတယ်။ မင်းသားနာမည်က ဘယ်လိုခေါ်လဲ။ သူ့ကိုက ကြော်ငြာထဲမှာပဲ မြင်ဖူးတာ။ နာမည်လည်း မသိဘူး။ မကြီးသိလား"





ပိုးတီက တစ်ယောက်တည်းနဲ့တင် ပျော်လွန်းရွှင်လွန်းစွာ ဂယက်တွေ ထနေတာဖြစ်၏။ အဲဒီမင်းသားလေးရဲ့ နာမည်က ဘယ်သူများပါလိမ့်။

"ဟဲ့ ... ငါလည်း ဘယ်သိပါ့မလဲ။ ခဏနေ မိတ်ဆက်ရင်းနဲ့ နာမည်သွားမေးကြမယ်လေ"

"ဟီ ... ကောင်းတယ်။ ကောင်းတယ်။ သွားမယ်။ ဓာတ်ပုံရိုက်ဖို့ မမေ့နဲ့။ နာမည်မေးဖို့ မမေ့နဲ့နော်"

"အင်းပါ ... ငါသိပါတယ်"

"အေး ... နင် မေ့နေတာက နင် ဒီနေ့အတွက် ကြက်ဥသွားကောက်ပြီးပြီလား ပိုးတီ"

"ဟယ်"

ပိုးတီက အဲဒီတော့မှ ခြံထဲက ကတော် ကတော်မြည်နေကြတဲ့ ပိုးတီရဲ့ကြက်တွေကို သတိရကာ အသည်းအသန် အပြေးရတော့သည်။

"မကောက်ရသေးဘူး။ ရှူတင်ရိုက်မယ် ဆိုတာနဲ့ မေ့နေတာ။ မဖြစ်ဘူး ... မဖြစ်ဘူး။ သွားမှ ... မေမေ ပြစ်ဒဏ် ထပ်တိုးတော့ မခံဘူး။ မကြီးရေ ... ပြီးတော့မှ လာမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီက ကျေးဇူးရှင် ကြက်ကလေးတွေဆီ အရောက်သွားဖို့ ဖနောင့်နဲ့တင်ပါး တသားတည်းကျအောင် ပြေးရတာလက်ရှိမှာတော့ မင်းသားလေးထက် ကြက်ဥလေးတွေကသာ ပိုးတီရဲ့ အရေးကြီးဆုံး ဖြစ်လို့သွားပါတော့သည်။

❦ ✧ ❦





မောင်မင်းက ဘေးကနေ ပြောပေးနေတဲ့ တော်လ်ကီတွေကိုလည်း ချောနေအောင် ပြောနိုင်ပြီဆိုလျှင် မျက်လုံးကိုစောမိတ်လိုက်ကာ mood ကို သွင်းတဲ့သဘောဖြင့် စိတ်စုစည်းလိုက်သည်။ ပြီးတော့ လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်း ဒါရိုက်တာဘက် လက်မတစ်ချက် ထောင်ပြလိုက်ရင်း ...

"လေးလေး ... Ok ... ရပြီ"

"Ok ... ဟုတ်ပြီ။ သား ... ရပြီဆို ရိုက်မယ်နော်။ ပိုးပိုးရော တော်လ်ကီညက်ပြီနော်"

"ရပြီ ဆရာ"

"Ok ... ကင်မရာ ... ready ..."

ဒါရိုက်တာက ready ခေါ်လိုက်တာနှင့် မောင်မင်းက ဘွားမယ် မှာထားသလိုပဲ သရုပ်ဆောင်ပြီဆို မောင်မင်းဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ် ပျောက်၍ ဇာတ်ကောင်ရဲ့စိတ်ကို ထည့်ထားဆိုသလို သူ့စိတ်ကနေ သူ အခုသရုပ်ဆောင်ရမယ့် ကာရိုက်တာ mood ကို သွင်းလိုက်၏။

"5 … 4 … 3 … 2 … 1 … Actino"

Action ဆိုတာနှင့် သူက သူ့ရဲ့သရုပ်ဆောင်ခြင်း အတတ်ပညာကို စတင်ဖွင့်လိုက်တော့၏။

"ကိုယ် မင်းနဲ့ လမ်းခွဲတော့မယ် ဝိုး"

"ဘယ်လို … ဘာပြောတယ်"

"ဟုတ်တယ် … ကိုယ် မင်းနဲ့လမ်းခွဲဖို့ ဆုံးဖြတ်ပြီးသွားပြီ"

"ဟား … အဲဒီလောက် လွယ်မလား။ ရှင်က လမ်းခွဲရအောင်ဆိုတိုင်း ကျွန်မက ပြတ်ပေးရမှာလား။ ကိုနဲ့ကျွန်မက ဒီလို လွယ်လွယ်နဲ့ ပြီးသွားမှာလား"

"အရာရာကို အကြီးကြီး သဘောမထားစမ်းပါနဲ့ကွာ။ ကိုယ့်အတွက် မျက်ရည်လည်း မကျနေနဲ့။ ပင်ပန်းတယ်။ ဒီခေတ်က သက်သာအောင်နေရမယ့် ခေတ်ကွ။ မင်းနဲ့





ကိုယ် လမ်းခွဲလိုက်လို့ မင်း ဝိုရင် မင်းရဲ့ကြွက်သားတွေ (49)ခု အလုပ်လုပ်ရတယ်။ ပြုံးတယ်ဆို ကြွက်သား(12)ခု အလုပ်လုပ်ရလိမ့်မယ်။ အဲဒီတော့ အပင်ပန်း သိပ်မခံပါနဲ့။ အစစအရာရာ ချွေတာရမယ့် ကာလထဲမှာ မင်းချွေတာလိုက် …

ကိုယ့်ကို ပါးသာရိုက်လိုက်ကွာ။ ကြွက်သား(6)ခုပဲ အလုပ်လုပ်ရလိမ့်မယ်"

"ဘာ"

"CUT"

မင်းသမီးရဲ့ ဒေါသတကြီး "ဘာ"သံ အဆုံးမှာ ဒါရိုက်တာက cut လုမ်းအော်လိုက်လျှင် မောင်မင်းက အိုက်တင်တွေကို တန့်လိုက်ကာ ဒါရိုက်တာဘက်ကို လှည့်၍ …

"ဘယ်လိုလဲ … လေးလေး။ အဆင်ပြေရဲ့လား"

"ကောင်းတယ်။ မင်း ဖြစ်ကိုဖြစ်တယ်။ တိုးကြီးရေ … ကင်မရာ ပြန်ချိန်မယ်နော်။ ပြီးတော့ သားကို closeup ဖောက်လိုက်တော့။ များများကြွတ်ပေးထား"



www.burmeseclassic.com

www.burmeseclassic.com



"ခဏ … ခဏ … သားသား မျက်နှာ နည်းနည်းပြောင်နေတယ်။ ကြည့်ရေ … မျက်နှာနည်းနည်း သွားပုတ်လိုက်ဦး သားသား၊ မေမေ့သား အိုက်တင် အရမ်းကောင်း"

မေမေ့စကားကြောင့် မာမီက သူ့မျက်နှာကို ပေါင်ဒါလာပုတ်ပေးလျှင် အဝေးကနေ လှမ်းကြည့်နေတဲ့ မေမေက စိတ်မရှည်စွာဖြင့် လှမ်းအော်လိုက်ရင်း …

"ဟဲ့ … အမယ်လေး … များသွားပြီလေ။ မဖြစ်ပါဘူး… ငါလာမှ။ ပေး … ပေး … သားသားက အမေပြင်ပေးမှ အဆင်ပြေတာ။ သားသား ဒီဘက်လှည့်"

မေမေက သူ့ကိုယ်တိုင် ထလာ၍ သူ့မျက်နှာကို Puff ရိုက်နေတာဖြစ်၏။ ပြန်ရိုက်တော့မှာကို သူ့စောင့်နေရတာကြောင့် သူက နည်းနည်းအားနာလာရသလို သူ့ဘေး မတ်တတ်ရပ်ကာ ရိုက်ဖို့စောင့်နေတဲ့ မင်းသမီးက မိန်းကလေး ဖြစ်ပါသော်ငြား မှန်တောင်ထပ်မကြည့်တာမို့ သူက ရှက်လာကာ မေမေ့ကိုအသာ ပြောရသည်။

"မေမေ … ရ … ရပြီလေ။ ရိုက်တော့မှာ"





"သြော် … အေးပါ သားရယ်။ ကိုယ်က မင်းသားလေ။ မျက်နှာလေးက အမြဲလှနေမှပေါ့။ အဆီနည်းနည်းပြန်တာကို အပြန်ခံလို့ မဖြစ်ဘူးလေ"

"ဟုတ် … ဟုတ်။ ရပြီ … ရပြီ။ စောင့်နေတဲ့သူတွေ အားနာစရာ"

"သြော် … အေးပါဟယ်။ သားသားက သိပ်အားနာတတ်တာ အဲဒါပဲကြည့်တော့။ ကဲ … ကဲ … ရပြီ ဒါရိုက်တာကြီးရေ။ ရိုက်လို့ ရပါပြီ"

"ကဲ … အဲဒါဆို ရိုက်မယ်။ သားရေ … overlap လေး ထပ်ပြောပေးလိုက်နော်"

"ဟုတ်ကဲ့"

မောင်မင်းက လုပ်သာလုပ်နေရသည်။ စိတ်ကတော့ အရမ်းကို မွန်းကျပ်နေရတာဖြစ်၏။ ပြောရမယ်ဆို သူ့အနေနဲ့ သရုပ်ဆောင်အလုပ်ဆိုတာ ဝါသနာပါတာ မဟုတ်ချေ။ ဆိုင်ကော်သို့ ချုံပေါ်ရောက်တဲ့ အဖြစ်မျိုး ဖြစ်နေကာ သူ့အတွက်က အကယ့်ခွကျတာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲမှာ သူ့ဘွားမယ်နှင့် မေမေက တစ်မျိုး ဖြစ်၏။ သူတို့ အလုပ်လုပ်တဲ့ ရှုတင်မှာ ဟိုလိုတစ်မျိုး ဒီလိုတစ်ဖုံ ပြောဟယ်ဆိုဟယ်ဖြင့် တစ်ချိန်လုံး မျက်စိဒေါက်ထောက်ကြည့် ချက်က အိမ်မှာထက်တောင် သူ့ကိုပို၍ နေရထိုင်ရ ခက်စေတာ ဖြစ်၏။ သူ့အတွက် ရှုခင်းရှုကွက် သာယာလှပတဲ့ စိမ်းစိုသန့် ရှင်းသော ဒီပြင်ဦးလွင်မြို့လေးဟာ သူ့ကို လတ်တလော မအေး ချမ်းစေတဲ့ ပူလောင်မွန်းကျပ်မှုတွေ ဖြစ်နေရတာကြောင့် ဒီကနေ ရန်ကုန်သာ အမြန်ဆုံးပြန်ရောက်ချင်နေတာ ဖြစ်၏။





(၆)

ရှုတင် ဒုတိယနေ့ ရိုက်ကွင်းမှာမှ သူတို့ရဲ့ပြဿနာ တ စတာပဲဖြစ်၏။ ဒီနေ့ သူရိုက်ရမည့် scene က heavy ဖြစ် ၏။ သူ့အစ်မက အသတ်ခံရတာကြောင့် သူ အရမ်းကြေကွဲကာ ဝမ်းနည်းရတာက တစ်ပိုင်း။ သူ့အစ်မကို သတ်သွားတဲ့သူကို ပြန်လက်စားချေရမယ့် ဒေါသကတစ်ပိုင်း စသဖြင့် သူ့လိုအသစ် တစ်ယောက်အနေဖြင့် အရမ်းကို ခက်ခဲသော အိုက်တင်တွေလုပ် ရသည့် heavy scene ဖြစ်နေတာကြောင့် သူကိုယ်တိုင်တောင် လုပ်နိုင်ပါ့မလားဆိုပြီး စိုးရိမ်ပူပန်နေတာဖြစ်၏။

“သားက talent ပါပြီးသားပါ။ သားက သေချာပေါက် ဖြစ်ကိုဖြစ်မှာ။ စိတ်ကို ရှင်းနေအောင်ထား။ ဒီကြားရဲ့



www.burmeseclassic.com

www.burmeseclassic.com



Character mood ကို သေချာသွင်းထား။ မင်းရဲ့အစ်မကို အဲဒီကောင်က သတ်သွားတာ။ ဒေါသတွေ ကြေကွဲဝမ်းနည်းမှုတွေကို တစ်ဆင့်ချင်း အိုက်တင်သွားမယ်။ ဟုတ်ပြီနော်။ သား ရပြီဆိုရင် ရိုက်မယ်"

ဒါရိုက်တာကြီးက သူ့ကို စိတ်ရှည်လက်ရှည်ရှင်းပြတာကြောင့် သူက စိတ်ထဲ နည်းနည်းတော့ ရဲလာကာ ယုံကြည်ချက်ထား၍ mood သွင်းလိုက်သည်။

"သား ... သေချာလုပ်နော်။ ဘွားမယ်ရဲ့သားက အနုပညာဗီဇ အပြည့်ရှိပြီးသားပါ"

"ဟုတ်ကဲ့ ... ဘွားမယ်"

မေမေနှင့် ဘွားမယ်က သူ့ဘေးကနေ လိုအပ်တာဖြည့်ဆည်းပေးကာ ဘေးကနေ ရေပူရေချမ်း ကမ်းပေးနေတာကြောင့် သူက ဘွားမယ်နှင့် မေမေ့ကို အားတောင်နာနေရသည်။

"သားလေး ... ရော ... ရေလေး သောက်လိုက်ပါဦး"

"ဟုတ် ... ရတယ် မေမေ။ မသောက်တော့ဘူး။ သား ရိုက်တော့မယ်မယ်။ လေးလေးရေ ... ရပြီနော်"





"အိုကေ ... မင်းသား ရယ်ဒီတဲ့ဟော့"

မောင်မင်းက စိတ်အာရုံကို အပြည့်နှစ်ကာ ကင်မရာ bound ထဲ ဝင်လာလိုက်သည်။ ဒါရိုက်တာ Setting ချပေးထားသော ချယ်ရီပင်အောက်မှာ ဝင်ထိုင်လိုက်ရင်း အိုက်တင်လုပ်ဖို့ အသင့်ဖြစ်နေ၏။

"အိုကေ ... ရယ်ဒီနော် သားရေ။ 5 ... 4 ... 3 ... 2 ... 1 ... Action"

မောင်မင်းက Action ဆိုတာနှင့် ကြေကွဲတဲ့ mood ကာ ဝင်ရောက်လာကာ အိုက်တင်တွေက ဒါရိုက်တာ လိုချင်တဲ့ အတိုင်း သူက ကြိုးစားပြီး သရုပ်ဆောင်နေတာဖြစ်၏။

"ဟုတ်ပြီ ... ဟုတ်ပြီ။ တက်လာပြီ ... ဒေါသတွေ တစ်ဆင့်ချင်း ... ဟုတ်ပြီ ... ဟုတ်ပြီ"

"ဟဲ့ ... ပဲပိုးတီ ... ညည်း ထွက်လာခဲ့စမ်း။ အခုချက်ချင်း ထွက်လာခဲ့စမ်း"

သူ့ရဲ့ ဆွေးလျနေသော ဝမ်းနည်းနေသော နာကြည်းနေသော၊ ဒေါသဖြစ်နေသော စိတ်ခံစားခက် mood တို့က ခြ



www.burmeseclassic.com

www.burmeseclassic.com



အဝင်ဝနားကနေ ဝင်လာတဲ့ ခုနစ်သံချီ အသံဆိုးကြီးက စိစနဲ့ ထွက်ကာ သူ့နားထဲသို့ ဆောင့်ဝင်ချလာလျှင် အဲဒီ ဖွတ်သွင်းထားတဲ့ mood က ပလုံဆို ပျောက်သွားကာ အကုန်ပျက်ကုန်လေ၏။

"ဟာ ... Cut ... Cut ... Cut ..."

ဒါရိုက်တာရဲ့ Cut အဆုံးမှာ အားလုံးရဲ့စိတ်အာရုံဟာ ရိုက်ကွင်းကို ကျော်ထွက်ကာ အဝနားက မိန်းမကြီးနှင့် ပတ်တီးခေါင်းစည်းထားသော ကောင်လေးဆီသို့ ရောက်သွားကာ အဲဒီ အော်ကြီးဟစ်ကျယ် မြင်ကွင်းဆီသို့ မသိမသာ ရှိုးကြလေ၏။

"ဟဲ့ ... ပဲပိုးတီ ... နင် ထွက်ခဲ့စမ်း။ လုပ်တုန်းက လုပ်ပြီး အခုမှ ပုန်းနေတာလား။ ထွက်ခဲ့"

ဘွားတော်က ခုနစ်သံချီဟစ်၍ တစ်ကိုယ်တော် ချလင်းတွေ လုပ်နေကာ ဘေးက ကောင်လေးက အဲဒီအမျိုးသမီးကြီးကို အတင်းဆွဲနေတာဖြစ်၏။

"ဟဲ့ ... သောင်းကျော်၊ အဲဒါ ဘာတွေလဲ။ ရပ်ကွက်ဆန်လိုက်တာ။ သွားရှင်းစမ်း။ ဒီမှာ ကားရိုက်နေတယ်။ ငါ





မြေးကို mood out အောင် သက်သက်မဲ့ လာနှောင့်နေတာလား။ သွားရှင်းစမ်း"

ဘွားမယ်က ဂျာကြီးကို ဖိဟောက်နေတာကြောင့် အမြင်မတင့်တဲ့သူကပဲ ဂျာကြီးဘက်က cover လုပ်ပေးလိုက်ရ၏။

"အာ ... ဘွားမယ်ကလည်း။ ဂျာကြီးနဲ့ မဆိုင်ပါဘူး။ ဒါက ဒီခြံက ကိစ္စဟာ။ ခဏနေ ရှင်းသွားပါလိမ့်မယ်။ ထား,ထားပါ"

မောင်မင်းက အဲဒီလို ပြောလိုက်ပေမယ့်လည်း ဘွားမယ်က သိပ်တော့ ကျေလည်ပုံမရဘဲ စိတ်လျှော့လိုက်၏။ အမှန်တော့ ဘာမှန်းညာမှန်းမသိ အဲဒီ ဘွားတော်ကြီး စွတ်အော်နေတာကိုတော့ သူက တကယ် စိတ်အနှောင့်အယှက် ဖြစ်ရတာဖြစ်၏။ ဒါပေမဲ့ သူကသာ ဟာ ... ကွာတွေ လုပ်ပြနေလျှင် မေမေနှင့် ဘွားမယ်တို့က အပိုကြီးတော့မယ်ဆိုတာ သိနေတာကြောင့် သူက လုံးဝသည်းခံထားရတာဖြစ်၏။

"ဟဲ့ ... ပဲပိုးတီ ... မရှိကြတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... လာပြီ။ လာပြီ။ ဒီမှာ ... သူများခြံထဲမှာ အော်ကြီးဟစ်ကျယ်နဲ့ လာဟောင်နေတာ ဘယ်သူတွေလဲ"

သူတို့ရဲ့ အနောက်ဘက်နားကနေ မာမာထန်ထန် အသံတစ်ခုက စီခနဲ ထွက်လို့လာလေတာကြောင့် သူက စိတ်ဝင်တစားဖြင့် လှည့်ကြည့်မိသွားလျှင် အားလားလား။ စုပေါင်းမဟာ တပ်ဖွဲ့တစ်ခုကို တွေ့လိုက်ရသည့်အလား သူတောင် ပြုံးချင်သလိုလို ဖြစ်သွားရ၏။

သူ့အမေနှင့် အသက်မတိမ်းမယိမ်းအရွယ် အမျိုးသမီးကြီး အဲဒီဘွားတော်ကြီးရဲ့မျက်နှာဟာ တကယ်ကိုပဲ မာတန်နေကာ ပုံစံက အယ်ထွက်နေသော ဆူမိုနပန်းသမားအလား။ နောက် သူ့ဘေးမှာကလည်း ထိုဘွားတော်နှင့် ဆိုက်တူကိုက်တူ အယ်စတဲ့ အမျိုးသမီးငယ်တစ်ယောက်။ နောက် အသားညိုညို အရပ်ပုကွကွ ဂင်တိုတိုဖြင့် မြင်တာနှင့် လူပုစိဖ်တိုမှန်း သိသာလေသော ဘဲကြီးတစ်ဖွေ။ ပြီးတော့ နောက်ဆုံးတစ်ယောက်ကတော့ လယ်သမားခမောက်ဦးထုပ်ဆောင်းကာ ရှပ်အင်္ကျီအနီနဲ့ အနက်ကွက်ကို လက်ခေါက်ဝတ်ကာ ဂျင်းဘောင်းဘီထဲ ရှပ်ထည့်





ဝတ်ကာ Country girl အထာဖြင့် လည်ရှည်ဖိနပ်စီးထားသော အလန်ကောင်မလေးတစ်ယောက်။

အားလုံးလေးယောက်ဟာ fighter ကြီးများသဖွယ် ချီတက်လာကြတာမို့ သူက စိတ်ဝင်တစားဖြင့် အဲဒီဘက်ကို ငေးကြည့်မိသွားသည်။ ဘာတွေဖြစ်နေကြတာ ဆိုတာထက် တကယ့်ကို စမက်ဒေါင်း ဆွဲတော့မယ့် ဖိုက်တာတွေသဖွယ် စင်မြေပြင်ကို ချီတက်လာလေတဲ့ အဲဒီလေးယောက်ကို အထူးအားဖြင့် ပိုစိတ်ဝင်စားနေတာဖြစ်သည်။

"ဘာလဲ ... ဘာကိစ္စလဲ"

"ဒီမှာ ... ရှင့်သမီးလုပ်ပုံ ကောင်းသေးရဲ့လား။ ဟောဒီမှာ ကျွန်မသားခေါင်းကို ရိုက်လိုက်တာ သုံးချက်တောင်ချုပ်လိုက်ရတယ်။ အဲဒီကိစ္စ မကျေနပ်လို့ လာရှင်းတာ"

ဟိုက်ရှားပါး။ အဲဒီလို ယောကျ်ားလေးတစ်ယောက်ရဲ့ခေါင်းကို သုံးချက်ချုပ်ရအောင်ကို ရိုက်နိုင်တယ်ဆိုကတည်းက အဲဒီမိန်းကလေးက ခေသူ မဟုတ်ဆိုတာ သူက တွက်ဆမိသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... သမီး။ သမီး ဒီကောင့်ကို ရိုက်လား

"အင်း ... ဟုတ်တယ်လေ မေမေ။ နန်းကြူကို လိုက်နှောင့်ယှက်နေလို့ အမြင်မတော်တာနဲ့ ပိုးတီ ဝင်ပါလိုက်တာ"

"ဟဲ့ ... နင့်ကို ငါ့သားက လိုက်တာမှ မဟုတ်တာ။ နင်နဲ့ ဘာဆိုင်လို့ နင်က ဝင်ပါရတာလဲ။ ငါ မကျေနပ်ဘူးဟေ့။ လုံးဝမကျေနပ်ဘူး။ ဘာလဲ ... နင့်ကို ငါ့သားက မကြိုက်လို့လား ... ဟုတ်လား"

ဟိုဘက်က ဘွားတော်ကလည်း အသာကုန် လွှတ်တင်နေတာမို့ ပွဲကြီးပွဲကောင်းတော့ တွေ့ပြီဆိုတာ သူက နားလည်လိုက်ရွာ သူတင်မက ရှုတင်တစ်ဖွဲ့လုံးက၊အဲဒီပွဲကို စိတ်ပါဝင်စားစွာ လှမ်းရှိုးနေကြတာ ဖြစ်၏။ ကြားရတဲ့စကားအရတော့ ဟိုခမောက်နဲ့ ကောင်မလေး ခော်လွှတ်လိုက်တဲ့ အကြောင်းကသူမနှင့် ဘာမှမဆိုင်ဘဲ ဝင်ပါတာဖြစ်သည်။ ဘာမှမဆိုင်ဘဲ ဝင်ရိုက်ကာ ခေါင်းသုံးချက်တောင် ချုပ်လိုက်ရပြီ ဆိုကတည်းကအဲဒီခမောက်နဲ့ ကောင်မလေးမိဘတွေက ကောင်မလေးကို အင်





ကျွေးတော့မည်ဟု သူက တွေးဆလိုက်ကာ ရန်ပွဲကို ဆက်ကြည့်နေလိုက်သည်။ သို့ပါသော်ငြားလည်း ... ကောင်မလေးရဲ့မိသားစုသုံးယောက်ဟာ ဆူမိုနပန်းသမားတွေ အထာဖြင့် ဟိုတစ်ဖက်အဘွားကြီးကို ဘွားမယ် စကားနှင့် ပြောရမယ်ဆို အပြတ်ကိုကက်သလီယာတွေ ဖွင့်တော့တာဖြစ်၏။

"ဘာဖြစ်တယ်။ ရှင့်သား ဂျပုကို ကျွန်မက ကြိုက်စရာလား"

"အေး ... အဲဒါဆိုလည်း မဆိုင်ဘဲ ဘာလို့ဝင်ပါနေတာလဲ။ မကျေနပ်ဘူး။ ငါ လုံးဝမကျေနပ်ဘူး"

"ဒီမှာ ရှင်က မကျေနပ်တော့ ဘာလုပ်ချင်လို့လဲ။ ကြိုက်တဲ့နေရာမှာ ကြိုက်သလို ရှင်းလိုက်။ ကျွန်မသမီးကို ဘာမှလာပြောစရာ အကြောင်းမရှိဘူး"

"ဘာ ... အမယ်လေး။ အမေဖြစ်တဲ့သူကိုက သားသမီးကို ဆုံးမမှုမှ မရှိတာ"

"ဟေ့ ... အဘွားကြီး။ ခင်ဗျား ဘာစကားပြောတာလဲ ကျုပ်အမေကို ဘာမှ ပြောစရာ အကြောင်းမရှိဘူး။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကျူပ်ညီမ။ ခင်ဗျားသား ဘူးထလို့ သူဝင်ပါတာ သူ မမှားဘူး။ ကျူပ်ညီမကိုတော့ လာမထိနဲ့။ ဒီနယ်မှာ မေး လည်းကြည့်လိုက်ဦး။ တိုးကျော် ဘာကောင်လဲ ဆိုတာ"

ဘဲကြီးကပါ ဝင်ဖြီလေတာမို့ ဟိုဘက်က ဘွားတော်က ဆွေ့ဆွေ့ခုန်နေသော ဒေါသများဖြင့် တဆတ်ဆတ်တုန်ကာ နှုတ်ခမ်းတလန် ပန်းတလန် ကက်ကက်တွေ လန်နေတော့တာ ဖြစ်၏။

"အမယ်လေး ... အံ့ပါရဲ့။ ဘယ်လိုမိသားစုတွေနဲ့ လာတွေ့နေတာလဲ။ ရိုင်းလိုက်ရာ ... ရိုင်းလိုက်တာ။ သူတို့ဘက်ကလည်း မှားသေး။ မတောင်းပန်တဲ့အပြင် တစ်မျိုးလုံးကပါ ကက်ကက်လန်နေကြတယ်။ တိုင်မယ် ... ရှင်တို့ကို အုပ်ချုပ်ရေးမှူးနဲ့ကို တိုင်မယ်"

"သွားတိုင်ကြ။ ကျူပ်ညီမကို လာမထိနဲ့။ အကုန်မီးပွင့်သွားမယ်"

"အမေရယ် ... လာပါဗျာ။ အဲဒီဟာနဲ့ ဖက်ဖြစ်မနေပါနဲ့။ သူတို့အကြောင်းလည်း သိရဲ့သားနဲ့။ ကျီးအာသီးမျိုးတွေ"





"ဘာကွ ... ဟောကောင်"

ဟိုသားအမိနှစ်ယောက်က ပြောပြီး တစ်ချိုးတည်း လစ်သွားကြလေ၏။ မောင်မင်းက အဲဒီသားအမိ ပြောသွားသလို တကယ်ပဲ ဟုတ်နေသော ကျီးအာသီးမိသားစုကို တအံ့တဩကြည့်နေမိလေမယ့် အဲဒီမိသားစုကတော့ စုပေါင်းညီညာ အောင်ကြောင်းဖြာစွာဖြင့် ပြန်ဝင်သွားကြလေ၏။ အဲဒီနောက်မှာ သူတို့ကို လာတောင်းပန်တာကတော့ အဲဒီခြံက အလုပ်သမားခေါင်းတစ်ယောက်ပဲ ဖြစ်၏။

"စောနက ကိစ္စအတွက် ကျွန်တော်ကပဲ တောင်းပန်ပါရစေ ခင်ဗျာ။ ကားရိုက်နေတာ အနှောင့်အယှက် ဖြစ်သွားတဲ့အတွက် စိတ်မရှိပါနဲ့နော်"

"ဩော် ... ဒီမှာ ... က ..."

"မေမေ"

မောင်မင်းက ဒေါ်နဲ့ မောနဲ့ ပြောတော့မယ်ပုံကို သူက ကြားထဲက အမိအရ ဝင်တားလိုက်ရင်း အဲဒီကိစ္စကို သူပဲ ချုပ်ငြိမ်းပေးလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ရပါတယ် ကိစ္စမရှိပါဘူး။ ဒါ ဖြစ်တတ်ပါတယ်"

"ကျေးဇူးတင်ပါတယ် မင်းသားလေးရယ်။ အနှောင့်အယှက်ဖြစ်သွားရင် တောင်းပန်ပါတယ်နော်။ ကျွန်တော်တို့မြို့ရှင်က သူ့သမီးနဲ့ ပတ်သက်လာရင် အဲဒီလိုပဲ နည်းနည်းတော့ ကြမ်းတယ်ဗျ"

"သားသားရေ ... ဒါရိုက်တာခေါ်နေပြီ။ ရိုက်မယ်တဲ့လာ"

မေမေက သူ့လက်ကို ဆွဲခေါ်တာမို့ သူက စကားဆက်ချင်သော်လည်း ဆက်လိုက်ချိန်မရပေ။

"သား ... မင်းက အဲဒီလို အဆင့်အတန်းတွေနဲ့ ဘာမှ စကားပြောစရာ မလိုဘူးလေ။ ဟင်း ... ဟင်း ... ဒါပဲ ပြောချင်တယ်"

သူက ဟိုမလုပ်နဲ့ ဒါမလုပ်နဲ့ ကန့်သတ်ချက်တွေကို စိတ်ကျဉ်လာကာ ကျစ်ခနဲ စုပ်သပ်လိုက်ရင်း ...

"ကျစ် ... စိတ်ညစ်ပါတယ် မေမေရာ"

"ဟဲ့ ... ဘာကို စိတ်ညစ်တာလဲ"





မောင်မင်းက ပြောမယ်လုပ်ပြီးမှ ဘေးမှာ သူ့ကို ကြည့်နေတဲ့ မျက်လုံးတွေကို သတိရသွားကာ ပြောချင်တဲ့စကားတွေကို မျိုချထားလိုက်ရတော့သည်။

"ဘာမှ မဟုတ်ပါဘူးဗျာ။ မေမေ ကျွန်တော် mood out သွားလို့ ခဏလောက် နားလိုက်ဦးမယ်။ ဒါရိုက်တာကို သား သွားပြောလိုက်ဦးမယ်"

သူက မေမေ့ဘေးကနေ အသာထွက်လာလျှင် သူ့ရဲ့ဘွားမယ် ခန့်ထားပေးသော တပည့်ကျော် နှစ်ယောက်က တစ်ယောက်ကထီးမိုး၊ တစ်ယောက်က ready အနေအထားဖြင့် သူ့ဘေးကနေ တစ်ဖက်တစ်ချက် ခြံရံကာ လိုက်လာကြ၏။

ဘဝဟာ အဲဒီလိုမျိုး ပြည့်စုံနေတော့လည်း မွန်းကျပ်မှုဟာ လေထုကြောင့် မဟုတ်ဘဲ အဲကွန်းကြောင့်လည်း တစ်မျိုးဖြစ်ရတတ်လေသည်။

❁ ◇ ❁



www.burmeseclassic.com

www.burmeseclassic.com



(၇)

"ဘွားမယ် ... မေမေ ... သား ခွင့်တောင်းစရာရှိတယ်"

အခန်းထဲမှာ သူ့ရဲ့အဝတ်အစားတွေ စီစဉ်နေတဲ့ ဘွားမယ်နှင့် မေမေကို သူက မဖြစ်မနေ ပြောရမည်ဖြစ်သော စကားအတွက် ပြောခွင့်တောင်းလိုက်လျှင် ဘွားမယ်က သူ့ကို မှုန်တေတေ တစ်ချက်ကြည့်ကာ ...

"ကဲ ... ပြောပါဦး၊ သားလေးက ဘာပြောချင်လို့လဲ"

"မနက်ဖြန် သား scene က နှစ်ဆင်းပဲ ရှိတာလေ"

မောင်မင်းက သူဆက်ပြောရမယ့် စကားအတွက် စကားကို ခဏလောက် တန့်ထားလိုက်လျှင် ဘွားမယ်က သူ့ကို ထပ်၍ကြည့်လိုက်ရင်း ...





"အင်းလေ ... ဘာဖြစ်လို့လဲ သား"

"ဟုတ်သားပဲ သားလေးရဲ့။ ဘာပြောမလို့လဲ"

ဘွားမယ်ကော မေမေကပါ သူ့ကို လေ့လာအကဲခတ်ကာ သူဆက်ပြောလာမယ့် စကားတို့ကို သိချင်နေတာကြောင့် မောင်မင်းက ဒီတစ်ခါတော့ အဆင်ပြေပြီဟု ယူဆရကာ ဆက်ပြောလိုက်တော့သည်။

"ဟို ... ဟိုဟာ ... ဒီလိုပါ။ မနက်ဖြန် သား ကားရိုက်ပြီးရင် သား လျှောက်လည်ချင်လို့"

"အမယ်လေး ... သားရယ် ဒါလေးများ ပြောနေရသေးတယ်။ မနက်ဖြန် ဘွားမယ်တို့ လျှောက်လည်ဖို့ စီစဉ်ထားပြီးသားပါ။ တို့မိသားစု ပျော်ပျော်ပါးပါးနဲ့ ဘုရားတွေဖူးမယ်။ ပြီးတော့ ပြင်ဦးလွင်အနှံ့ ခရီးကြတာပေါ့အေ"

သူက ဆိုလိုရင်း လွဲနေပြီဆိုတာ သဘောပေါက်ရကာ သူဖြစ်ချင်တာကို ဖြစ်ခွင့်ရဖို့အတွက် တဲ့တိုးပဲ ရင်ဆိုင်လိုက်ကာ သူ့ဆန္ဒကို ထုတ်ဖော်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို … အဲဒီလို ပြောတာ မဟုတ်ဘူး ဘွားမယ်။ ကျွန်တော် ပြောချင်တာက ကိုယ့်ဘာသာကိုယ် လျှောက်လည်ချင်တာကို ပြောတာပါ"

"ဘယ်လို … ဘယ်လို"

"အမယ်လေး … ဘယ်လို … ရင်ထဲ ဒိတ်ခနဲတောင် ဖြစ်သွားတယ် သားသားရယ်။ ဘယ်လို ပြောလိုက်တာလဲ"

မောင်မင်းက လေပူတစ်ချက်ကို မှုတ်ထုတ်ရင်းက သူ့ဆန္ဒကို ထုတ်ဖွင့်ပြောလိုက်တော့သည်။

"ဟုတ်တယ်လေ ဘွားမယ်ရာ။ သားလည်း လူငယ်ပီပီ လွတ်လွတ်လပ်လပ်တော့ မြို့အနှံ့ လျှောက်လည်ချင်သေးတာပေါ့။ အခုဟာက နေ့ရော ညပါ ရှုပ်ယှက်ခတ်နေ့ ဆိုတော့ လူက ငေါက်ချင်နေပြီ။ အဲဒါကြောင့် သား လွတ်လွတ်လပ်လပ် သွားချင်လို့ပါ"





သူ့ရဲ့စကားအဆုံးမှာ ရင်ဘတ်စည်တီး၍ ကန့်ကွက်မှုများစွာဖြင့် သူ့ဘေးသို့ ရောက်လာတာကတော့ သူ့ရဲ့ဘွားမယ်ပဲ ဖြစ်သည်။

"အမယ်လေး … အမယ်လေး … သားသားရယ်။ အရင်တုန်းက ဘွားမယ်က သားလေးကို လွှတ်တယ်ဆိုတာ ရန်ကုန်မှာလည်း ဖြစ်တယ်။ နောက်ပြီး သားက ဘာမှ မဟုတ်သေးဘူးလေ …

အခုချိန်မှာ သားသားက ဆယ်လီဖြစ်နေပြီလေ။ သွားချင်တဲ့နေရာတိုင်း ဂရော်တွေထော်ပြီး (ဂယက်တွေထပြီး) လွှစ်လွှစ်ထလို့ မရတော့ဘူးလေ။ နောက်ပြီး ကိုယ်မြို့လည်း မဟုတ်ဘဲနဲ့ တစ်ယောက်တည်း ဘာလို့ သွားချင်ရတာလဲ"

ဘွားမယ်က ခွတ်ကော အတင်းကော သူ့ကိုစခွိ(မွှေ)နေပြီ ဖြစ်တာကြောင့် မောင်မင်းက မရ့ရအောင်တော့ ပြောရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားကို လူတိုင်းက သိသေးတဲ့ အခြေအနေထိလည်း ရောက်မှ မရောက်သေးတာ ဘွားမယ်ရာ။ သားလည်း လည်ချင်သေးတာပေါ့"

"အိုက်စ် ... မွ ... မွ ... ဘာကို လူမသိတာလဲ။ သားက ဝက်ဝက်တွေကွဲ အောင်မြင်တာလေ။ ဒီမှာ သား ... ကိုယ် က အညွန့်နဲ့သူ တလူလူ နေကိုနေရမှာ။ ဘွားမယ်ရဲ့ မြေး မောင်မင်းသခင်ဆိုတာ ရုပ်ပါမင်းသားဖြစ်ဖို့ ရွှေလင်ပန်း နဲ့ အချင်းဆေး ရွှေမှုန်စား မွေးထားတာ ...

သားလိုဘဝမျိုး အားလုံးက ပိုင်ဆိုင်နေချင်တာပဲ။ သားသားရယ် ... ကလေးလေးက လိမ္မာပါတယ် ...

ဒီနေ့ ဘွားမယ်တို့တွေ လျှောက်လည်ကြမယ်လေ နော် ... နော် ...။ ဟဲ့ ... အမေမ ... ရှင် ဩဇာသီးတွေ ချရောင်းလိုက်ပါဦး"

"မယ်မယ် ပြောနေလို့ မပြောသေးတာပါ။ သားလေး ပေါက်ကရတွေ လျှောက်ပြောမနေနဲ့။ သားလေး stress





တွေ ဖြစ်တယ်ဆို spa လေးစိမ်လိုက်။ လတ်လတ်ဆတ်ဆတ် အောဂဲနစ်အသီး ဖျော်ရည်လေးတွေ သောက်လိုက်။ သားလေးရယ် ... သားလေး ဖြစ်ချင်တာ မေမေ စီစဥ်ပေးမယ်"

မောင်မင်းက တကယ်ပဲ မွန်းကျပ်မှုတွေဖြင့် ခေါင်းခုတ်လိုက်ရင်း ဘွားမယ်နှင့် မေမေ့ကို အလျှော့ပေးရပေါင်းက ခေါက်ရိုးတွေ ကျိုးကြေနေစွာဖြင့် ခေါင်းညိတ်ပြလိုက်ရင်းက ...

"ဟုတ်ကဲ့ပါဗျာ။ ခဏနေ ရှုတင် သွားရတော့မှာမလား။ သား ဆံပင်သွားပြင်တော့မယ်"

"ဒါမှ မေမေ့သားလေး။ ကဲ ... လာ ... မေမေလိုက်ပို့မယ်"

မောင်မင်းက စိတ်ပင်ပန်းစွာဖြင့်ပင် မေမေနဲ့အတူ လိုက်ထွက်လာခဲ့တော့သည်။ မင်းသားဖြစ်ဖို့ သူ့ရဲ့ body beauty ကအစ သူ့ခြေဆုံးခေါင်းဆုံး ငယ်ငယ်ကတည်းက ဂရုတစိုက် မွေးသလို မွေးခဲ့လို့ သူ အချိန်တန် အရွယ်ရောက်လို့ မင်းသား လာတာက အဆန်းတကြယ် မဟုတ်ပေမယ့် ဆန်းနေတာက

www.burmeseclassic.com



ဘွားမယ်တို့ ပြောသလို အားလုံးပိုင်ဆိုင်ချင်သည့် သူ့ဘဝကို သူက မွန်းကျပ်တယ် ထင်နေတာကတော့ နတ်ပြည်ကို မြင့်တယ် ထင်လို့ ခုန်ချင်တာလားဟု မှတ်ယူကာ အဆန်းတကြယ် ဖြစ်လိုက်ရပါသည်။

❦ ✧ ❦





(၈)

ရှုတင် brake time ဖြစ်တဲ့ ထမင်းစားချိန်မှာ သူက အစီအစဉ် မတင်ဆွဲတော့တာဖြစ်၏။ အားလုံးက ခဏလေး နားရတဲ့ အချိန်အပိုင်းခြားလေးတစ်ခုမှာ အစားအသောက်အာရုံ လေးတစ်မျိုးသာ အဓိကထားနေတဲ့ အချိန်မို့ သူက [illegible]ဒီမှာ လှေ့ာ်တော့တာဖြစ်သည်။ ဘွားမယ်ကို သူက လှမ်းကြည့်လိုက်လျှင် ဘွားမယ်က ဖုန်းပြောနေတာဖြစ်၏။ မေမေကတော့ ထမင်းစားဖို့အတွက် ချိုင့်ကြီး ချိုင့်ငယ် အသွယ်သွယ်ကို စီရီ ခင်းကျင်းနေတုန်းမှာ သူက သူ့ရဲ့ shooting ခုံမှာ အသာအယာ ထိုင်လို့ အခြေအနေကို အကဲခတ်နေတာဖြစ်သည်။ သူ့တပည့်ကျော်နှစ်ယောက်နဲ့ မာမီကတော့ ရှုတင်ထမင်းဘက်ကို စိတ်ရောက်နေပြီ ဖြစ်တာကြောင့် သူ့ကို မေ့နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ခွင်ပဲ။

မောင်မင်းက shotting ခုံကနေ အသာထ၍ ဟိုလိုလို ဒီလိုလို ဖုန်းလိုင်းမမိတဲ့ပုံဖြင့် လိုင်းရှာဟန် လုပ်နေပြီး လစ်တာနဲ့ ရိုက်ကွင်းနဲ့ ဝေးရာကို အသာလစ်ထွက်လာခဲ့၏။ အမှန်တော့ သူက ရန်ကုန်ကို လစ်ချင်တာ။ ဒါပေမဲ့ သူ့ရဲ့ပရိုဂျူဆာတစ်ဖြစ်လဲ ဘွားမယ်ကို ငှဲကာတစ်ကြောင်း၊ မင်းသားအဖေတဖြစ်လဲ မေမေ့ကို ကြည့်ရတာကတစ်ကြောင်းကြောင့် သူက နည်းနည်းလေးလောက်သာဆိုးဖို့ ဆုံးဖြတ်လိုက်တာမို့ ဒီနားဝန်းကျင်ပ်သွားမယ့် စိတ်ကူးဖြင့် ထွက်လာ၏။

ဒီနားဝန်းကျင် ဆိုတာကလည်း ဒီစိုက်ပျိုးရေးခြံတွင်းထဲမှာပဲဖြစ်သည်။

စိုက်ပျိုးရေးကို ဝါသနာပါတဲ့ သူလိုလူ အတွက် အခု သူတို့ဓာတ်ကား လာရိုက်တဲ့ ဒီခြံကြီးဟာ သူ့အတွက် စိတ်ဝင်စားစရာ ပေးလေသည်။

ခြံက ကေတော်တော်ကျယ်ကျယ် နေရာယူကာ သူ့နေရာနဲ့သူ စိုက်ခင်းတွေ သဘာဝရှုခင်းတွေနဲ့ လိုက်ဖက်စွာ





အင်မတန် လှပလေသော သစ်လုံးအိမ်လေးတွေ ပြီးတော့ စင်ဒရဲလားပုံပြင်ထဲက အိပ်မက်ဆန်သော တိုက်လှလှတစ်လုံး။ အဲဒါကတော့ ဒီခြံရှင်မိသားစု နေတယ် ကြားထားသည်။ မောင်မင်းက ညှို့ရီထွက်ပျံ့ဖွယ်ရာကောင်းသော သဘာဝအသက်ဝင် ပန်းချီကားကို ခံစားကာ စိတ်ထဲလည်း တကယ်ပေါ့ပါးလွတ်လပ်သလို ခံစားရလေသည်။

"ဟား ... အရမ်းကိုလှတဲ့ နေရာပဲကွာ"

မောင်မင်းက အရမ်းကိုလှပတဲ့ ဂန္ဓမာပန်းခင်းကြီးတွေကို ကျေနပ်စွာ ငေးကြည့်ရင်းက နားထဲမှာ ကြားလိုက်တာနှင့် လှုပ်ချင်စရာ့ ဒွန့်ချင်စရာကောင်းလေသော DJ Beat တစ်ခုက လေကြောင်းသင့်၍ သူ ရင်ကိုလာရောက် ရိုက်ခတ်လေတာကြောင့် သူက အသံရဲ့ဆွဲငင်မှုနောက်လိုက်ကာ လေ့လာကြည့်မိသွားသည်။

နွားတွေထည့်ထားတဲ့ တဲထဲကနေ ထွက်လာတဲ့ အသံမို့ သူက စိတ်ဝင်စားမိသွားကာ အဲဒီတဲခြံအဝင်ဝနားသို့ သွားလိုက်ကာ အထဲကို လှမ်းချောင်းလိုက်လျှင်တော့ ထင်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မြင်ကွင်းမျိုးမို့ သူက သဘောတကျ အံ့သြမှင်သက်စွာ ငေးမိနေသည်။ ဟား ... လန်းလှချည်လား။

ရှပ်အင်္ကျီ ဂျင်းဘိုင်လာစွပ်ကို ဝတ်ဆင်ထားကာ အထာကျလေသော အဲဒီ Cowgirl လေးကို အဲဒီကြိုးသိုင်းထားသော ဂျင်းလက်ပြတ်တစ်ဖက်ကို မဝတ်ထားဘဲ တွဲလဲချထားတဲ့ စတိုင်လ်က ဂေါ်လီပဲ ဖြစ်၏။ အဲဒီ ဂေါ်လီက နားစာခွက်ထဲမှာ ကက်ဆက်ထည့်ထားကာ အဲဒီကက်ဆက်က ထွက်လာတဲ့ DJ beat အတိုင်း စည်းချက်ညီညီ ဒွန့်စကွန့်တွေလုပ်ကာ နားမြ သန့်ရှင်းရေးလုပ်နေတာဖြစ်သည်။ သူ့ကိုလည်း မြင်ပုံမရကာ ရုပါဒွန့်တွေ ဒွန့်နေတာကြောင့် မောင်မင်းက ကိုးရိုးကားရား ကကွက်တွေကို သဘောတကျ ကြည့်နေမိကာ သူပါ ယောင်ပြီး လိုက်လှုပ်မိသွားလျှင် သူ့ခြေထောက်က ရေ့ကပုံးတစ်ခုကို တမ် မိသလို ဖြစ်တာကြောင့် အသံမြည်သွားလေလျှင် အဲဒီကောင် လေးက သူ့ကို တန်းခနဲ လှမ်းမြင်သွားကာ ရှက်ကိုး ရှက်ကန်း ဖြစ်သွားဟန်ဖြင့် သူ့ကို ပြူးကြည့်နေ၏။

"ဟီ ... ရှင် ... ရှင်"





သူ့ကို လက်ညှိုးကြီးထိုး၍ အကြောင်သား ငေးနေပြီးမှ သတိဝင်ကာ နားစာခွက်ထဲက ကက်ဆက်လေးကို ပိတ်လိုက်ရင်း သူ့ဆီလာကာ ...

"ဟို ... ဟဲ ... ဟဲ ... ဘယ်တုန်းက ရောက်နေတာလဲ။ ဒီ ... ဒီမှာ ရိုက်မလို့လားဟင်"

"ဩော် ... မဟုတ်ပါဘူး။ မရိုက်ပါဘူး။ ဒီဘက် ခဏ ထွက်လာရင်း သီချင်းသံကြားလို့ ကြည့်မိတာပါ"

"အို ... ဘယ်လို။ အင်း ... အဟင်း ... အဲ့ဆို အခု ရှတင် နားနေတာပေါ့နော်။ ဟုတ်လားဟင်"

သူက ဟိုတစ်နေ့က ဝက်ဝက်တွေကွဲ ချေထားတဲ့ ဘောင်မလေးဆိုတာ မှတ်မိနေစွာ ခေါင်းသာတစ်ချက်ညိတ်ပြ လိုက်သည်။

"ဟယ် ... အဲဒါဆိုရင် မင်းသားနဲ့ ဓာတ်ပုံလေးတွဲရိုက်လို့ ရမလားဟင်"

"အမ် ... ဩော် ... ဟုတ်ကဲ့။ ဟုတ်ကဲ့"

"ဟီး ... ကျေးဇူး"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကောင်မလေးက သူ့ဘို့ရှင်လာစွပ် ရင်ဘတ်အိတ်ထဲကဖုန်းကို ထုတ်တာမို့ မောင်မင်းက Note 3 ဟန်းဆက်နဲ့ ဂေါ်လီမလေးနှင့် ဓာတ်ပုံအရိုက်ခံဖို့ Camer 360 ကိုဖွင့်ရင်း Selfie ရိုက်ဖို့ လက်ကို ရှေ့ဆန့်တန်းကာ သူ့ဘေးသို့ကပ်လာလျှင် သူက Selfie ထုံးစံအတိုင်း ခေါင်းလေးအနည်းငယ် ငဲ့စောင်းလိုက်တာနှင့် သူ့နှာခေါင်းထဲသို့ ခပ်ရှူးရှူးအနံ့တစ်ခုက ဝင်လာလေလျှင် သူ့ရင်ထဲက လှိုက်လှိုက်၊ လှိုက်လှိုက်ဖြင့် ဖို့တက်လာကာ ခေါင်းကို ချက်ချင်းမတ်လိုက် လူကပါ ခွာလိုက်မိသွားသည်။

အား ... ဆိုးဝါးလိုက်တဲ့အနံ့။ နှာခေါင်းထဲသို့ ရှူးရှူးရှရှနှင့် ဘယ်လိုကြီးမှန်းကို မသိပါ။ သူ ဒီခြံကို စပြီးရှုတင်လာရိုက်တော့ ဒီဘက်အခြမ်းမှာ ရိုက်ဖူးသည်။ ဒီတင်းကုပ်ထဲမှာက နွားတွေများတာမို့ ဘယ်လိုပြောရမလဲ နွားနံ့နံ့သလိုလို၊ နွားချေးနံ့တွေဖြင့် သူ့မှာ ဆိုးဆိုးဝါးဝါး ခေါင်းတွေ ထိုးကိုက်နေတာမို့ အဲဒီနေ့က ရှုတင်တောင် ခဏဘရိတ်ရသေးသည်။ အခု ... အခု အဲဒီကောင်မလေးဆီက နွားနံ့လိုလို၊ နွားချေးနံ့လိုလို ရတာကြောင့် သူ့မှာ ဘယ်လိုမှ ဟန်မဆောင်နိုင်အောင် မျက်နှာက ပျက်ရပြီဖြစ်၏။ အဲဒီကောင်မလေးက ခုနကပဲ DJ beat တွေနဲ့ အတူ ခုန်ပေါက်လှုပ်ယမ်းကာ နွားခြံသန့်ရှင်းရေးလုပ်တယ်ဆိုတော့ နွားနံ့တွေ၊ နွားချေးနံ့တွေ ဖြစ်တာကြောင့် ချက်ချင်းပဲ ခေါင်းက ထိုးလာ၏။ သူက ဘက်ခနဲ ဘေးကခွာလိုက်လျှင် ကောင်မလေးက အကဲခတ်လေ့လာဟန်ဖြင့် သူ့ကိုကြည့်ကာ ...

"ဘာ ... ဘာဖြစ်လို့လဲဟင်"

"ဩော် ... ဘာမှ မဖြစ်ပါဘူး။ ရိုက် ... ရိုက်လေ"

"အင်း ... ရိုက်မယ်"

သူမက ထုံးစံအတိုင်း selfie အထာခင်းကာ သူ့ဆီကပ်၊ သူက အနံ့ကြောင့် အသာခွာ၊ သူမက သူ့ဘေးထပ်ကပ်နှင့် ကင်မရာဘောင်ထဲ သူက ဝင်မလာတာကြောင့် သူမက သူ့ကိုကြည့်ရင်း ...

"မင်းသား ... ဘာဖြစ်လို့လဲ"

"ဟို ... ဟိုဟာ ... အနံ့ ... အနံ့ မကောင်းလို့ပါ။ မင်းနောက်မှ လာရိုက်ပါလား"







www.burmeseclassic.com

www.burmeseclassic.com



သူက တကယ်အားနာပေမယ့် မတတ်နိုင်တော့။ သည်းမခံနိုင်တော့စွာ ပြောလိုက်မိတော့၏။ ဟုတ်တယ်လေ။ သူ့မှာ ဝါသနာမပါတဲ့ ရိုက်ကွင်းကနေ ခဏလေး လစ်ထွက်တဲ့ အချိန်မှာ သူ လုံးဝစိတ်အရှုပ်မခံနိုင်တာကြောင့် ပါးစပ်ကထုတ် အပြောအပြီးမှာ ဘယ်လိုနည်းနဲ့မှ ထင်မှတ်မထားစွာဖြင့် "ဘာ" ဆိုတဲ့ အော်သံနှင့်အတူ သူဟာ ဆောင့်တွန်းခံရလိုက်သလို အတွန်းခံရကာ ထင်မထားတာကြောင့် သူက နောက်လန်ကာ ဝုန်းခနဲ ဖင်ထိုင်ရက် ပြုတ်ကျလေလျှင် အီစိမ့်သွားအောင် နာသွားကာ ဘာမှ ဒေါသမဖြစ်ရသေးခင် အော်သံက အရင်ဆုံးထွက် မိသွားသည်။

"အား ... ဟာ ... အောင်မယ်လေး သေပါပြီဗျ"

❀ ◇ ❀





"အာ ... ဟား ... အောင်မယ်လေး ... သေပါပြီဗျ"

ပိုးတီက မင်းသားရဲ့ လွှတ်အော်သံကြောင့် ကိုယ် ကောင် လန့်ဖျပ်သွားရသည်။ အဲဒီလောက်ကြီး လက်ဆပြင်းသွား မယ်လို့လည်း ပိုးတီ ထင်မထားမိပေ။ "အနဲ့မကောင်းလို့ပါ။ နောက်မှ လာရိုက်ပါလား"ဆိုတဲ့စကားက ပိုးတီအတွက်တော့ အဝုန်းခံလိုက်ရတဲ့ အရှက်ကွဲစကား ဖြစ်တာကြောင့် ပိုးတီ ရှက် စိတ်ဖြင့် သူ့ကို တွန်းမိသလို ဖြစ်သွားကာ အဲဒီလက်ဆကပဲ ပြင်းသွားတယ်လို့ပဲ ပြောရမည်ဖြစ်စွာ မင်းသားဟာ အတော်လေး ကို အီစလဲဝေသွားပုံရ၍ မျက်နှာကြီးရှုံ့မဲ့ကာ အော်လိုက်တဲ့အချိန် မှာပဲ အနောက်ကနေ ရယ်သံပွက်လောရိုက်အသံတွေ ဝင်လာကာ ဦးတီရဲ့ပခုံးတောင် အတွန်းတိုက်ခံလိုက်ရလေတာမို့ ဒယီးဒယိုင် ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... သားသား ... သားလေး"

"ဟယ် ... သားလေး"

အသံတွေက ဂယက်တွေထနေကာ မင်းသားကို အတင်းကို ဆွဲထုမ,ကြရင်း မျက်ကလဲဆန်ပျာတွေ ဖြစ်ကုန်ကာ ဂယက်တွေ ထကြတော့တာဖြစ်သည်။

"ကျော်ကျော် ... သားကို အရင်ခေါ်သွား။ ခေါ်သွား"

ပိုးတီရဲ့မျက်စိရှေ့မှာ သူတို့တွေပဲ ဂယက်တွေထနေကာ မင်းသားလည်း ထွက်သွားရော ဟိုမင်းသားအဘွားဖြစ်သည့် ခေါင်းဖြူဖြူနှင့် အဘွားအခြောက်မကြီးက စတင်၍ ကော်တော့တာဖြစ်သည်။

"ဟဲ့ ... နင်က ဘယ်ကတုန်း။ အမယ်လေး ... ရှိုင်းရှိုင်းလိုက်တာ၊ ငါ့မြေးကို တွန်းချတာ နင့်ကို လုံးဝမကျေနပ်တော့ဘူး။ တောရုပ်တောင်ရုပ်နဲ့ နင်ကများ ငါ့မြေးကို ဂျွန်ဆန်ချင်တယ်ပေါ့လေ။ ဟော့ ... နင့်ကိုတိုင်မယ်"

"ဟုတ်တယ်။ ဟဲ့ ... နင် ငါ့သားကို တမင်လုပ်တာ ဒီမှာ ... နင်က ဘာကောင်မမို့လို့လဲ။ အမယ်လေး ... ငါတို့က ပိုးလိုဥထားတဲ့သူကို"





ပိုးတီရဲ့အရှေ့မှာ အဲဒီအခြောက်မကြီးရယ်၊ ပြီးတော့ ခါမေမေရယ်က ရက်ရက်စက်စက်ကို nonstop ကက်ကက်တွေ သန်နေတာကြောင့် ပိုးတီက ပြောချိန်တောင် မရဘဲ နှုတ်တို့ ဆုံ့အနေချိန်မှာ ပိုးတီရဲ့ဘက်ကနေ အပြေးအလွှား ရောက်လာ သာကတော့ မကြီးပဲ ဖြစ်၏။

"ဟယ် ... ဟယ် ... ညီမလေး။ မေမေရေ ... မေမေ ... ဒီမှာ ပိုးတီကို အနိုင်ကျင့်နေတယ်။ လာပါဦး။ ဟော့ ... ဟော့"

"မကြီး"

ပိုးတီက အားကိုးတကြီးလေသံဖြင့် "မကြီး"ကိုခေါ်လိုက်လျှင် မကြီးဟာ ပိုးတီဆီသို့ အမြန်အဆန် ရောက်လာကာ ပိုးတီ့ရှေ့မှာ မားမားမတ်မတ်ရပ်ကာ ...

"ဒီမှာ ... ဒီမှာ ... ရှင်တို့က လူကြီးတွေဖြစ်ပြီး ဘယ်လိုကြောင့် ကျွန်မညီမကို ဒီလောက်တောင် ရှိုင်းရှိုင်းစိုင်းစိုင်း ပြောနေရတာလဲ"

"ဟဲ့ ... နင့်ညီမကမှ အရှိုင်းအစိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... အန်တီ စကားကို ကြည့်ပြောပါ"

ပိုးတီက အားကိုးလည်း ရှိလာပြီဆိုတာက တစ်ကြောင်း၊ စိတ်ကလည်း တိုသွားတာကတစ်ကြောင်းမို့ ပြောလိုက်လျှင် အဲဒီမင်းသားရဲ့ အဘွားနဲ့အမေက ဆွေ့ဆွေ့ခုန်နေရိုန်မှာ မေမေက ထပ်ရောက်လာလျှင် ပိုးတီတို့ဘက်က အင်အားတောင့်လို့ သွားလေ၏။

"သမီး ... သမီး ... ဘာဖြစ်တာလဲ"

"ဒီမှာ ... ဒီမှာ ... ရှင်က ဒီဟာမရဲ့ အမေလား"

"ဟဲ့ ... ရိုင်းလှချည်လား။ ငါ့သမီးကို ဘာကိစ္စနဲ့ ဟာမ ဖြစ်ရတာလဲ။ စကားပြော ဆင်ခြင်"

မေမေက သိတဲ့အတိုင်း သူ့သားသမီးတွေ ထိလို့ကတော့ ခံတာမဟုတ်တာကြောင့် အဲဒီမှာ စတွေ့ကြပြီဖြစ်၏။ မေမေက စိတ်ဆိုးမာန်ဆိုး ပြောလိုက်လျှင် မင်းသားရဲ့အမေ လည်း ချီခါနေအောင် မဲ့ရွဲ့ပြရင်းက ...

"အမယ်လေး ... အမေကစမှတော့ ဒီပဲပေါ့။ ဒီမှာ ... ရှင့် သမီးက ကျွန်မသားကို ဆောင့်တွန်းလိုက်လို့ သားသား ဖင်ထိုင်ရက်သောင် ပြုတ်ကျသွားရတာ ...





ဩော် ... ရှင်သိပါတယ်။ ကျွန်မသားက မင်းသား ဆိုတာ"

"သိတယ်လေ၊ အဲဒီတော့ ဘာဖြစ်လဲ"

"ဟယ်"

"နေ ... နေ ... ပိုးဖြူ။ ဒီကိစ္စ ငါပါမှဖြစ်မှာ။ ဒီမှာ ... ကျွန်မတို့က ဒီခြံမှာ စတင်ကားလာရိုက်နေကြတာ။ ရုပ်ရှင် မင်းသားတစ်ယောက်ကို ရှင့်သမီးက ဒီလို ကိုယ်ထိလက် ရောက် ပြုမူလိုက်တယ် ဆိုကတည်းက ကျွန်မတို့က ပုဒ်မတောင် တပ်လို့ရနေပြီ။ ရှင့်ကို ကျွန်မတို့ဘက်က မိဘဆန်ချင်လို့ အေးဆေးပြောနေတာ"

ရှင့်သမီးကို ကျွန်မတို့က လုံးဝမကျေနပ်ဘူး"

အဲဒီ အခြောက်မ အဘွားကြီးက ဝင်ပါလာတာ ကြောင့် မေမေ့ဒေါသက ငယ်ထိပ်ဆောင့်တက်လာကာ ...

"ဒီမှာ ... ကျွန်မတို့သမီးကလည်း ကျွန်မတို့အတွက်တော့ မင်းသမီးပဲ။ ရှင်တို့တွေက ကလေးကို ရှင့်ရှင့်သီးသီးပြော နေတာကိုလည်း ကျွန်မက လုံးဝမကျေနပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မလေး(အမလေး) ... မလေး။ ဘယ်လိုဟာတွေတုံး။ ငါ့ကို ကက်သလီယာ(ကက်ကက်လန်)တွေ လာဖွင့်နေတာ။ ငါပြန်ဖွင့်လိုက်လို့ အပွင့်လိုက်တွေ ဖြစ်ကုန်တော့မယ် ...

ဟဲ့ ... နင့်သမီးကိုက ဂရော်တွေ ထော်နေတာလေ။ လူတွေကဖြင့် ပုလိုက်ဖာလိုက်တဲ့ ကလော်ကလယ်ဟာတွေ"

"ဒီမှာ ... ရှင် ဘာတွေပြောနေတာလဲ။ လူစကားကို လူနားလည်အောင် ပြောစမ်းပါ။ ဘာတွေ ပြောနေတာလဲ"

"ဟမ်မလေး ... ဘာသာဗေဒတွေကို ရှင့်ကို သက်သက် တစ်ရက်ချိန်းပြီး ပို့ချပေးရဦးမှာလား။ မူးလိုက်တာ ဟာကြူလီမရယ်"

"ဘာ"

မမေ့ရဲ့"ဘာ"သံက မိုးထိကျယ်သွားလေလျှင် ဒေါသမဟာက အဆုံးစွန် တောက်လောင်ပြီဆို အပီအပြင် ဝက်ဝက်က ကွဲချေပြီ ဖြစ်၏။ မေမေနှင့် မင်းသားရဲ့အသွား အမေဟာ အပြိုင်အဆိုင်ကို ၍တော့မယ့် စမတ်ဒေါင်းပွဲကြီး ဖြစ်သွားပြီဖြစ်သည်။





"ဘာ ... ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

"ဩော် ... ဟော် ... ဟော် ... ထပ်မံနားဆင်ချင်သေးလား။ ဟာ ... ကြူ ... လီ ... မ ။ စည် ... ဝိုင်း ... မ"

"တောက် ... ဟဲ့ ... စကားပြောတာက ရှိုင်းစိုင်းလိုက်တာ။ မရိုင်းနဲ့ ယောကျ်ားမရဲ့"

"ဘာ"

"ဟဲ့ ... ဟာကြူလီမ ... ငါ့မယ်မယ်ကို ဘာစကားပြောတာလဲ။ ဒါကြောင့်မို့ တစ်မျိုးလုံးက အီးပေါလောတွေ ဖြစ်နေကြတာ"

"ဘာ ... အီးပေါလော။ ဟုတ်လား။ ပေါ ... မပေါစမ်း ကြည့်လိုက်ပါလား သွားခေါ်မရဲ့"

"နင်ကများ ငါ့ကို ရာရာစစ ..."

"လုပ်လေ ... လုပ်ကြည့်လိုက်စမ်း သွားခေါ်မ"

"ဟာ ... မေမေ ... မေမေ"

လက်ပါခြေပါ အခြေအနေထိပါ ရောက်တော့မှာမို့ ...တို့ကလည်း မေမေ့ကို အတင်းဆွဲချိန်မှာ ရှုတင်အဖွဲ့သား ...ပါ အတင်းဝင်လာ၍ ဆွဲတော့မှ ပွဲကပြီးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လာပါ မေမေရယ် ... လာပါ"

ပိုးတီတို့က အတင်းဆွဲခေါ်လာမှ ပွဲကငြိမ်သွားလေတော့သည်။ ဒီလောက် ရန်စကားတွေ ပြောဖြစ်သွားတဲ့အထိ ဖြစ်မယ်လို့လည်း ပိုးတီ ထင်မထားမိသလို ရန်ကုန်မြို့မှာနေတဲ့ ရုပ်ရှင်မင်းသားတစ်ယောက်ကိုလည်း အဲလိုမျိုး ဖင်ထိုင်ရက်ပြုတ်ကျအောင် တွန်းမိသွားမယ်လို့လည်း ပိုးတီက အိပ်မက်တောင် ထည့်မမက်ဘူးခဲ့ပါချေ။

❦ ◇ ❦





(၉)

"အဲဒီခြံမှာတော့ ကျွန်မ ဆက်မရိုက်နိုင်တော့ဘူး။ ဒါရိုက်တာကြီး location ကို ချိန်းလိုက်ပါတော့"

မယ်က တကယ်ပဲ စိတ်ဆိုးမာန်ဆိုးဖြင့် ဒါရိုက်တာကြီးကို လိုကေးရှင်းပြောင်းနိုင်းလျှင် ဒါရိုက်တာက မယ့်ရဲ့ဆန္ဒကို ငြင်းဆန်စွာဖြင့် ...

"မဖြစ်နိုင်ဘူးလေ။ ဓာတ်က တစ်ဝက်ကျိုးနေပြီ"

"အမယ်လေး ... ဒါရိုက်တာကြီးရယ်။ ဒါရိုက်တာကြီးတို့က တကယ့် ဝါရင့်တွေပဲဟာ။ ဒီလောက်ကတော့ လိမ်ရိုက်တတ်ပါတယ် ...

မယ်မယ်နဲ့ အဲဒီခြံပိုင်ရှင်တွေနဲ့ ဘယ်လိုတွေ ပြဿနာတက်ကြတယ်ဆိုတာ သိနေတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို location က ပြောင်းချင်တိုင်း ပြောင်းလို့မှမဖြစ်နိုင်တာ။ ခင်ဗျားတို့ပြဿနာတွေကြောင့် location ချိန်းဆိုတာက အဓိပ္ပာယ်မရှိဘူး။ ဒီမှာ ... ဒေါ်မြင့်မိုးမယ်၊ ခင်ဗျားလည်း အနုပညာစိတ် ရှိတဲ့သူပဲဗျာ ...

ဒီပြဿနာကြောင့် ဆိုရင်တော့ location ချိန်းမနေနဲ့။ ဒီကားကိုသာ ဘရိတ်လိုက်တာ။ ခင်ဗျား location ချိန်းတာနဲ့ အဲဒါ ဇာတ်ကိုဖျက်တာ။ ဇာတ်ကိုသတ်လိုက်တာပဲ"

"အမယ်လေး ... အမယ်လေး ... တော်ပါပြီ ဒါရိုက်တာကြီးရယ်။ ဒီလောက် ဝန်းချလိုက်ရရင် ကျေနပ်ပါတော့။ ကဲ ... ပိုးဖြူ၊ ဘာမှ ဝင်ပြောမနေနဲ့တော့။ အဲဒီလိုအစုတ်အပြတ် မိသားစုကို ငါတို့ သွားကြည့်နေရင် သားသားရဲ့ အောင်မြင်မှုကိုပဲ ထိနိုက်လိမ့်မယ်။ ဒီတစ်ကားပြီးအောင်တော့ သည်းခံရမှာပဲ ...

ကဲ ... ကဲ ... ဒါရိုက်တာကြီး ကျွန်မတို့ပြောတာ လွန်သွားတာရှိရင် တောင်းပန်တယ်နော်။ ကားသာပြီးအောင် ဆက်ရိုက်ပါတော့"





မယ်က သားရဲ့မျက်နှာတစ်ခုအတွက်သာ ငဲ့ကွက်လိုက်ရင်း ခေါင်းညိတ် လက်သင့်ခံပေးလိုက်ရပေမယ့် အဲဒီ ကျီးအာသီးမိသားစုကိုတော့ တစ်စက်ကလေးမှ မကျေနပ်ပါပေ။

❀ ✧ ❀

စေတနာ၊ အကြံပြုစာ၊ စိတ်ဆောက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ မှူးစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**



www.burmeseclassic.com

www.burmeseclassic.com



"အား ... ကျွတ် ... ကျွတ် ... ကျွတ်"

မောင်မင်းက အိပ်ရာပေါ်မှာ မှောက်ခုံအနေအထားဖြင့် ခါးတစ်ပြင်လုံးကို ရေနွေးအိတ် ကပ်ထားရလေသည်။ ဟိုမိန်ကလေး တွန်းချလိုက်တာဟာ သူ့မှာ ခါးလည်းမျက်၊ မြီးညှောင့်ရိုးကလည်း အောင့်ခနဲဖြစ်ရကာ နေရတာဟာ တကယ့် မအီမသာပဲဖြစ်၏။

"သားသားရေ ... ဒီနေ့ ရှုတင်သွားရမယ်နော်"

"ဗျာ"

မေမေ့ရဲ့အသံ ကြားလိုက်ရလျှင် သူ့မှာဒဏ်ရာနာတာတွေက ပိုတောင် နာသွားရလေသည်။ အား ဟား ဟား ... ရှုတင်က သွားရဦးမှာလားကွာ။

"မေမေ ... ဒီနေ့ shoting က သွားရဦးမှာလားဗျာ"





"သွားရမှာပေါ့ သားလေးရဲ့။ မနေ့ကလည်း တစ်ရက် နားပြီးပြီဟာ"

"စိတ်ညစ်လာပြီ မေရာ။ သား မသွားချင်ဘူး"

"အယ် ... အဲဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ။ အများနဲ့ အလုပ်လုပ်ရတဲ့ အလုပ်လေ။ သွားရမှာပေါ့ သားရဲ့"

မေမေက သူ့ရဲ့ကျောပြင်ကို ဖွဖွပုတ်ပေးရင်း ချော့မော့ခေါ်လေတာကြောင့် သူက ခေါင်းအုံးအောက်ထဲ မျက်နှာဝင်နေလိုက်ရင်းက ...

"အား ... ဟား ... စိတ်ညစ်တယ်"

"လိမ္မာပါတယ်။ သားက အခုမှ နာမည်ရခါစပဲ ရှိသေးတာလေ။ စော စော ပျက်တယ်ဆိုတော့ ဘယ်ကောင်းပါ့မလဲ။ သား ဘွားမယ်ကို ထည့်တွက်ဦးလေ"

မောင်မင်းက ဟားခနဲ သက်ပြင်းရှည်ကြီး တစ်ခုနဲ့အတူ ထထိုင်လိုက်ရင်း စိတ်ပျက်လက်ပျက် မျက်နှာကြီးဖြင့် ...

"ဟား ... ပြီးရောဗျာ။ မင်းသား လုပ်ရတဲ့ဒုက္ခက မလွယ်ပါဘူး မေမေရာ။ စိတ်ညစ်တယ်၊ ဒီနေ့ သားက ဘယ်နှဆင်းလ် ပါတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်အများကြီး မဟုတ်ပါဘူး သားလေးရဲ့။ လေးဆင်းလ်တည်းပါ။ ဒီနေ့က Be fall မှာလေ"

"အာ ... အဲဒါတွေက Heavy Scene တွေ မှလား"

"အင်း ... သားသားကလည်း ချေးမများပါနဲ့ကွာ။ သားရဲ့ ဘွားမယ်က သားလေး အောင်မြင်မယ့်၊ သားလေး လုပ်ကွက်ရတဲ့ ဇာတ်တွေကိုပဲ သေချာရွေးထားတာလေ။ သားကို ပံ့ပိုးပေးနေတဲ့ Actor ကြီးတွေကိုလည်း သားက အားနာရမယ်လေ ...

ဒီနေ့က BE fall မှာ ဆိုတော့ ဟိုအနောင့်မတွေ ခြံထဲမှာလည်း မဟုတ်ပါဘူး။ သားသား အေးအေးဆေးဆေး သက်သက်သာသာလေး သရုပ်ဆောင်ရုံပါပဲ"

မေမေက သူ့ကို လုံးဝကို ဖွတ်တွန်း တွန်းနေတော့တာကြောင့် မောင်မင်းက ခေါင်းတစ်ချက်ညိတ်ပြရင်း ...

"အင်းပါ ... မေမေရာ။ အဲဒါဆို သား ရေချိုးလိုက်ဦးမယ်။ ကျော်ကျော် အဝတ်အစားတွေ သေချာစီစဉ်ထားနော်"

သူက မှာစရာရှိတာတွေကို ကျော်ကျော့်ကို လှမ်းမှာလိုက်ရင်း ခုတင်ပေါ်ကဆင်းကာ ထော့နင်း ထော့နင်းဖြင့်





ရေချိုးခန်းဆီသို့ လျှောက်လာခဲ့၏။ Bathtub ထဲမှာ ရေစိမ်ကာ စိတ်အပန်းဖြေပြီး နောက်မှာတော့ သူ ရေမိုးချိုးပြီးသွားလျှင် မာမီက သူ့ကို မိတ်ကပ်လိမ်း ဆံပင်ပုံသွင်းပေးပြီး အားလုံး ready ဖြစ်သွားချိန်မှာ သူဟာ လန်ထွက်နေတဲ့ မောင်မင်းသခင် ဖြစ်လို့သွားချေသည်။

လူက လန်ထွက်ပေမယ့် လမ်းလျှောက်ရင်တော့ ထော့နင်း ထော့နင်း ဖြစ်ချင်တာကြောင့် ပွမ်းတာက ပွမ်းလေ၏။ အဲဒါတွေအားလုံးဟာ ဟိုကောင်မလေးကြောင့် ဖြစ်ရတာတွေ။ သူက တွေးနေရင်း ဒေါသက ပိုထွက်လာရတာကြောင့် သူ့စိတ်ကိုသူ မနည်းလျှော့နေရတာဖြစ်သည်။

အဲဒီလိုဖြင့် Shotting ကို ရောက်တော့ သူ့မှာ မနည်းမနောသော mood ကို သွင်းယူကာ ရိုက်နေရတာဖြစ်သည်။

ဝါသနာမပါဘဲ ဖွတ်လုပ်နေတဲ့ အချိန်မှာ သူ့အတွက် ခုတင်မြန်မြန်ပြီးဖို့ကသာ အဓိကဖြစ်၏။

❀ ✧ ❀



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီတို့ သူငယ်ချင်းတစ်စုက မဆုံတာကြာပြီဖြစ်တဲ့ နန်းမွှန်ရဲ့ဆိုင်ကို အလည်လာကြတာဖြစ်သည်။ BE fall ရဲ့ ရေတံခွန်အလှတွေနဲ့အတူ ဒီဘက်ခြမ်းရဲ့ အစီအရီ ဆိုင်ခန်းလေးတွေက ပိုးတီ စိတ်ထဲမှာတော့ တကယ်ပဲ ပန်ရလေသည်။ အဲဒါကြောင့်လည်း ပိုးတီက ဒီဘက်ကို ဓဏဓဏ လာဖြစ်တာဖြစ်၏။

"ဆိုင်ကို အမေနဲ့ထားခဲ့ပြီး ငါတို့ မုန့်သွားစားကြမယ်လေ"

"စားမယ် ... စားမယ်။ အဲ ... နေဦး ... ဟဲ့ ... ပိုးတီ။ ဟို ... ဟိုမှာ ရုပ်ရှင်ရိုက်နေတာလား မသိဘူးနော်"

"အေး ... ဟုတ်တယ် ... ဟုတ်တယ်။ သွားကြည့်ရအောင် ဘယ်မင်းသား မင်းသမီးတွေလည်း မသိဘူး။ လာ ... လာ"





နန်းမွှန်၊ သက်ထား၊ ဖြူကို သူမတို့သုံးယောက်က ဖျပ်ဖျပ်ခါလူး၍ အဲဒီရုပ်ရှင်ရိုက်နေတဲ့ဆီကို သွားလျှင် ပိုးတီမှာ တားမရ ဆီးမရဖြင့် သူမတို့နောက် လိုက်ရလေတော့သည်။

"ဟဲ့ ... ဟဲ့ ... နေဦးလေ"

ပိုးတီက အဲဒီရိုက်ကွင်းကို လှမ်းလို့ကြည့်လိုက်လျှင် မင်းသားက ဟိုလူဖြစ်နေတာကြောင့် ပိုးတီက တိုက်ပဲတိုက်ဆိုင်လွန်းလှစွာ လာဆုံတာကိုပဲ အမြင်ကတ်လှပေသည်။

"ဟဲ့ ... ဟဲ့ ... ဟိုဟာ ရုပ်အကျီကြော်ငြာတဲ့ မင်းသားလေးမှလား။ ဟယ် ... အပြင်မှာချောလိုက်တာ။ ပိုတောင်ချောသေးတယ်။ ဟိုမှာ ... မင်းသမီး ရွှေရုပ်။ ချစ်စရာလေးဟယ်။ အတော်ပဲ ဓာတ်ပုံသွားရိုက်ရမယ်"

"ဟာ ... မသွားချင်ပါဘူးဟာ"

ပိုးတီက ငြင်းလိုက်လျှင် သူတို့တွေက ပိုးတီကို ပြူးကြောင်ကြောင် မျက်လုံးဖြင့် ကြည့်ရင်းက သဘောပေါက်ဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... နင်က နင့်ခြံထဲမှာ လာရိုက်တဲ့ မင်းသားမို့လို့ ငါတို့နဲ့ ဓာတ်ပုံတွေ မရိုက်စေချင်တဲ့ သဘောပေါ့လေ — ဟုတ်လား"

"ကျစ် ... မဆိုင်လိုက်တာဟာယ်။ ဟို ... ငါ ... ငါဆိုလို ချင်တာက နင်တို့ဘာသာ သွားရိုက်လို့။ ငါ မလိုက်ဘူး။ အဲဒါ ပြောတာ"

"ဟွန်း ... မလိုက်လည်း နေပေါ့။ မင်းသားလေးနဲ့ဓာတ်ပုံ သွားကိုရိုက်ဦးမှာ"

တားလည်း ရမှာမဟုတ်တာကြောင့် ပိုးတီက တားနေတော့ဘဲ သူတို့ကို လှမ်းသာကြည့်နေလိုက်သည်။ နင်တို့ဘယ်လို အချေခံရမလဲဆိုတာ ငါစောင့်ကြည့်နေမယ် နန်းမွန်တို့ရေ။ သူ့အမေ ခေါ်ချေချေ၊ သူ့အဘွား အချေခြောက်တို့ရဲ့ ပုံသွင်းမှု အတိုင်း အဲဒီမင်းသားက နာမည်ကိုက အချေ။ မောင်မင်းသခင်တဲ့။ ပိုးတီက စိတ်ထဲကနေ မေတ္တာတွေ ပို့နေပေမယ့် ပြည်သူ့





အချစ်တော် မင်းသားလေးကတော့ အားလုံးရဲ့ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်ခွင့်ရထားသူပီပီ ကိုဗေဒါ ပန်းပန်ဆဲပင်။

"သခင့်ကို အရမ်း အားပေးနေတယ်နော် သိလား။ သခင်က အပြင်မှာတောင် ပိုချောသေးတယ်"

"ဟုတ် ... ကျေးဇူးပါဗျာ"

"ဓာတ်ပုံတူတူ တွဲရိုက်မယ်နော်။ ဟဲ့ ... ပိုးတီ ... ပိုးတီ ခေါလာပါဦး"

ဟား ... သေရောကွာ။ ပိုးတီက မမြင်အောင်နေပါ ဘယ်ဆိုမှ နန်းမွန်က ဓာတ်ပုံရိုက်ခိုင်းဖို့ လှမ်းခေါ်လေလျှင် ပိုးတီကိုလည်း အဲဒီမင်းသားက မြင်သွားပြီမို့ ပိုးတီက သွားရ တော့သည်။

"သခင် ... ဒါက နန်းမွန်တို့ သူငယ်ချင်း ပဲပိုးတီတဲ့။ သခင့်ကို အရမ်းကြိုက်တာလေ"

"ဟဲ့ ... နန်းမွန် ...



www.burmeseclassic.com

www.burmeseclassic.com



နင်တို့ ဓာတ်ပုံရိုက်မလို့မှလား။ ပေး ငါရိုက်ပေး မယ်”

ပိုးတီက စကားစကို ဖြတ်လိုက်ကာ ဖုန်းကင်မရာကို ဖွင့်လိုက်ရင်း ဓာတ်ပုံရိုက်ပေးလိုက်၏။ ကင်မရာ focus ကနေ တစ်ဆင့် အဲဒီမင်းသားရဲ့ ပြုံးရီရီ မျက်နှာထားဟာ ပိုးတီအတွက် တကယ်ပဲ ကတုန်ကယင် ခံစားမှုကြီးကို ဖြစ်ပွားစေ၏။

“သားရေ ... ရိုက်ရအောင်တဲ့။ ဒါရိုက်တာ ခေါ်နေပြီ။ သမီးတို့ ကျေးဇူးပဲနော်။ သားလေးက အလုပ်လေးရှိသေး လို့။ သားသား ... လာ”

မင်းသားရဲ့အမေက သူ့သားကို ဆွဲခေါ်သွားလျှင် ပိုးတီတို့က အဲဒီမှာ မတ်တတ်ကြီး ကျန်နေခဲ့၏။ ပိုးတီမှန်းသိ လို့ အဲဒါ တမင်လုပ်သွားတာ။

“ဟဲ့ ... မင်းသားနဲ့ ဘာတော်တာလဲ။ နင် သိလား ... ပိုးတီ”





သက်ထားက လိုက်စပ်စုရင်း ပိုးတီကို အသာလက် ကုတ်ကာ ခပ်တိုးတိုး မေးလေလျှင် ပိုးတီက စိတ်မရှည် လက် မရှည် လေသံဖြင့် ပြန်ဖြေလိုက်သည်။

“သူ့အမေလေ”

“ဗုဒ္ဓေါ ... အဲ ... အဲဒါ ... သခင့်ရဲ့အမေ ဟုတ်လို့လား။ ဟယ် ... ဒီအဆင်နဲ့ ဒီအဆင်ဟယ်”

“အေးဟယ် ... သားအမိ။ မယုံနိုင်စရာ ... ဒီလောက် ခေါ်ပြီး ရုပ်ဆိုးတဲ့ ဘွားတော်ကြီး ဒီလောက်ဆင်တဲ့ သား ကို မွေးထားတယ်။ ဟယ် ... အံ့သြစရာ”

တစ်ယောက်တစ်ခွန်း ဝေဖန်ချက်တွေအဆုံးမှာ ပိုးတီ က မှတ်ချက်တစ်ခုကို ခပ်ရွဲ့ရွဲ့ ပြုပေးလိုက်သည်။

“ဟင်း ... တူပါတယ် သူ့အမေနဲ့”

“အမ် ... ဘာတူလို့လဲ”

ပိုးတီ စကားကြောင့် သူငယ်ချင်းတွေက ပြူးပြူး ပြဲပြဲဖြင့် စူးစမ်းသလို စိုက်ကြည့်ကာ မေးခွန်းအသည်းအသန်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်တာမို့ ပိုးတီက အဲဒီ ရှစ်ထိုးနေတဲ့ဟာမတွေကို အမြင်ကတ် လှစွာ မျက်စောင်းတစ်ချက်ထိုးရင်း ဖြေလည်းဖြေရင်း အဲဒီရိုက် ကွင်းနားကနေ ဝေးဝေးထွက်လာခဲ့သည်။

"ချေတာလေ။ နင်တို့ပဲ ရှစ်ထိုးပြီး ခတ်ပုံရိုက်။ တကယ် ပဲ ... သွားမယ် ... လာ"

❀ ✧ ❀





(၁၀)

တစ်နေ့ကုန် ရှူတင်မှာ ပင်ပန်းခဲ့သမျှ မွေ့ရာပေါ် လှဲချလိုက်မှပဲ အမောပြေသွားသလို ခံစားရလေသည်။ တစ်နေ့ တစ်နေ့ မနက်ဆို ကိုးခွဲလောက်အရောက် ရှူတင်သွား၊ တစ်နေ ကုန်ကားရိုက်၊ ကိုယ် Professional life ကိုက virtual word (အတုအယောင်ကမ္ဘာ)ထဲမှာ ပျော်မွေ့နေရတာကြီးမို့ သူက သူ ပေးတဲ့ စရိုက်တွေကို ပင်ပင်ပန်းပန်း သရုပ်ဆောင်ခဲ့ပြီး သကာလ ဟိုတယ်ပြန်ရောက်ပြီ ဆိုတာနှင့် လူက charging down ပြီ ဖြစ်သည်။

သူ့မှာ အိပ်ရတဲ့ အချိန်လေး တစ်ချိန်သာ လွတ် လပ်မှုရှိတာဖြစ်၏။ ကျန်တဲ့အချိန်တွေဆို သူ့ဘေးနားမှာက အခြံအရံတွေနဲ့ စိတ်တွေ အင်မတန် ရှုပ်ထွေးရတာပဲ ဖြစ်သည်။ ဒါတောင် သွားမယ်နဲ့ မေမေက သူ့အခန်းမှာ ဟိုနှစ်ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးထားမလို့။ သူက မလိုပါဘူး အတင်းတားမှ သူစာင်ယောက်တည်း တစ်ခန်းနေခွင့်က မရချင် ရချင်နှင့် ရလိုက်ရတာဖြစ်သည်။

"တီ ... တီ ... တီ ... တီ"

ဖုန်းသံလေးက မြည်လာတာကြောင့် မောင်မင်းက သူ့ဘောင်းဘီထဲ ထိုးထည့်ထားတဲ့ ဖုန်းလေးကိုထုတ်ကာ နံပါတ်ကြည့်လိုက်လျှင် ဟိုကောင်တွေဆီကမို့ ပျော်ရွှင်သောစိတ်နဲ့အတူ ဖုန်းကိုင်လိုက်သည်။

"အေး ... သားကြီး ပြော"

"ဟယ်လို ... မင်းသားကြီး ပြင်ဦးလွင်မှာ တော်တော်ပျော်နေရဲ့လားကွ။ ဖုန်းလည်းမဆက် Viber လည်းမလာ။ facebook လည်း မသုံးနဲ့"

မောင်မင်းက အဲဒီစကားကြောင့် ပြုံးမိလို့သွားပါသည်။ သူများ မင်းသား မင်းသမီးတွေဆို အားတိုင်း ဖုန်းဆီအာရုံရောက်ကာ ပွတ်နေကြပေမယ့် သူ့မှာတော့ ဘွားမယ်နှင့်မေမေ့ control အောက်မှာတင် အချိန်စာရင်းတွေက တိုင်ပတ်နေတာကြောင့် အင်တာနက်တောင် မဖွင့်မဖြစ်ပါချေ။





"ငါ အလုပ်တွေ နည်းနည်းများနေလို့ပါကွာ။ ကားရိုက်က Day Night ဆက်နေလို့ကွ။ မင်းတို့ကော ဘာလဲ လူစုံနေကြတာလား"

"ဟုတ်တယ်ကွ။ ငါတို့က အခု on the way မှာ။ GTR ကို go နေတာလေ"

"ဟ ... ကောင်းလှချည်လား"

"ကောင်းရမယ်လေကွာ။ ဒီနေ့ ရာစုက ပါတီလုပ်တာလေ။ ဒါကြောင့် ငါတို့တွေက အဲဒီမှာ သွားလန်းမလို့။ မင်းကို သတိရတာနဲ့ လှမ်းဆက်လိုက်တာ။ မင်းကော အခု ရှုတင်မှာလား"

"ပြန်ရောက်နေပြီ။ ပင်ပန်းလွန်းလို့ပါကွာ။ ငါက ဖြစ်နိုင်ရင် မင်းတို့နဲ့ Club "မှာ လာကဲချင်တာကွ"

"ဟား ဟား ... ဒါကတော့ ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပဲလေကွာ။ ဆယ်လီတွေက ဒီနေရာမှာကျ မငေါ်နိုင်တော့ဘူး။ ဟား ... ဟား ... ဒါပဲ ... ဒါပဲ ... ဟေ့ကောင်။ နောက်မှ ဖုန်းပြန်ဆက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး … အေး … သားကြီး ဒါပဲကွ"

ဖုန်းချသွားပေမယ့် သူ့စိတ်တွေကတော့ အဲဒီ ရန်ကုန်က GTR ဆီ မျောလွင့်လို့ သွားချေသည်။ သူ့ဘော်ဒါတွေ လန်ထွက်ပျံတက်ကာ ပျော်ပါးနေချိန်မှာ သူကတော့ ပြင်ဦးလွင်မှာ သာတဲ့လအဖြစ် ငွမ်းလို့နေတာ ဖြစ်သည်။ Club ထဲမှာ အင်ရှိတ်ရတဲ့ လွတ်လပ်ပျော်ရွှင်မှုက သူ့အတွက်တော့ ဒီအချိန်မှာ လွမ်းစရာကြီး ဖြစ်လို့နေ၏။

မောင်မင်းက လူငယ်မဆန်နိုင်တဲ့ လူငယ်အထာတွေ ပိုင်ဆိုင်နေရခြင်းကို စိတ်ပျက်မိရင်း ဟိုနေ့က နွားခြံထဲမှာ DJ Beat တွေ အကျယ်ကြီးဖွင့်ကာ ကိုးရိုးကားရား က,ကွက်တွေဖြင့် လွတ်စကွတ် ဒွန့်နေသော ကောင်မလေးကို မြင်ယောင်မိသွားသည်။ အဲဒီ ကောင်မလေးရဲ့ ဘဝဟာလည်း ဘာပဲဖြစ်ဖြစ် သူ့ထက်တော့ အဆပေါင်းများစွာ လူငယ်ဆန် လွတ်လပ်မှုရှိတာပဲဖြစ်သည်။

သူ့အဖြစ်က ရွှေပုံပေါ် ဖင်ခုထိုင်ထားပြီး ရွှေပုံကြီးကို စိတ်မချလို့ မအိပ်နိုင်တဲ့ သူတစ်ယောက်လို တာဝန်ဝတ္တရား





တွေဖြင့် ပြည့်နှက်နေတာပဲဖြစ်သည်။ ပြီးတော့ သူဝါသနာပါတဲ့ အလုပ်အတွက်ဆို တော်သေးသည်။ ဝါသနာမပါဘဲ လုပ်နေရတဲ့ သံပတ်ပေးစက်ရုပ် ဒါမှမဟုတ် ကြိုးဆွဲရာက,နေတဲ့ ရုပ်သေးမင်းသားရုပ် ဘဝကြီးထဲမှာ သူ တကယ်မွန်းကျပ် ပင်ပန်းလှပါသည်။

အဲဒီအတွက် …။ ။

※ ◇ ※



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

ဟိုတယ်ဝင်းထဲကနေ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားကာ မျက်မှန်အမည်းကြီးတပ်၍ သုတ်သုတ်, သုတ်သုတ်ထွက်လာခဲ့သည်။

မနက်ငါးနာရီခွဲပဲ ရှိသေးတာကြောင့် ဆောင်းငွေ့လေ အေးအေးလေးဖြင့် သာယာတဲ့ မနက်ခင်းပိုင်းမှာ သူကတော့ ဂယက်တွေထနေတာပဲဖြစ်၏။ ဒီနေ့တော့ သူ စွန့်စားပြီဖြစ်သည်။ တစ်နေ့ တစ်နေ့ ရှူတင်က ဟိုတယ်၊ ဟိုတယ်က ရှူတင် life ထဲမှာ မနေလိုပြီ။ ဒီနေ့တော့ လွတ်လွတ်လပ်လပ်ကို ကဲမည်။





မောင်မင်းက သူ့စိတ်ထဲက အာသီသကို ဖော်ထုတ်နိုင်ဖို့အတွက် ဆံပင်အတုစွပ်၊ အဲဒီပေါ်မှာ ဦးထုပ်ထပ်ဆောင်း၊ ပြီးတော့ မျက်မှန်အမည်းကြီးတပ်ကာ ရုပ်ကို ဖုတ်သရဲ့ မှုတ်သရဲ့ဖျက်ပြီး ဟိုတယ်ထဲက မြန်မြန်ထွက်လာခဲ့သည်။ အရေးကြီးတာ သူ ဒီက အရင်အပြင်ရောက်ဖို့ပဲ အရေးကြီးသည်။ မောင်မင်းက ရထားလုံးငှားဖို့အတွက် အရှေ့ကိုပဲ အာရုံရကာ ဆေး၍ရှူးစမ်းနေတုံး အနောက်က "တီ"ခနဲ ဟွန်းသံကြောင့် လန့်ဖျပ်သွားကာ ဘေးကိုပါ အလိုလို ခုန်လိုက်ပြီးသားဖြစ်၍ ဟန်ချက်ကလွဲကာ လမ်းဘေးသို့ ပြုတ်ကျလေ၏။

"အောင်မယ်လေးဗျ"

"ဟယ် ... ဒုက္ခပါပဲ။ ဟို ... ဟို ... ဘာဖြစ်သွားလဲဟင်"

ပိစိညှောက်တောက် အသံလေးက သူ့နားထဲသို့ ဝင်ရောက်သွားတာကြောင့် မောင်မင်းက လဲကျတာကို အရင်မေ့ထားနိုင်သေးဘဲ အဲဒီမေးခွန်းပိုင်ရှင်ကို ကြည့်လိုက်လျှင် သူက ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ခနဲ ဆောင့်ကြောင့်ထိုင်မိသွားကာ အံ့သြတကြီးဖြင့် လက်ညှိုးထိုးကာ စကားဆက်နိုင်ခြင်းမရှိဘဲ နှင်နေတာဖြစ်၏။

"ဟင် ... မင်း ... မင်း"

"ဟယ် ... မင်းသား။ ဟောတော့် ... ဘယ်လိုဖြစ်တာလဲ"

သူက မထနိုင်သေးခင် ဟိုဂေါ်လီတော့သူက သူ့လိုပဲ ဘေးနားမှာ ငုတ်တုတ်ထိုင်ရင်း အမေးပြုလျှင် မောင်မင်းက ဒီအခွင့်အရေးကို အသုံးချဖို့ ကြံစွယ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် ဒီကောင်မလေးက လူနိုင် ဆိုတော့ သူ့ကို ကူညီပေးမှာ သေချာ၏။ ပြီးတော့ ကောင်မလေးမှာက ဆိုင်ကယ်လည်းပါတယ်။ အဲဒီတော့ ...။

"ဘယ်လိုဖြစ်တာလဲ မေးမနေနဲ့။ ထ ... ထ။ လာ ... မြန်မြန်"

"ဟ ... မင်းသား ... မင်းသား ... ဘာဖြစ်တာတုံး"

မောင်မင်းက သူမဆိုင်ကယ်ဘေးနားအထိ အဲဒီ ကောင်မလေးကို လက်ဆွဲခေါ်လာရင်း ...





"လာပါ ... ငါ့ကို ကူညီစမ်းပါ။ အခု ဒီကနေ မြန်မြန် သွားမှဖြစ်မယ်။ လုပ် ... လုပ် ... တက်။ ငါ့ကိုမောင်းပို့ပေးပါ"

"ခဏ ... ခဏ နေပါဦး။ ရှင့်ကို မောင်းပို့တာက ဟုတ်တယ်လေ။ ဒါပေမဲ့ ဘယ်ကိုပို့ပေးရမှာလဲ။ ရှင် ဘာဖြစ်လာတာလဲ။ ဟို ... ရုပ်ရှင်ရိုက်နေတာလား"

"ဟား ... သေလိုက်ပါတော့ကွာ။ ရုပ်ရှင်က ဒီလောက် စောစောစီးစီး ရိုက်စရာလား။ ကဲပါကွာ ... တောက် ... မင်း လုပ်တာနဲ့ မိတော့မှာပဲ ... တက်ပါ ... တက်ပါကွ"

မောင်မင်းက အနောက်ကနေ ခွထိုင်လိုက်လျှင် သူမကလည်း အမှတ်အကြောင်းဖြင့် ခပ်မြန်မြန် ဆိုင်ကယ်ပေါ် တက်ကာ မောင်းထွက်လာရင်းက သူ့ကိုလည်း လှည့်ပြန်တစ်ချက် လှည့်ကြည့်ရင်း ...

"ဒီမှာ ... ဒီမှာ ... ဘယ်ကို မောင်းရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို … ဟိုဟာ။ ငါက အခုထွက်ပြေးလာတာ။ ဘာမှ မစားရသေးဘူး။ လောလောဆယ် လုံခြုံစိတ်ချရတဲ့ ဆိုင် တစ်ဆိုင်ဆိုင်မှာ ဘရိတ်ဖတ်စ် စားချင်တယ်။ အဲဒါလေး ကူညီပေးပါကွာ"

"ဟား … ကဲ … ကဲ … ဟုတ်ပြီ … ဟုတ်ပြီ"

မောင်မင်းက ဘာပဲဖြစ်ဖြစ် အဆင်ပြေစွာ ထွက်လာနိုင်ခဲ့ပြီ ဖြစ်တဲ့အတွက် သူ့စိမ်ကိန်း တစ်ဆင့်တော့ အေးပြီဆိုတာ တွက်ဆရင်း အဲဒီကောင်မလေးမောင်းတဲ့ ဆိုင်ကယ်နောက် လိုက်စီးခဲ့ပါသည်။





ပိုးတီက အဲဒီလောက် ချောတတ်တဲ့ မင်းသားက ကိုယ့်ဆိုင်ကယ်ပေါ် ပါလာပြီ ဖြစ်တာကြောင့် ကိုယ့်ဂွင်ထဲရောက်ပြီဖြစ်၏။ ဗိုက်ဆာနေတယ် ဘရိတ်ဖတ်စားမယ်ဆိုတဲ့ ရွှေမင်းသားက လုံခြုံစိတ်ချရတဲ့နေရာမှာ ဆိုသောအခါ ပိုးတီက မန္တလေး–ပြင်ဦးလွင်–လားရှိုး လမ်းမကြီးဘေးက ဘိုးလေးခမ်းရဲ့ ခြံထဲကို ခေါ်သွားလေတော့သည်။ နို့စားနွား မွေးမြူရေးကို အဓိကလုပ်သော ခြံကျယ်ကြီး ဖြစ်တာကြောင့် နွားတွေအတွက်သာ အဓိက ခြံခတ်ထားကာ ဘိုးလေးခမ်းတို့ လင်မယားကကျတော့ မြေစိုက် အိမ်ထိုးပြီး နေကြတာဖြစ်၏။ အဲဒီခြံကလည်း ပိုးတီတို့ပိုင် ခြံကြီးဖြစ်ကာ ဘိုးလေးခမ်းတို့ လင်မယားနှင့် နို့ညှစ်လုပ်သားတွေနေကြတာမို့ မနက်စာကတော့ ကျေးလက်စာ စုံလင်လှလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ပိုးတီက သူ့ကို နွားခြံကြီးထဲခေါ်လာကာ ဆိုင်ကယ်ကို စက်သပ်လိုက်ကာ ပိုးတီ အရင်ဆင်းလိုက်ပြီး ဆိုင်ကယ်ပေါ်မှာ ထိုင်နေဆဲ ရွှေမင်းသားကို ကြည့်လိုက်ရင်း ...

"ဆင်းလေ ... ဘာလုပ်နေတာလဲ"

ပိုးတီ စကားကြောင့် သူက အံ့ဩတကြီးဖြင့် ဘေးပတ်ဝန်းကျင်ကို အကဲခတ်တဲ့ မျက်ဝန်းတွေဖြင့် ကြည့်ရင်း ပိုးတီကို ပြန်ကြည့်ကာ ...

"ဘာ ... ဘာလို့ ဆင်းရမှာလဲ"

လေသံက ထုံးစံအတိုင်း အမာသံမို့ ပိုးတီက သူ့ကို ခပ်မာမာပဲ ပြန်ပြောလိုက်သည်။

"ဟယ် ... ရှင်ပဲ ထွက်ပြေးလာတာဆို။ လုံခြုံစိတ်ချရတဲ့ ဆိုင်မှာ မနက်စာစားမယ်ဆို။ ရောက်ပြီလေ ... ဆင်းတော့"

"ဟမ် ... ဒါ ... ဒါက နွားခြံဟာ။ စားသောက်ဆိုင်မှ မဟုတ်တာ"

"ဒီမှာ ... ဆိုင်မှာစားမှတော့ ရှင့်ကို အသာလေး ဖမ်းမိနိုင်တာပေါ့။ ကဲ ... လာပါ ... ကျွန်တော်လည်း မစားရ သေးဘူး။ ဒီမှာ တစ်ခါတည်းစားမှာ။ လာ ..."





ဒီတော့မှ ကိုယ်တော်ချောက ဆိုင်ကယ်ပေါ် ဆင်းလာလေ၏။ ပိုးတီက သူ ဆင်းလာပြီမို့ ကုန်းမြင့်လေးအတိုင်း ဆင်းလာကာ ဘိုးလေးတို့ကို လှမ်းအော်ခေါ်လိုက်ရင်း ပြေးဆင်း၏။

"ဘိုးလေးခမ်း ... ဘွားတုံ ... ကိုကြက်ဖတို့"

ပိုးတီရဲ့အသံစာစာကြောင့် အနောက်ထဲက ဘွားလေးတုံက အရင်ပြေးထွက်လာကာ ပိုးတီကိုမြင်လျှင် ပျော်ရွှင်စွာဖြင့် ပြေးထွက်လာကာ ...

"ဟယ် ... ပိုးတီလေး လာတယ်"

"ဟဲ ဟဲ ... ဟုတ်တယ်။ အိမ်မှာ မကြီးတို့က ပိုးတီကို ဘာမှမကျွေးဘဲ အလုပ်ခိုင်းတယ်လေ။ အဲဒါကြောင့် ဘွားတုံဆီမှာ မနက်စာ လာစားတာ"

"အမယ်လေး ... ငါ့မြေးလေးကိုအေ။ ဟဲ့ ... ကြက်ဖ ... ရွှေတုံ ... ပိုးတီလေးအတွက် မနက်စာပြင်ဟေ့"

"ဘွားတုံ ... ဘိုးလေးခမ်းကော"

"အနောက်မှာ နွားစာစဉ်းနေလို့။ လာလိမ့်မယ်။ လာ ... လာ ... သမီး၊ ကွပ်ပျစ်မှာ သွားထိုင်ရအောင် ..."



www.burmeseclassic.com

www.burmeseclassic.com



ဟယ် ... ညှော်သည်ပါ,ပါတာပဲ"

ပိုးတီ အနောက်မှာ ရပ်နေတဲ့ မင်းသားကို ဘွားတုံက မြင်သွားကာ ညှော်သည်ပါတယ် ပြောမှ ပိုးတီက ခေါ်လာတဲ့ မင်းသားကို စုမှသတိရကာ ဘွားတုံနှင့် မိတ်ဆက်ပေးလိုက်သည်။

"ဩော် ... ဟုတ်တယ် ဘွားတုံ။ ပိုးတီ သူငယ်ချင်းလေ။ သူပါ မနက်စာ လာစားတာ"

"ဟယ် ... ကောင်လေးက လွှတ်ချောတာပဲအေ။ ပိုးတီ ညည်းရည်းစားလား။ ကိုခမ်းရေ ... ရှင့်မြေးက သူ့ရည်းစား လေးပါ ခေါ်လာတယ်တော့။ ချောတာ"

"ဟား ... ဟား ... ဘွားတုံ"

ဘွားတုံက ပျော်ရွှင်တက်ကြွစွာဖြင့် ဘွင်းဘွင်းကြီး ပြောချလိုက်လျှင် ပိုးတီက မျက်နှာတွေ ရဲတက်လာကာ ဘွားတုံက တားရလေ၏။

"သူက ပိုးတီရည်းစား မဟုတ်ပါဘူး။ သူငယ်ချင်းပါ"

"ဩော် ... သိဘူးလေ။ တောင်းပန်တယ်နော် ကလေး"

"ဟုတ်ကဲ့ ... ရပါတယ်ဗျ"





"ဟေး ... ပိုးတီမ ... စားလို့ရပြီ။ ရယ်လဒီပဲဟော့"

ကိုကြက်ဖက လှမ်းအော်ခေါ်လိုက်လျှင် ပိုးတီက ကိုကြက်ဖတို့ကို လှမ်းနှုတ်ဆက်လိုက်ရင်း မင်းသားကိုပါ ခေါ်လာခဲ့ကာ ...

"ဟား ... ကိုကြက်ဖကြီး အဆင်သင့်ပဲလား။ ဒီမှာ ဗိုက်က ဆာနေပြီဗျို့။ ဘာရှိတုံး"

"ရယ်လဒီပါပဲ ခင်ဗျာ။ ထမင်းပူပူလေးနဲ့ ပဲပြုတ်ကြော်၊ ပြီးတော့ ပဲပုတ်ဆီဆမ်းလေး၊ ခေါပုတ်ကြော်။ ပြီးတော့ မိဖြူကြီးရဲ့ နို့စစ်စစ်ကို ခြံထွက်ကော်ဖီလေးနဲ့ ဖျော်ပေး ထားတယ်"

"ဟား ... ရှယ်ပဲ။ လာလေ ... မင်းသား။ လာပါ"

ပိုးတီက မင်းသားကိုပါ ဖော်ဖော်ရွေရွေခေါ်လျှင် မင်းသားက အားနာပြုံးတစ်ချက်ဖြင့် ပိုးတီနှင့်အတူ ကွပ်ပျစ်မှာ လိုက်ထိုင်လေသည်။

"ဟား ... မွှေးနေတာပဲ။ ဟဲ ဟဲ ... မင်းသား စားလေ။ ရှင်ဗိုက်ဆာနေတယ်ဆို။ အားမနာနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီက ထမင်းပွပွပန်းကန်ကိုယူကာ ပဲပြုတ်ကြော်ထည့်၍ တစ်လုတ်စားလိုက်သည်။ ပိုးတီက အရသာရှိရှိ စားသောက်နေတုန်း ဘေးက မင်းသားကို သတိရကာ လှည့်ကြည့်လိုက်လျှင်_

"ဟင် ... ရှင် မစားဘူးလား"

"ငါ ဒီလိုမျိုး အစားတွေ မစားတတ်ဘူး"

လုံးဝကို ဒဲ့ပြောချလိုက်တဲ့ စကားကြောင့် ပိုးတီက ကြားထဲကနေ မျက်နှာဘယ်လိုထားရမှန်း မသိအောင် အားနာလို့သွားလေသည်။ ဘွားတုံတို့ ကိုကြက်ဖတို့ ရှေ့မှာ အဲဒီမင်းသားဟာ တကယ်ပဲ အားမနာစွာ ပြောတတ်ပါပေ့။ ပိုးတီက အဲဒီကိစ္စကို မရှင်းသေးခင် ဘွားတုံတို့ကို အားတုံ့အားနာ တစ်ချက်ပြုံးပြရင်း ...

"အဟဲ ... ဘွားတုံတို့ အလုပ်ရှိသေးတယ်မှလား။ ရတယ် ဘွားတုံ။ အားနာစရာ လူတွေမှ မဟုတ်တာ။ ပိုးတီတို့ အေးဆေးစားလိုက်ဦးမယ်လေ။ ကိုကြက်ဖကြီးလည်း လုပ်စရာရှိတာ သွားလုပ်လေ"

"ဩော် ... အင်း ... အင်း"





အားလုံး ထွက်သွားပါမှ ပိုးတီက သူ့ကို စာရင်းရှင်းရတော့တာဖြစ်၏။

"ဒီမှာ ... ရှင့်မှာ လူမှုရေး အသိစိတ်ဓာတ်လေး၊ အားနာမှုလေးတောင် မရှိဘူးလား"

"ဟ ... ဘာလဲ။ ငါက မင်းကို ခေါ်သွားနိုင်းတာ စားသောက်ဆိုင်ကိုလေ။ နောက်ပြီးတော့ ငါ ဒီလို အစားအသောက်မျိုးလည်း မစားတတ်ဘူး"

ပိုးတီက အင်မတိ အင်မတန်မှကို ချေလေသော အဲဒီမင်းသားကို တကယ်ပဲ မြင်ပျဉ်းက ကတ်လာကာ ...

"ဟယ် ... ဒီမှာ ... ရှင့်ကို စိတ်တိုင်းကျ ပြင်ဆင်ပေးရအောင် ဒီမှာ ရှင့်အလုပ်သမား တစ်ယောက်မှ မပါဘူး။ မကျေနပ်ရင်လည်း ထွက်သွားတော့။ ကြိုက်တဲ့နေရာကိုကြွ"

ပိုးတီ စိတ်ပေါက်ပေါက်ဖြင့် အပြတ်ပြောချလိုက်လျှင် အဲဒီတစ်ယောက် ဘာလုပ်တယ် ထင်သလဲ။ မင်းသားလို့ မပြောရဘူး။ အိုက်တင်က အင်မတန် ပီပြင်လှစွာ ချက်ချင်းပင် သူ့ရဲ့ခြေထောက်ဆီသို့ လက်ကဖိ၍ မျက်နှာလည်း ရှုံ့မဲ့နေတော...



www.burmeseclassic.com

www.burmeseclassic.com



"အား ... ခြေထောက်က နာလိုက်တာ။ ဟော့ ... အဲဒါ မင်း ဆိုင်ကယ်နဲ့ ဝင်တိုက်လိုက်လို့နော်။ ငါ့ကို ဆိုင်ကယ်နဲ့ဝင်တိုက်မှုနဲ့ငါ အကြီးကြီး ရှုံ့လိုက်ရလို့ရတယ်"

ကြည့်စမ်း ...။ ပြောတဲ့ လေသံကိုက တစ်ပြန်စီး အချေကြီးနေတာကြောင့် ပိုးတီက သူ့ထက်တောင် ပြတ်သား သေးကာ ခါးထောက်၍ မတ်တတ်ထရပ်လိုက်ပါရင်း ...

"ရတယ်။ သွားတိုင် ... ကြိုက်တဲ့နေရာ။ ပိုးတီမှာလည်း မိဘရှိတယ်။ လာရှင်းပေးလိမ့်မယ်။ သွားတော့"

ပိုးတီက အပြတ်ပြောလိုက်လျှင်တော့ မင်းသားက အဲဒီတော့မှ နည်းနည်းတွန့်သွားကာ လေသံက ချိန်းသွားလေသည်။

"ဟို ... အဲဒီလိုတော့ မတိုင်ပါဘူး။ ငါက အဲဒီလိုအကြီးကြီးလည်း မဖြစ်ချင်ပါဘူး ...

အမှန်အတိုင်း ပြောရရင်တော့ ငါ အခုချိန် မင်း အကူအညီ လိုအပ်တယ်"

ကြားရတဲ့စကားအဆန်းကြောင့် ပိုးတီကတောင် အံ့ဩသွားရကာ သူ့ကို တအံ့တဩဖြင့် ကြည့်မိသွားသည်။ မင်း





သားရဲ့ပုံစံကို လေ့လာကြည့်ရသလောက်တော့ သူ့ဆီမှာ အခက်အခဲ တစ်ခုခုတော့ ရှိပုံပေါ်၏။ ဒါပေမဲ့လည်း မင်းသား ဆိုတော့ အိုက်တင်လုပ်နေတာလားတော့ မသိပေ။ ပိုးတီဆီက ဘာမှ တုံ့ပြန်သံ ထွက်မလာလေသောအခါ သူ့ဆီက စကားသံ ထပ်ထွက်လို့လာ၏။

"ငါပြောတာကို ယုံပါ။ ဒီမြို့မှာ လောလောဆယ် ငါနဲ့ သိတဲ့သူဆိုလို့ မင်းပဲရှိတာပါ။ ငါ ငါ့ဘဝထဲကနေ ခဏ ထွက်ပြေးလာတာ"

"ဗုဒ္ဓေါ ...။ ရှင် ... ရှင်က ဘာလို့ ထွက်ပြေးလာရတာလဲ"

"အဲဒီလောက်အထိ detail ကျကျ ငါ မပြောနိုင်ပေမယ့် မင်းကို ပြောနိုင်တာက ထွက်ပြေးတယ် ဆိုတည်းက ဆန့်ကျင်တာပဲလေ။ ငါလည်း မင်းသား မလုပ်ချင်လို့ ထွက်လာတာ"

ပိုးတီက အဲဒီစကားကြောင့် ဘာဆက်ပြောရမှန်း မသိအောင် အံ့ဩရ၏။ မင်းသားများ သူမို့ မလုပ်ချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မင်းသားရဲ့မျက်လုံးတွေကို ကြည့်ရတာတော့ တကယ်ကြီးဟု ယူဆထင်မြင်ရလေသည်။ အဲဒါကြောင့် ပိုးတီက သူ့ကို လိုအပ်တာ ကူညီဖို့ မေးလိုက်ရသည်။

"ဒါဆို ရှင်က တကယ်ထွက်လာတာပေါ့။ အဲဒီတော့ ဘာဆက်လုပ်မှာလဲ။ ပိုးတီကကော ဘာကူညီပေးရမလဲ"

"ငါ့ဘဝထဲကနေ အပြီးပိုင် ထွက်ပြေးလာတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ခဏပေါ့။ ငါ့ရဲ့လတ်တလော စိတ်မွန်းကျပ်မှုတွေ ပျောက်ချင်တာ"

"အဲဒီတော့ ..."

ပိုးတီက သူ့ရဲ့ဆက်ပြောလာမယ့် စကားကို စောင့်နေစဉ်မှာ သူက ပိုးတီကို တစ်ချက်ကြည့်ကာ ...

"ငါ ပြင်ဦးလွင်အနှံ့ လျှောက်လည်ချင်တယ်။ မင်း ဆိုင်ကယ်နဲ့ပေါ့"

အဲဒီတော့လည်း ပိုးတီက လက်ခံရမှာပေါ့လေ။ သူက မင်းသားပဲဟာ။ ပိုးတီ ဆိုင်ကယ်ကိုတော့ သူ လိမ်မသွားပါဘူး။ ပိုးတီက သူ့ကို ကူညီသောအားဖြင့် ခေါင်းညိတ်ပြကာ —





"ကောင်းပြီလေ။ ရှင် ယူသွားပေါ့။ ဆိုင်ကယ်ကတော့ ဆီအပြည့်ပါပဲ။ ရှင် လည်လို့ ပတ်လို့ ပြီးပြီဆိုမှ ရှင့်လူ တစ်ယောက်ယောက်နဲ့ ပြန်ပို့ပေးလိုက်ပေါ့"

"အမ် ... မဟုတ်ဘူးလေ။ ငါပြောတာက မင်းကိုကော မင်းဆိုင်ကယ်ကိုပါ အကူအညီ တောင်းတာလေ။ ငါမှ ဆိုင်ကယ် မစီးတတ်တာ"

"ဘုရားရေ ... ဟယ် ... ဟယ် ... မဖြစ်နိုင်တာ။ ရှင်က မင်းသားလေ။ ပိုးတီက ရှင့်ကို ဘယ်လိုခေါ်သွားလို့ ရမှာလဲ"

"ရပါတယ်ကွာ။ ကူညီပေးပါ။ ငါ့ကို ဘွားမယ်တို့က ပြန်တွေ့သွားရင် ငါ ဘယ်မှတောင် သွားရတော့မှာမဟုတ်ဘူး"

ပိုးတီက အားကိုးတကြီးနဲ့ အကူအညီ တောင်းနေတဲ့ အခါကျတော့ ပိုးတီက ဟင့်အင်း ငြင်းရမှာ အားနာရလေသည်။ ဒါပေမဲ့ မင်းသား ပြောသလိုပဲ သူ့အိမ်က ပြန်မိသွားရင်။ မင်းသားတစ်ယောက် ပျောက်သွားတဲ့ကိစ္စကို ဘယ်သူကမှတော့ ဒီ

www.burmeseclassic.com



အတိုင်း ထိုင်နေမှာ မဟုတ်ပေ။ ဒါပေမဲ့ ပိုးတီ မင်းသားကိုလည်း လွတ်လပ်ပျော်ရွှင်မှုကိုလည်း ခံစားစေချင်သည်။ အဲဒီအတွက် ပိုးတီက သူ့ကို ဘယ်လိုကူညီပေးလို့ ရမလဲဆိုတာ စဉ်းစားမိသွားသည်။

"ဟော့ ... ဟော့ ... ဘာတွေးနေတာလဲ"

မင်းသားက ပိုးတီရဲ့မျက်နှာရှေ့သို့ လက်ဖျောက်တစ်ချက်တီးကာ မေးလိုက်လျှင် ပိုးတီက သူ့မျက်နှာကို တစ်ချက်ကြည့်လိုက်ရင်းက ...

"အဓိက,က ရှင် လွတ်လပ်ပျော်ရွှင်မှုရဖို့ပဲ မဟုတ်လား။ အဲဒါဆို ဘယ်မှသွားစရာ မလိုဘူး"

"အမ် ... အဲဒါဆို"

"ဒီမှာတင်ရှိတယ် မင်းသားရဲ့။ ရှင် လုံးဝပျော်သွားစေရမယ်လို့ အာမခံတယ်။ ကဲ ... ကဲ ... ဘရိတ်ဖတ်စ် ဆက်စားလိုက်ရအောင်။ ပြီးရင် ရှင့်ကို လိုက်ပို့ပေးမယ်"

ပိုးတီက ပြန်ထိုင်လိုက်ကာ ထမင်းဆက်စားလျှင် မင်းသားက ထုံးစံအတိုင်း နပိုကျင့်မပျောက်စွာ ...





"ငါ အဲဒီတော့ မစားနိုင်ဘူးကွ"

"ဒုက္ခပဲ။ အဲဒါဆို ရှင်က ဘာစားချင်လို့လဲ"

"ငါက မနက်တိုင်း ပေါင်မုန့်နဲ့ ကြက်ဥမရောနီးစ် စားနေကြ။ ပြီးတော့ ငါ ကော်ဖီမသောက်တတ်ဘူး။ Juice ပဲ သောက်တယ်"

အမယ်လေး ...။ ချေတာကတော့ ပြောမနေပါနဲ့တော့။ ပိုးတီက အမြင်ကတ်စွာဖြင့် သူ့ကို ဘုတော,လိုက်သည်။

"ဒီမှာတော့ အဲဒါတွေ မရှိဘူး။ ရှင် မစားဘူးဆိုလည်း သဘောပဲ"

"......"

ပိုးတီက ကိုယ့်ဘာသာပဲ ဆက်စားနေလိုက်၏။ ဒါပေမဲ့လည်း ပိုးတီ မနေနိုင်ပါချေ။ ကိုယ်ကတော့ အားပါးတရတွေ စားနေချိန်မှာ ဘေးက ငုတ်တုတ် ထိုင်မျှော်နေတာကြီးကတော့ မဖြစ်သင့်တာကြောင့် ပိုးတီက သူ့ကိုကြည့်ကာ သူ့ဘေးသည်လက်ခံလာအောင် ဖျောင်းဖျရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ရှင် တစ်သက်လုံး အဲဒီလိုဘိုစာတွေနဲ့ ကြီးပြင်းလာလို့ ဘိုစာပဲစားတာ။ အခု ရှင်ရောက်နေတဲ့ အရပ်ဒေသမှာ ဘိုစာ မရှိဘူး။ သဘာဝစာပဲ ရှိတယ်။ စားတောင် မကြည့်ရသေးဘဲနဲ့ မစားတတ်ဘူး၊ မကောင်းဘူး၊ မကြိုက်ဘူး ဆိုတာကတော့ အမြင်နဲ့ အထင်သေးတာပဲ ...

အနည်းဆုံး ကော်ဖီလောက်တော့ သောက်ကြည့်ပါဦး။ ရှင်တို့ မြို့ပေါ်က အထပ်နှစ်ဆယ်ကော်ဖီထက်တော့ မညံ့စေရဘူး"

ပိုးတီ အာမခံချက် ကောင်းလွန်းမှုကြောင့် မင်းသားက အနည်းငယ်တော့ ငြိမ်သက်သွားကာ တွေနေပြီးမှ ကော်ဖီခွက်ကို မ,ယူလိုက်၏။ ပိုးတီက သူ ကော်ဖီသောက်ပြီဆိုတဲ့ အတွေးဖြင့် ကျေနပ်သွားကာ သူ့ကို ကြည့်နေမိ၏။ မင်းသားက ကော်ဖီခွက်ကို အသေအချာ ရှုးစမ်းကြည့်ရင်းကမှ ခွက်ကိုပြန်ချတာမို့ ပိုးတီက သူ့ကို ပြန်ပြူးကြည့်ရင်း ...

"ဘာ ... ဘာဖြစ်လို့ မသောက်တာလဲ"





"ခွက်က ဘယ်သူသောက်ထားမှန်းမှ မသိတာ။ အဲဒီလိုမျိုး မသောက်တတ်လို့ပါ။ ငါ မသောက်ချင်ဘူး"

ပိုးတီက သူ့ကို မျက်နှာတစ်ချက် မဲ့ကြည့်လိုက်ရင်း ဆက်စကားမပြောတော့ချေ။ ကိုယ့်ဘာသာကိုယ်သာ စားလိုက်တော့၏။

အဲဒီလောက် မိုးထိချေနေသော မင်းသား ဘယ်အချိန်ထိ ချေနေနိုင်ဦးမလား ဆိုတာ ပိုးတီကို စောင့်ကြည့်ချင်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၂)

"ဒီအနီးအနား ပတ်ဝန်းကျင်မှာတော့ ဘယ်လိုမှ ရှာလို့ မတွေ့ပါဘူး မယ်မယ်"

မယ်က ရုတ်တရက် သွေးတွေ ဆောင့်တက်သွားသလို ခံစားရကာ ရင်ဘတ်ကို လက်ဖြင့်ဖိထားမိလျှင် ပိုးဖြူက မယ့်ကို ဖေးမတွဲပေးထားရင်း ...

"ဒုက္ခတွေတော့ များကုန်ပါပြီ မယ်မယ်ရယ်။ သားလေးကို ဘယ်လိုရှာကြမလဲ"

"အဲဒါ ... နင်တို့ အသုံးမကျလို့။ ဖိုးကျော်၊ ဖိုးသော် နင်တို့နှစ်ယောက် နင်တို့အစ်ကိုလေး အေးနားမှာ အချိန်ပြည့် ရှိမနေကြလို့။ တစ်ယောက်မှ အသုံးမကျဘူး"





"ကဲ ... တော်ပါတော့ မယ်မယ်ရယ်။ ဒီလိုဟာတွေကို ပြောနေလို့လည်း ဘာမှထူးမလာဘူး။ မယ်မယ် မောရုံပဲ ရှိတယ်။ သားသားကို ဘယ်လိုရှာကြမလဲ လုပ်ပါဦး မယ်မယ်ရယ်။ ကျွန်မ စိတ်တွေတောင် ပူလာပြီ ...

ဟို ... ရဲစခန်းမှာ လူပျောက်တိုင်ရ ကောင်းမလား"

"တိတ်စမ်း"

မယ်က ဒေါသဖြစ်ရတဲ့ကြားထဲ မိပိုးဖြူကပါ ဝေး ပြန်တာကြောင့် မယ့်ရဲ့ဒေါသက ငယ်ထိပ်ဆောင့်တက်ကာ ပိုးဖြူကို ဖိဟောက်လိုက်ရသည်။

"အမယ်လေး ... အမယ်လေး ... ငါ့ကို လာနှောင့်နေတာလား။ ညည်းအေ ... အမေမ ဖြစ်ပြီးတော့ ဒါလေးတောင် မစဉ်းစားမိဘူးလား။ ညည်း ဉာဏ်တိမ်လှချည်လား မိပိုးဖြူ"

"ဟင် ... ဘာ ... ဘာဖြစ်လို့လဲ မယ်မယ်"

"မလေး ... မလေး ... ငါလို သက်ကြားအိုကြီးတောင် တွေးတတ်တယ်။ သားသားက စာထဲမှာ ရေးထားတာပဲ။ ခဏလေး အနားယူချင်လို့ပါ။ ပြန်လာပါ့မယ်တဲ့။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကို ငါတို့က ရဲစခန်းမှာ လူပျောက်သွားတိုင်ရင် ဂွမ်းသွားမှာပေါ့ပဲ။ နင် အဲဒီလောက်လေးတောင် မတွေးတတ်ဘူး။ သားသားက ဆယ်လီလေ။ အခုမှအညွှန့်တလူလူ အတက်နဲ့။ သားရဲ့သတင်းတွေ ဂျာနယ်တွေပါသွား ဘယ့်နှယ်လုပ်မလဲ။ ငါတို့သားက နာမည်ဆိုး ကောလာဟလတွေနဲ့ Celevbrity အဖြစ်မခံနိုင်ဘူး ...

ဒီတော့ သားသားကို လက်ကိုင်တ်ထိုးရှာရမှာပဲ။ ဒီကလေးကလည်း ဘာဖြစ်လို့များ ဒီလိုလုပ်ရတာလဲ မသိဘူး"

"ရှုတင်ကိုကျတော့ ဘယ်လိုလုပ်မလဲ"

မယ်က အဲဒီကိစ္စအတွက်တော့ အကြီးအကျယ်တကယ်ပဲ ရင်လေးရလေသည်။ သိတယ်မှလား ... ဒီလောက,တာ။ သားသား ခုလို ပျောက်နေတဲ့ကိစ္စကို သိကြလို့ကတော့ ချဲ့လိုက်ကြ ဖွလိုက်ကြမယ့် ဖြစ်ခြင်း။ ဒီကိစ္စကို ပညာသားပါပါနှင့် မယ် လက်ကိုင်တ်ထိုး စီစဉ်မှရမည်။ ဒီကလေးက ပြန်လာမယ်ဆို ပြန်လာမယ် ဆိုတာတော့ သိသည်။ ဒါပေမဲ့ ဘယ်အချိန် ပြန်လာ





မယ်မသိ၍ ဂယက်ထနေတာဖြစ်၏။ ဖုန်းလည်း ယူမသွားတာကြောင့် ခက်တော့နေပြီ။

"လောလောဆယ် ဒါရိုက်တာကြီးကို ကြည့်ကောင်းအောင်ပြောပြီး တခြား Actor တွေဆင်းလ်ကို ဖြတ်နိုင်းထားရမှာပဲ။ ဖိုးကျော်၊ ဖိုးသော် ... နင်တို့လည်း ရအောင်လိုက်ရှာ ... ကြားလား ...

အရေးကြီးဆုံးကတော့ သားသား ရှုတင်ကနေထွက်ပြေးတယ်ဆိုတဲ့ သတင်းမျိုး ထွက်မလာဖို့ပဲ။ ဟဲ့ ... အမေမ ... နင်လည်း ထိုင်ငိုင်မနေနဲ့။ လာ ... ငါနဲ့ လိုက်နဲ့"

"ဟင် ... ဘယ် ... ဘယ်ကိုလဲ မယ်မယ်"

"ဟဲ့ ... ငါ့မြေး ရွှေမင်းသားကို လိုက်ရှာမှပေါ့။ တောရပ်တောင်ရပ်နဲ့ အစစ်မတွေက ငါ့မြေး သုတ်သွားတော့ ဘယ့်နှယ်လုပ်မလဲ။ ဟော့ ... မြင့်မိုးမယ်ရဲ့ဘဝမှာ ကိုယ်ကချည်း ခိုလာတာ။ သူများအခိုတော့ မခံဘူးဟေ့။ သားကို ငါတို့ အမြန်တွေ့အောင်ရှာမှ ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



မယ်က ဒေါနှင့် မောနှင့် ထဘီကို စွန်တောင်ဆွဲကာ ကားသော့ဆွဲ၍ ကောက်ထွက်လာခဲ့လျှင် မိပိုးဖြူမှာလည်း မချေနိုင်တော့ဘဲ မယ့်အနောက်ကို အမြန်လိုက်လာခဲ့ရသည်။ သားသားတစ်ယောက် မွေးချထလိုက်တာ မယ့်မှာ ဂန္ထဝင်မိန်းမလျာဘဝကနေ ဂယက်လျာတောင် ဖြစ်ရလေသည်။

❦ ✧ ❦





"ဒီမှာ ... ဒီမှာ ... မင်း ငါ့ကို ဘယ်တွေခေါ်လာတာလဲ"

"ကဲ ... ရှင်က သိပ်စကားရှည်တာပဲ မင်းသားရယ်။ ရှေ့ဆို ရောက်ပါပြီ။ ဒီခြံရဲ့အနောက်မှာ ရှင့်အတွက် လွတ်လပ်ပျော်ရွှင်မှုတွေ ရှိပါတယ် မင်းသားရဲ့"

မောင်မင်းက အဲဒီ မင်းသား ... မင်းသား ခေါ်သံအကယ့်ကို နားထဲမှာ ထော်လော်နေတာဖြစ်၏။

"ဟော့ ... ဟော့ ... တဆိတ်ကွာ။ မင်း ငါ့ကို မင်းသား... မင်းသား ခေါ်မနေစမ်းပါနဲ့။ ငါ့မှာ နာမည်ရှိတယ်။ နာမည်ခေါ်"

"ဟုတ်ကဲ့ပါ ကိုမောင်မင်းသခင် ...

ဟော ... ဟိုမှာ ကြည့်လိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းက သူမညွှန်ရာကို ကြည့်လိုက်လျှင်တော့ မျက်စိတဆုံး လှပနေသော ဂန္ဓမာစိုက်ခင်းကို တွေ့ရသည်။ တကယ်ပဲ လှပကာ အရောင်အသွေးစုံနေသော ပန်းခင်းကြီး မြင်ရတာဟာ စိတ်ကို လတ်ဆတ်သွားစေ၏။

"ဘယ်လိုလဲ ... စိတ်ကို အကြည်ဓာတ် ရတယ်မဟုတ်လား"

အဲဒီကောင်မလေး ပြောသလိုပဲ တကယ် အကြည်ဓာတ်ရတာဖြစ်၏။ ဒါပေမဲ့ သူက ထုံးစံအတိုင်း မျက်နှာကြော တင်းတင်းဖြင့်ပင် ...

"ဟက် ... ဒါလား။ ဟင်း ... မင်းကွာ ... ဆိုင်ကယ်ပေါ်ကချင်တာနဲ့ပဲ ငါ့ကို ဖောရှောတွေ လုပ်တာပေါ့။ ပန်းတွေ မြင်လို့ ပျော်သွားရအောင် ငါက မိန်းကလေးလား"

"တောက် ... ရတယ်။ ဒါကလည်း ရှင့်ကို ပဏာမ အ... အနေနဲ့ စိတ်ကို အကြည်ဓာတ် ဖွင့်ပေးထားတာ။ လာ ... ဒီဘက်ကို"

ကောင်မလေးက သူ့စကားကို ဆတ်ဆတ်ထိ... ပြန်ရန်တွေ့ရင် သူ့ကို နောက်တစ်နေရာသို့ ထပ်ခေါ်လေသည်။ မောင်မင်းက ထပ်ရစ်ချင်သေးကာ ...





"ဟော့ ... ဟော့ ... ငါ လမ်းမလျှောက်နိုင်တော့ဘူး။ မင်း ငါ့ကို မောင်းနေတာကြာပြီ။ ဘာလဲကွာ ... ငါက မင်းကို ဒီမြို့ရဲ့တစ်ဦးတည်းသော ငါ့ရဲ့မိတ်ဆွေအဖြစ် ငါ့မွန်းကျပ်မှုတွေ ပြေပျောက်ဖို့ မင်းကို အကူအညီတောင်းတဲ့ဟာ"

"ကျစ် ... ဒီမှာ ... ရှင်သိတဲ့ လွတ်လပ်ပျော်ရွှင်မှုဆိုတာ ဘာလဲ"

"အချုပ်အနှောင် ကင်းမဲ့ခြင်း၊ ကိုယ့်စိတ်နဲ့ကိုယ် ဖြစ်ခွင့်ရခြင်းက လွတ်လပ်ပျော်ရွှင်ခြင်းလေ"

"အဲဒါပဲလေ ... ဒီဘက်သေးမှာ မြက်ခင်းကျယ်ကြီးရှိတယ်။ မျက်စိတဆုံးကြည့်လိုက်တာ အဲဒီစိမ်းနေတဲ့ မြက်ခင်းနဲ့ ဟိုးအပေါ်က ပြာနေတဲ့ ကောင်းကင်ကြီး ထိစပ်နေတယ်လို့ ခံစားရတယ်။ ဒါပေမဲ့ အဲဒီထိစပ်နေတဲ့ဆီကို သွားကြည့်။ ဘယ်တော့မှ မရောက်ဘူး။ အဲဒါဟာ အချုပ်အနှောင် ကင်းမဲ့ခြင်းပဲလေ ...

ပိုးတီဆို အဲဒီမြက်ခင်းစိမ်းမှာ ဖြန့်ကျက်ပြီး မြင်းစီးရတာကို သဘောအကျဆုံးပဲ။ ရှင့်ကိုလည်း အဲဒီဖီလင် ခံစားစေချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



မြင်း ...။ မောင်မင်းက ကောင်းဘွိုင်တစ်ယော
ရဲ့စတိုင်လ်နှင့် ပျော်ရွှင်လွတ်လပ်မှုကို တကယ် ခံစားကြည့်
လာသည်။ အဲဒါတော့ ဟုတ်သည်။ မောင်မင်းက တက်ကြ
ကာ ...

"အဲဒါတော့ စိတ်ဝင်စားတယ်။ ဒါပေမဲ့ ငါက မြင်း
ဖူးဘူး"

"အဟား ... စိတ်ဝင်စားဖို့ပဲ လိုအပ်တာပါ။ နော
ရှင်က မင်းသားဆိုတော့ အားလုံးကို သိထား တတ်
ဖို့ လိုတယ်။ ပိုးတီ ရှင့်ကို သင်ပေးမှာပေါ့။ ပိုး
ဟိုခေတ်စကားနဲ့ ပြောမယ်ဆို မာဂဓဘာသာစကား
တယ် ပြောရမယ်။ ပိုးကီနဲ့ဆို တိရစ္ဆာန်တော်တော်
များက ယဉ်ပါးတယ်။ ရှင့်ကို ပိုးတီရဲ့အချစ်တော်
နဲ့ မိတ်ဆက်ပေးမယ်"

မောင်မင်းက သူမ ပြောတာတွေကို စိတ်ဝင်
တော့ ဖြစ်မိကာ သူမခေါ်သွားရာ မြင်းဇောင်းတဲနားသို့
သွားလေ၏။





"ကိုကြီးပုရေ ... ချစ်ညိုကြီးကို ခေါ်သွားမယ်နော်။ ဒီမှာ ဧည့်သည်က မြင်းမစီးဘူးလို့တဲ့"

ပိုးတီက ဇောင်းထဲက ချစ်ညိုကြီးကို မြက်ခင်းကွင်းပြင်ထဲသို့ အသာဆွဲခေါ်လာလျှင် သူကတော့ ပိုးတီ ဘေးကနေ လိုက်လာကာ အံ့သြနေရ၏။ ဘာပဲဖြစ်ဖြစ် အဲဒီ ပိုးတီဟာ တကယ့် အရိုင်းဆန်သော သဘာဝပန်းချီလေးလိုပင်။ ရှပ်တစ်ထည်နှင့် ဂျင်းဘောင်းဘီကို ဝတ်ဆင်ထားတဲ့ Cowgirl အထာလေးက သူမနှင့် လိုက်ဖက်၏။

အနက်ရောင် ဆံကေသာတွေက ပေါင်းမတင် ဖယောင်းမသွင်းဘဲ သဘာဝအတိုင်း နက်စိုနေကာ ပြင်ဦးလွင်ဆန်သော ဖြူဥဥ အသားအရေလေးနှင့် အဲဒီကောင်မလေးက တစ်မျိုးတော့ တစ်မျိုးလေးပဲ။

"ဟော့ ... ရှင် ဘာကြည့်နေတာလဲ"

သူမရဲ့မေးခွန်း ထွက်လာတော့မှ မောင်မင်းက သတိပြန်ဝင်လာကာ တစ်ချက်ပြုံးလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကြည့်နေတာ မဟုတ်ပါဘူး။ အံ့သြနေတာ။ မင်းရဲ့ချစ်ညီနော် ... အေး ... ချစ်ညီကြီးကို မင်းလို သေးသေးကွေးကွေး ကောင်မလေးက ထိန်းနိုင်တယ်ဆိုတာ အံ့သြလို့ပါ"

"ဒီမှာ မင်းသား ... လူတိုင်းကို အထင်မသေးပါနဲ့။ ကိုယ်တစ်ယောက်တည်း အရာအားလုံးကို ဖြစ်စေဆိုပြီး ဘယ်တော့မှ ဖန်တီးလို့ မရဘူး။ ပိုးတီကတော့ မိုးထိချေတွေထက် ကိုယ့်ကိုယ်ကိုယ် အရည်အချင်းရှိအောင် နေရတာပဲ သဘောကျတယ်"

"မိုးထိချေ ... ဘာလဲ ... အဲဒါ"

"သြော် ... မိုးထိအောင်လို့ ဘဝင်တွေမြင့်မားပြီး ချေတယ်လို့ ပြောတာ"

"ဘာ"

သူက အဲဒါ သူ့ကို ပြောတယ်ဆိုတာ သိတာကြောင့် သူက ဒေါသထွက်စွာ "ဘာ"ဟု အော်လိုက်လျှင် ပိုးတီက မသိချင်ယောင်ဆောင်လိုက်ရင်း ချစ်ညီကြီးကို ပွတ်သပ်ပေးရင်း ...





"ကဲ ... ကဲ ... ရှင် မြင်းစီးချင်တယ်ဆို။ တက်လေ"

"အမ် ... ငါတစ်ယောက်တည်း စီးရမှာ"

သူက အဲဒါကိုတော့ ဂျတ်ဆင် ဖြစ်ရလေသည်။ မြင်းညီကြီးက အင်မတန်မှ အကောင်ထွားလှတာကြောင့် သူက ကြောက်တော့ ကြောက်လေ၏။

"အေးလေ ... စီးမယ်ဆို။ တက်လေ"

ပိုးတီက မြင်းကုန်းနှီးကို ပုတ်ပြရင်း သူ့ကို မြင်းပေါ်တက်နိုင်းလျှင် ရင်ကတော့ ခုန်လေ၏။ သူ့ပါးစပ်က စပ်ဆော့ပြီး မြင်းစီးချင်တယ် ပြောလိုက်တာ။ ပြီးတော့ ဒီနေရာမှာက သူနဲ့ အဲဒီကောင်မလေး နှစ်ယောက်တည်း။ မတော်တဆ မြင်းက သူ့ကို လက်မခံဘဲ စိတ်ရိုင်းဝင် ထွက်ပြေးရင် အဲဒီ သေးသေးကွေးကွေး ကောင်မလေးက မြင်းကို ထိန်းနိုင်ပါ့မလား။

မောင်မင်းက တစ်ယောက်တည်း အတွေးတွေဗျာများကာ ချီတုံချတုံ ဖြစ်နေလျှင် ပိုးတီက သူ့ကို စူးစမ်းသလို ပုံ ဖြင့်ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... မြင်း တစ်ခါစီးဖို့ကို ရှင် တော်တော်စဉ်းစား
ရတယ် ... ဟုတ်လား"

ပိုးတီရဲ့လေသံက သူ့ကို အထင်သေးတဲ့လေ
Flow မို့ မောင်မင်းက သူ့ကြောက်စိတ်ကိုဖျောက်ကာ ဟန်ကို
ဖို့ထိန်းရင်း ချောင်းတစ်ချက်ဟန့်ကာ လေသံမာလိုက်သည်။

"ဟား ... စဉ်းစားတယ်ဆိုတာ ငါက ကြောက်လို့မဟု
ဘူးကွ။ ရောဂါပိုးတွေ ကူးမှာစိုးလို့"

"ဘာ ... ဒီမှာ ရှင့်ရဲ့ မိုးထိချေ အချိုးတွေက ရှင့်ရှ
မှာပဲ ရလိမ့်မယ်။ ဒီအချိုးကို ဒီမှာလာလုပ်လို့ မရဘူ
ကဲပါ ... ရှင် ကြောက်တယ်ဆိုရင်လည်း မစီးနဲ့တော
ပြန်သိမ်းလိုက်တော့မယ်။ သားရေ ... လာဟော့"

ပိုးတီက မြင်းကို ဟန်ကျပန်ကျ စကားတွေပြော
နေလျှင် မောင်မင်းက သိက္ခာတော့ အကျမခံနိုင်စွဘဲ ပိုးတီ
လှမ်းတားလိုက်ရင်း ...

"ဟော့ ... နေဦး။ ငါက လွတ်လပ်ချင်တာ ဆိုမှ
လွတ်လပ်မှုကို အပေါ်စီးကနေ မိုးကြည့်ချင်တာ။ ကဲ
ကဲ ... ဘယ်လို စီးရတာလဲ သင်ပေးဦးလေ"





"အင်း ... သားကြီးရေ ... မင်းကို ပိုးတီရဲ့ သူငယ်ချင်းနဲ့
မိတ်ဆက်ပေးချင်လို့။ မင်း ကောင်းကောင်းမွန်မွန်ဆက်ဆံ
နော်"

ပိုးတီက မြင်းညိုကြီးကို သူ့ရဲ့ရောင်းရင်းအပေါင်း
အသင်းပမာ သူနှင့်မိတ်ဆက်ပေးပြီးမှ ပိုးတီက သူ့ဘက်သို့လှည့်
ကာ ...

"ကဲ ... တက်လေ။ ဒီကွင်းကိုနင်းပြီး အပေါ်တက်။ ဘာမှ
မကြောက်နဲ့နော်။ ချစ်ညိုကြီးက တအားယဉ်တာ"

ပိုးတီက မြင်းဇက်ကြိုးကို ဆွဲထားရင်း မောင်မင်းကို
တက်ခိုင်းလျှင် သူက အဲဒီကွင်းကိုနင်းကာ အပေါ်သို့ ခွတက်
လိုက်၏။ မြင်းညိုကြီး ထွားမှန်းသိသော်လည်း တကယ် အပေါ်
ရောက်တော့ သူတစ်ယောက်တည်းဟာ အရမ်းကြီး မြင့်မားနေ
သလိုခံစားရကာ လူက ယိမ်းထိုးနေသလိုဖြစ်ကာ သူက ကြောက်
လန့်ကာ ...

"ဟ ... ဟ ... လုပ် ... လုပ်ပါဦး။ ပိုးတီ ... ထိန်းထား
ဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသား ... မင်းသား ... စိတ်ကို relax လေ။ အရမ်းကြီး ကြောက်မနေနဲ့။ စက်ဘီးစီးသလို ခါးကို မတ်ထားလေ။ ရှင်က အပေါ်စီးကို ရောက်နေတဲ့ဟာ။ ချေထားလေ ... ရှင် ချေနေကြအတိုင်း မျက်နှာကိုမော့ရင်း ကော့ထားလိုက်ရင် အဆင်ပြေသွားလိမ့်မယ်။ အေးဆေး"

မောင်မင်းက အောက်ကနေ ပလွတ် ပလွတ်နှင့် ပြောနေသော ပိုးတီရဲ့စကားအတိုင်း စိတ်ကို relax လုပ်ကာ ခါးကို ခပ်မတ်မတ် ထိုင်လိုက်လျှင် မြင်းပေါ်မှာ သူ ထိုင်နေရတာ အဆင်ပြေသွား၏။

"အိုကေလား ... မင်းသား"

"အိုကေ"

"အဲဒါဆို အပေါ်စီးကနေ စိမ်းစိုနေတဲ့ ပတ်ဝန်းကျင်မြင်ကွင်းတွေကို ကြည့်ပြီး ခံစားပေတော့"

ပိုးတီက သာသာယာယာလေးပင် ဇက်ကြိုးကိုဆွဲကာ ရှေ့မှသွား၏။ မောင်မင်းက သာယာလှပသော ရှုခင်းမြင်ကွင်းတွေကို ငေးကြည့်ကာ လေတွေကလည်း ကိုယ့်အပေါ်စီးက





နေ ဖြတ်တိုက်သလို ခံစားရကာ လတ်ဆတ်နေတာကြောင့် သူ့ကြောက်စိတ်ကပျောက်ကာ ပျော်ရွှင်မှုတွေ ဖြစ်လာ၏။

"ဘယ့်နှယ်လဲ ... တစ်လောကလုံးကို စီးမိုးပြီးကြည့်ရတဲ့ ဖီလင် ကောင်းရဲ့လား"

သူက ပိုးတီရဲ့ မေးအမေးကို သဘောတကျဖြင့် ခေါင်းညိတ်ပြရင်းမှတစ်ဆင့် အားတောင်နာချင်ချင် ဖြစ်လာ၏။

"ပိုးတီ ... မင်းက အခုလို လမ်းလျှောက်ပြီး ငါက မြင်းပေါ်မှာ အခန့်သား ထိုင်နေရတာ အားနာစရာကြီး"

"ဟက် ... ဟက် ... ရှင် အဲဒီလို ပြောတတ်လိမ့်မယ်လို့တောင် ထင်မထားဘူး"

မောင်မင်းက အဲဒီစကားကြောင့် ပိုအံ့သြရကာ ...

"ဟင်း ... ဘာဖြစ်လို့လဲကွ"

"အဟမ်း ... အဟမ်း ... ဟုတ်ဘူးလေ။ ရှင်က ရှုတင်မှာဆို ချေနေတော့လေ။ အားမနာတတ်ဘူး ထင်လို့"

"မင်းကလည်း ... ငါလည်း လူပါပဲကွာ။ မင်းလည်းချေတယ်ဆိုတဲ့ စကားကို တောက်လျှောက် ပြောတာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒါကတော့ သူ့အရပ်နဲ့ သူ့ဓာတ်ပေါ့။ သုံးနှုန်းသင့်တဲ့ နေရာမှာ စကားကို သုံးနှုန်းတဲ့ သဘောပဲလေ။ ဟင်း ... ဟင်း ... ကဲပါ ... စကားမများဘဲ ရှုခင်းတွေကိုသာ ခံစားပါ"

မောင်မင်းက ခေါင်းတစ်ချက် ညိတ်ပြရင်း မြင်းပေါ်ကနေ ရှုခင်းတွေကို ငေးမောခံစားရင်း စိတ်ချမ်းသာနေမိသည်။ တကယ့်ကို လတ်ဆတ်သာယာတဲ့ ရှုခင်းတွေပဲ။ အဲဒီအချိန်ခဏလေးမှာ သူဟာ ကိုယ့်ကိုယ်ကိုယ် မောင်မင်းသခင်ဆိုတာလည်း မေ့၊ ဘွားမယ်နှင့် မေမေ့ကိုလည်း မေ့ကာ တစ်လောကလုံးအလယ်မှာ ငြိမ့်ငြိမ့်အေးအေးလေးနှင့် တစ်မြို့လုံးကို ကိုယ်ပဲ မင်းမူထားသလို ခံစားမိလေသည်။

❀ ✧ ❀





"ရ ... ရပါတယ် ပိုးတီ"

ပိုးတီက မြင်းပေါ်ကနေ သူ့ရဲ့အားတုံ့အားနာ တုံ့ပြန်သံကြောင့် ပိုးတီက သူ့ကိုမော့ကြည့်ကာ ...

"အင် ... ဘာလဲ မင်းသား"

"ဟိုဟာ ... မင်းကို အရမ်းအားနာလာပြီ။ မင်းတစ်လှည့် မြင်းပေါ်မှာ ထိုင်ပါ။ ကိုယ် လမ်းလျှောက်မယ်လေ"

ပိုးတီက ထူးထူးခြားခြား မြင်ရခဲသည့် မင်းသားရဲ့ အားတုံ့အားနာ မျက်နှာလေးကို အပြုံးဖြင့် တဝကြီး ငေးကြည့်ပြီးမှ ...

"အေးဆေးနေပါ မင်းသားရယ်။ မြင်းထိန်းပြီး လမ်းလျှောက်တယ်ဆိုတာ ဘယ်လောက် ပညာပါတယ်ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... အဲဒါဆိုလည်း ကိုယ် မင်းနဲ့အတူတူပဲ လမ်းလျှောက်မယ်လေ"

ပိုးတီက အပြုံးတစ်ခုဖြင့် သူ့ကို ကြည့်ငေးရင်း ဟိုမြင်းပုံပြင်ကို သတိရမိသွားသည်။

"ဟား ဟား ... နေပါ။ ပိုးတီတို့က တောသူ။ ဒီလမ်းလောက်ကတော့ အသာလေး လျှောက်နိုင်ပါတယ်။ ရှင်သာ ခြံထဲကနေ အနောက်ဘက်ကို လမ်းလျှောက်တာ တော်တော်ပင်ပန်းနေတာ"

"ဟင်း ဟင်း ... အဲဒါမှ ဒုက္ခဗျာ။ ကိုယ် ပိုးတီကို တကယ်အားနာနေတာ။ ဟို ... ပိုးတီလည်း မြင်းပေါ် တက်လိုက်ပါလား။ အတူတူ စီးမယ်လေ။ လာတာလည်း နည်းနည်းလှမ်းနေပြီဆိုတော့"

ပိုးတီက နည်းနည်းတော့ ချီတုံချတုံ ဖြစ်ကာ စဉ်းစားနေရသည်။

"ဟေး ... ငါက တကယ် စေတနာနဲ့ ပြောတာပါ"

"အင်း ... ကောင်းပြီလေ။ သားကြီးရေ ပြန်ရအောင်။ လှည့်မယ်"





ပိုးတီက မြင်းဇက်ကြိုးကိုဆွဲကာ လာရာဘက်သို့ မြင်းကို ပြန်ဦးတည်လိုက်ပြီး နောက်တွင်တော့ ပိုးတီက မင်းသားနဲ့အတူတူ မြင်းစီးရမှာကို တစ်မျိုးပဲ ဖြစ်ရလေ၏။ အရင်တုန်းကဆို ပိုးတီ တစ်ယောက်တည်းပဲ မြင်းကိုစီးနေတာလေ။ အခုလို ယောကျ်ားလေးတစ်ယောက်၊ နောက်ပြီး အဲဒီယောကျ်ားလေးကလည်း အရမ်းကိုချောပါတဲ့ ပိုးတီ ကြိုက်တဲ့ ရုပ်ရှင်မင်းသား။ ပိုးတီက အေးမြနေတဲ့ ရာသီဥတုမှာ ပူစပ်ပူလောင် ဖြစ်လာသလို ခံစားလာရသည်။

"ဟော့ ... ပိုးတီ ... ဘာလုပ်နေတာလဲ။ မြင်းပေါ်တက်လေ။ ခေါင်းမမာပါနဲ့ကွာ။ ငါတို့ပြန်ရမှာ တော်တော်လှမ်းနေပြီ"

မင်းသားက တိုက်တွန်းတာကြောင့် ပိုးတီက ဘာမှ ပြန်မပြောသေးဘဲ ပြုံးတုံ့တုံ့လုပ်နေလျှင် သူ့ရဲ့လက်တစ်ဖက်က ပိုးတီဆီသို့ ကမ်းလင့်လာ၏။ အိုက်စ် ... စိတ်ထဲမှာ ယားကျိကျိနဲ့။ အဟိ ...။ ဒီလောက်ဆင်တဲ့ နုဖပ်ဖြူနုနေတဲ့ လက်လေး ပိုးတီအတွက် ကမ်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ..."

မင်းသားက လက်ပေးလေ ဆိုတဲ့သဘောဖြင့် ပိုးတီကို ကမ်းပေးလိုက်တာကြောင့် ပိုးတီက သူ့လက်ကို လှမ်းဆွဲကာ ကွင်းကို ဖိနင်းရင်း မြင်းပေါ်တက်လိုက်သည်။ ရုတ်တရက်ကြီး ပြင်ဦးလွင်ရဲ့ ရာသီဥတုဟာ အေးချမ်းနေရာက ပူနွေးသွားသလို ခံစားရတာဟာ သူ့ရဲ့ ရင်ခွင်ဧရိယာအတွင်းသို့ ရောက်သွားလို့များလား။

ပိုးတီနှင့် အရမ်းကို နီးကပ်နေတာကြောင့် ပိုးတီက အသက်ရှူသံတွေ မြန်လာသလို ဖိုးသိုးဖပ်သပ် ဖြစ်လို့နေ၏။

"ဟေး ... မသွားသေးဘူးလား"

အိုက်စ် ...။

ပိုးတီရဲ့ နားရွက်ဖျား အနားနားသို့ လေငွေ့နွေးနွေးတစ်ခုက ရိုက်ခတ်တာကြောင့် ပိုးတီက ဘေးတစောင်းသူ့ကို အသာငဲ့ကြည့်လိုက်လျှင် သူက ပြုံးပြရင်း ...

"ဒီက တော်တော်သာယာတာပဲနော်"

"အင်း ... ဟုတ်တယ်"





"ဟိုလေ ... ပိုးတီကို တောင်းပန်ချင်တာလေး ရှိတယ်"

"ဘာကိုလဲ"

"ဟိုဟာလေ ... ခတ်ပုံရိုက်တဲ့ ကိစ္စပါ"

ပိုးတီက ပထမဆုံး စဆုံဖူးသည့် ခတ်ပုံတွဲရိုက်တဲ့ ကိစ္စကို ပြန်အမှတ်ရမိသွားကာ ပြုံးလိုက်ရင်း ...

"ရပါတယ်၊ ပိုးတီကလည်း အဲဒီတုန်းက ရုက်ရုက်နဲ့ မင်းသားကို တွန်းချမိသွားတာလေ။ သွေးအေးအေးနဲ့မှ အနံ့မကောင်းဘူးဆိုတာ ပိုးတီဆီက နွားချေးနံ့တွေ ရနေတာကို ..."

ဟီး ဟီး ... ရှင် တော်တော် ဒဏ်ခံလိုက်ရမှာပဲ နော်"

"ဟင်း ... ဟင်း ... နည်းနည်းပါးပါးပေါ့"

ပိုးတီက အခွင့်အခါလည်း သင့်တာကြောင့် သူ့ဆီက အခွင့်အရေးတစ်ခု တောင်းလိုက်မိသည်။

"အင်း ... ဆောရီး။ အမ် ... အခု ခတ်ပုံတွဲရိုက်လို့ ရမလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဟား ဟား ... ဒီချိန်မှာ ပြောစရာလား။ မင်းနဲ့ငါက တစ်မြင်းတည်းစီး၊ တစ်ခရီးတည်းသွားတဲ့ သူတွေလေ။ As you like"

"အို ... ဘယ်လို"

"အင်"

မင်းသားက ပိုးတီရဲ့အနောက်နားနားကနေ "အင်" ဟု အမေးပြုလိုက်လျှင် ပိုးတီက ရုက်ရွဲ့ရွဲ့ဖြစ်သွားကာ ဘောင်းဘီအိတ်ထဲက ဖုန်းကိုထုတ်ကာ ...

"အင်း ... ဘာမှမဟုတ်ဘူး။ အဲဒါဆို ရိုက်မယ်လေ"

ပိုးတီက ပိုးတီရဲ့ Note 3 ပန်းရောင်လေးကို ထုတ်ကာ Selfie အတွက် ရှေ့သို့ လက်ဆန့်တန်း ထုတ်လိုက်ကာ Camera position အကျ မျက်နှာကို post ပေးလိုက်ရင်း လက်တစ်ဖက်ကတော့ မြင်းဇက်ကြိုးကို ကိုင်ထားရသည်။ ပိုးတီရဲ့ အနောက်နားက သူကတော့ ပိုးတီ ပခုံးစွန်းနားသို့ သူ့မျက်နှာရောက်လာတာကြောင့် ပိုးတီရဲ့ ဖုန်းကိုင်ထားတဲ့ လက်တွေဟာ ကတုန်ကယင်တွေ ဖြစ်လာသည်။





"ဟော့ ... ဒီမှာ post ကပေးနေတာ ကြာပြီလေ။ မရိုက်သေးဘူးလား"

"အမ် ... ဟုတ် ... ဟုတ် ..."

ပိုးတီက တစ်ပုံရိုက်လိုက်ပြီး ဖုန်းကို ပြန်သိမ်းလိုက်လျှင်တော့ သူက ခပ်တိုးတိုးလေးသံဖြင့် ...

"သွားမယ်လေ"တဲ့ ...။

ပိုးတီက ခေါင်းအသာညိတ်လိုက်ရင်း မြင်းဇက်ကြိုးကို ဖြည်းဖြည်းချင်း ဆွဲလိုက်လျှင် ချစ်ညိုကြီးက ငြိမ့်ငြိမ့်ညောင်းညောင်းဖြင့် စထွက်လေ၏။

မြင်းပေါ်မှာ ပိုးတီက မင်းသားရဲ့ရင်ခွင်ထဲ ရောက်နေတယ်ဆိုတော့ ဒီအချိန်မှာ ဘာပဲဖြစ်ဖြစ် ပိုးတီက မင်းသမီးပဲ ဖြစ်သည်။

❀ ✧ ❀



www.burmeseclassic.com

www.burmeseclassic.com



“ဒီနေ့အတွက် ကျေးဇူးအများကြီး တင်ပါတယ် ပိုးတီ”

ဆိုင်ကယ်ပေါ်ကဆင်းကာ ဟမ်းမက်ဦးထုပ်လေး ပိုးတီရဲ့ဆိုင်ကယ်ခြင်းထဲ ထည့်ပေးလိုက်တော့ ပိုးတီက အပြုံးတစ်ခုဖြင့်သာ ခေါင်းညိတ်ပြသည်။

“အင်း ... ရပါတယ်။ ဧည့်သည်ကို အိမ်ရှင်က ဧည့်ခံရတာပေါ့”

“အဟင်း ...”

ပိုးတီကို ပြုံးပြတဲ့ အပြုံးဟာ နွေးထွေးမှုရှိလှတာကြောင့် ပိုးတီက စိတ်ထဲ တစ်မျိုးတော့ တစ်မျိုးလေး ဖြစ်၏။ ဟိုတယ်နှင့် မလှမ်းမကမ်း နေရာအထိ ပိုးတီ ဆိုင်ကယ်နှင့်လိုက်ပို့ပေးကာ ခုလို ပြန်ဖို့နှုတ်ဆက်တဲ့အခါကျ စိတ်ထဲမှာ မခွဲနိုင် မခွာရက် ဖြစ်နေတဲ့ ခံစားချက်က တကယ်ထူးဆန်းလေသည်။





ဒါပေမဲ့လည်း ပိုးတီ သူ့ရဲ့နေရာကို ပြန်ပို့ပေးပြီးပြီဆိုတော့ ပြန်ရမယ့်သူက ပိုးတီလေ။

“ဟို ... သွားတော့လေ မင်းသား။ ပိုးတီလည်း ပြန်တော့မယ်”

“အင်း ... ဪ ... ပိုးတီ”

ပိုးတီကို ခေါ်သံကြောင့် ပိုးတီက သူ့မျက်နှာကို ကြည့်ကာ ခေါင်းတစ်ချက်ညိတ်ပြကာ ပြောလေဆိုတဲ့ သဘောအရိပ်အကဲ ပြလိုက်လျှင် မင်းသားက ...

“ဓာတ်ပုံလေး Viber ကနေ ပို့ပေးပါလား။ ကိုယ့် Ph က 0942xxx ပါ။ အခု ဖုန်းမပါလို့”

“ဟုတ် ... ခဏနော်။ မှတ်လိုက်ဦးမယ်”

ပိုးတီက ဖုန်းကိုထုတ်ကာ မင်းသားပေးတဲ့ နံပါတ်ကို Contact မှာ မှတ်လျှင် Name List နေရာမှာ ပိုးတီက မင်းသားဟု type အရိုက်မှာ မင်းသားက ...

“အဖေကြီးကတည်းက ပြောထားတယ်လေ။ ကိုယ့်မှာ နာမည်ရှိပါတယ်လို့”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို Contact list မှာ ဘယ်လိုထည့်ရမှာလဲ"

"မင်း ခေါ်ချင်တဲ့နာမည် ထည့်လေ"

"အင်"

သူ့စကားက တစ်မျိုးသော အဓိပ္ပာယ်ပါသလို ပိုးတီက သူ့ကို ငေးကြည့်မိသည်။ မင်းသားက အပြုံးတစ်ခုနှင့် အတူ ...

"ကိုယ့်ဆီ စာတင်ပုံပို့လိုက်ဦးနော် ပိုးတီ။ ဒီနေ့ တစ်နေ့လုံး မင်းရဲ့အချိန်တွေ ကိုယ့်ကို ပေးထားတာ ကျေးဇူးပါပဲ"

"အင်း ... ရှင် ရှုတင်ရှိသေးတယ်မလား"

"အင်း ... မင်း ဖန်တီးပေးတဲ့ ဘဝထဲက ပြန်လာပြီဆို တော့ နဂိုနေရာကို ပြန်သွားရတော့မှာပေါ့။ ဪ ... မင်းရဲ့ခြံထဲမှာ ကိုယ် ရိုက်ရမယ့် scene တွေ ကျန်သေး တယ်။ ဆုံမယ်လေ"

"ဟုတ်"

မင်းသားက အပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြကာ ပိုးတီကို နှုတ်ဆက်၍ လှည့်အထွက်မှာ ပိုးတီက သံယောဇဉ် မပြတ်စွာဖြင့် သူ့ကို လှမ်းခေါ်လိုက်၏။





"ခင်"

ပိုးတီ ပါးစပ်က လွှတ်ခနဲ ထွက်လိုက်တဲ့ ခေါ်ဝေါ် မှုဟာ "ခင်"ဖြစ်နေတာကြောင့် ကိုယ့်ဘာသာတောင် ဆပ်ပရိုက်စ် ဖြစ်ကာ သူကလည်း အံ့သြတကြီးဖြင့် ပိုးတီဘက်ကို ပြန်လှည့် ကြည့်လိုက်ကာ ...

"ဘယ်လိုခေါ်လိုက်တယ်"

"အဟက် ... ဟက် ... အမ်း ... ဟိုဟာ"

ပိုးတီက လွှတ်ခနဲ ထွက်လို့သွားမိတဲ့ ကိုယ့်ပါးစပ် သာ ကိုယ်ပြန်ရိုက်ချင့်မိလေသည်။ ဒုက္ခပါပဲ။ သာသာယာယာ ဆက်ဆံရေးကနေ ပြဿနာတော့ တက်တော့မှာပဲ။ ဒီလောက် ချေတတ်တဲ့ မင်းသားကိုမှ ပိုးတီက မိန်းမဆန်တဲ့ နာမည်မျိုး ခေါ်ရတယ်လို့။ ပိုးတီက ဘာဆက်ပြောရမယ်မှန်း မသိတော့စွာ အဟင်းတွေ အဟဲတွေ ဖြစ်ကုန်နေလျှင် မင်းသားက ပိုးတီကို ကြည်ကြည်သာသာပင် ပြုံးပြ၍ ...

"အဲဒီလိုခေါ်ပါ။ ကိုယ် တစ်ခါမှ မကြားဘူးတဲ့ အခေါ် အဝေါ်ပဲ။ အမ် ... ကိုယ့်ကိုခေါ်တာ ဘာပြောမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ... တစ်နေ့လုံး ဘာမှမစားထားတော့လေ ဟိုတယ်ပြန်ရောက်ရင် တစ်ခုခု စားလိုက်ပါဦးလို့"

"အင်း ... ဟုတ်သားပဲ။ မင်းနဲ့အတူ ပျော်နေလို့လားမသိဘူး။ ကိုယ် ဘာမှ မစားရသေးတာတောင် သတိမထားမိတော့ဘူး။ Ok ... စားလိုက်ပါ့မယ်။ ဆိုင်ကယ်သေချာမောင်းပြီး ပြန်နော်"

စကားအဆုံးမှာ သူက ပိုးတီကို မျက်စိတစ်ဖက်မှိတ်ပြပြီး အပြုံးဖြင့် လှည့်ထွက်သွားလေလျှင် မိုးသိုးဖတ်သတ်ဖြင့် ပလုံစီကျန်ခဲ့သူ မှာတော့ ပိုးတီပဲ ဖြစ်သည်။

အို ... အိပ်မက်ဆိုရင်လည်း ဒီအချေမင်းသားလေးနဲ့ဆို နိုးကို မနိုးချင်တော့ဘူးကွယ်။

❀ ✧ ❀





(၁၃)

"မယ်မယ် ... မေမေကြီး ... အစ်ကိုလေး ပြန်ရောက်လာပြီ"

"သား ... သားသား"

ကြားလိုက်ရတဲ့ စကားကြောင့် မယ်ကော၊ ပိုးဖြူပါရင်ထဲက နွေကန္တာရဟာ မိုးရွာချလိုက်သလို အေးငြိမ်းသွားကာ အခန်းထဲဝင်လာတဲ့ သားသားဆီ အပြေးအလွှားသွားရင်း သားရဲ့မျက်နှာလေးကို ကြည့်လိုက်၊ သားသားကို ဖက်တွယ်လိုက်ရင်း စိုးရိမ်စိတ်ပူလှစွာ ...

"တစ်နေကုန် ဘယ်တွေလျှောက်သွားနေရတာလဲ သားသားရယ်။ ဘွားမယ်ကော သားအမေကော စိတ်ပူတာဆို



www.burmeseclassic.com

www.burmeseclassic.com



တာ။ တစ်မြို့လုံး ဒေါင်းတောက်အောင်ရှာတာ။ ဘယ်မှာမှ ရှာလို့တွေ့ဘူး။ အပုန်းကောင်းလှချည်လား ကလေးရယ်။ သား ဘယ်တွေ ပျောက်သွားနေတာလဲ"

"ဘွားမယ်နဲ့ မေမေ့ကို စိတ်ပူစေတာ တောင်းပန်ပါတယ်။ သားကို စိတ်မပူဖို့ စာရေးသွားတာပဲဟာ"

"အမယ်လေး ... သားရယ်၊ စိတ်မပူနဲ့ပြောလည်း ပူတာပေါ့။ မေမေတို့မှာက ဒီသားကလေး တစ်ယောက်ပဲရှိတာလေ။ ဖုန်းဆက်ဖို့ ကျပြန်တော့လည်း ဖုန်းကို ထားသွားတယ်။ ကဲ ... ကဲ ... မေမေတို့ကို ပြောပါဦး။ သား ဘယ်ကိုသွားနေတာလဲ"

ပိုးဖြူက သားကို စိုးရိမ်တကြီး သိချင်စိတ်ဖြင့် မေးလေလျှင် သားသားက သူတို့ကို အချိုပဲသပ်နေသလား မပြောတတ်ပါ။

မယ့်ကို တစ်ဖက်၊ ပိုးဖြူကို တစ်ဖက် တစ်ယောက် တစ်ဖက်စီ ပခုံးဖက်ကာ ဆိုဖာဆီသို့ လမ်းလျှောက်လာရင်း မြူးကြွ ရွှင်လန်းသော ချွဲသံဖြင့် ...





"ဟား ဟား ... ဘွားမယ်နဲ့ မေကလည်း သားက ကလေး မှမဟုတ်တော့တာ။ အခု သား ပြန်ရောက်လာပြီ။ ဘာဖြစ်လဲ။ ဘာမှလဲ မဖြစ်ဘဲနဲ့ဟာ။ ဟဲ ဟဲ"

"မဟုတ်ဘူးလေ။ သား ဒီနေ့ တစ်နေကုန် ဘယ်တွေသွားနေတယ်၊ ဘာတွေ လုပ်နေတယ် ဆိုတာတော့ ပြောပြဦးမှပေါ့"

"ဘွားမယ်ကလည်း သားက ကလေးကျနေတာပဲ။ သား ပြင်ဦးလွင်မှာပဲ လျှမ်းခဲ့တာပေါ့လို့။ ကဲ ... ကဲ ... မနက်ဖြန် ရှုတင်ရှိတယ်မှလား။ မေမေတို့ အဝတ်အစားတွေ စီစဉ်ပြီးပြီမှလား။ သား အခန်းပြန်နားလိုက်တော့မယ် ...

ဪ ... ဖိုးကျော် ... ငါ့ကို ပေါင်မုန့်ထောပတ်သုတ်နဲ့ မေမြို့ကော်ဖီစစ်စစ်ကို နွားနို့နဲ့ဖျော်တာယူပြီး အခန်းလာပို့ပေး။ Good Night ဘွားနဲ့ မေ"

သားသားက Night Kiss အဘွားနှင့် အမေကို ပေးသွားကာ သူတစ်ယောက်တည်း မိဘတွေ ဆန်ပစ်နေကာ ဂယက်ထသွားပြီး အခန်းကို ပြန်သွားလေလျှင် မယ်က ပါးရိုက်



www.burmeseclassic.com

www.burmeseclassic.com



တာမှ ကြက်သွန်ခွဲလို ပါးပါးလေးဖြစ်ကာ ဖိုးကျော်နှင့် ဖိုးသော်ကို checking လွှတ်လိုက်လေသည်။

"မယ်မယ် ... သား ကြည့်ရတာ အရမ်းတွေ တက်ကြွနေပါလား။ ဘာ ... ဘာဖြစ်သွားတာလဲ"

ပိုးဖြူက ရှိရင်းထက်တောင် ပိုခေါ်လာသလို သားအတွက် စိတ်ပူပင်မှုတွေ များလာလျှင် မယ်က အထာတွေ စနို့စခွစ် အကုန်နပ်နေစွာဖြင့် ပိုးဖြူကို ကြည့်လိုက်ကာ ...

"ဒါ ငါတို့ကို ကလေးကွက်နဲ့ ချော့သိပ်သွားတာ။ မြေးက ထိပ်ကွက်သွားတယ်ဆိုတာ မြင့်မိုးမယ်တို့ရဲ့ဘဝမှာ လုံးဝမရှိစေရဘူး။ ခေတ်အဆက်ဆက် အပွဲပွဲ နိုင်ခဲ့သမျှ ကိုယ့်မြေးအလှည့်မှ ရှုံးရတယ်ဆိုတာ ရာဇဝင်ကို မရှိဘူး။ ဒီနေ့ကစပြီး ရွှေတင်မှာလည်း သားသားရဲ့အခြေအနေကို သေချာမျက်ခြည်မပြတ် စောင့်ကြည့်။ တစ်နေ့ကုန် သူဘယ်သွားနေလဲဆိုတာ ရအောင်စုံစမ်းဖော်ထုတ်ရမယ်။ ညည်းလည်း မလှပတဲ့ရုပ်ကို ပြင်မနေနဲ့တော့။ ညည်းသားကိုသာ သံကွန်ခြာနဲ့ လုံအောင်အုပ်ထားလိုက်ပါဦး"





မယ်က ရှင်ရှင်ပျပျ ပြန်လာတဲ့ သားသား တစ်နေ့ကုန် ဘယ်လို အောလီအောလက်တွေနဲ့ သာယာနေခဲ့တယ်ဆိုတာ သိရဖို့ အထူးမျက်စိဖွင့် နားစွင့်ထားဖို့ လိုအပ်လေသည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီ ခြံထဲသို့ ဆိုင်ကယ်ဖြင့် ဝင်လာသောအခါ ခြံထဲမှာ တုတ်တွေကိုယ်စီဖြင့် ခြေကျင်းရှုပ်နေတဲ့ ပိုးတီရဲ့ ခြံ အလုပ်သမားတွေနဲ့ မိသားစုကို တွေ့သောအခါ ပိုးတီက ပြဿနာ တော့ တက်ပြီဆိုတာ သဘောပေါက်လိုက်ချိန်မှာ အင်မတန်မှ စိတ်ကြီးတဲ့ ပိုးတီရဲ့အစ်ကိုက ပိုးတီဆီ ဝုန်းဒိုင်းရောက်ချလာ ကာ ...

"မိပိုးတီ ... ဆင်းစမ်းနင် ...' အခုဆင်း"

"ကို ... ကို ... ကိုကြီး ... ဘာ ... ဘာဖြစ်တာလဲ"

"ကောင်မ ... ငါလုပ်လိုက်ရ နာတော့မယ်။ ပြောစမ်း ... ဒီအချိန်မှ နင် အိမ်ပြန်ရောက်ရအောင် နင် ဘယ်ကိုသွား နေတာလဲ။ ဖြေလေ ... ဖြေ"





ကိုကြီးရဲ့အသံက ဒေါကြီးမောကြီးဖြင့် နင်းထိုး ဆောင့်တွန်း ဝင်လာကာ ပိုးတီရဲ့လက်မောင်းကို ဆောင့်ခါရင်း မေးတာကြောင့် ပိုးတီက အခုမှ အဖြေရအခက် ဖြစ်နေကာ အ,ထစ် အ,ထစ် လေသံဖြင့် ...

"ဟို ... မေမေ ... နို့ဘူးတွေ ပို့ခိုင်း ... ခိုင်း"

"တိတ်စမ်း ... ပိုးတီမ။ နို့ဘူးသွားပို့တာ မနက်ငါးနာရီ ကတည်းက။ နင် အခု ပြန်ရောက်လာတဲ့ အချိန်ကိုကြည့် စမ်း ညခုနစ်နာရီထိုးနေပြီ။ နင် ဘယ်ကိုသွားနေတာလဲ ပြော။ အေး ... မပြောလို့ကတော့ သေပြီပဲ"

ဟား ...။ ပိုးတီရဲ့ရင်ထဲက အကြည်ဓာတ် အရှင် ဓာတ်တွေဟာ ပျောက်ဆုံးကုန်ကာ ဘာပြောရမလဲဆိုတဲ့ စကား ဆုံးကို အသည်းအသန် လိုက်ရှာရပြီဖြစ်၏။ ဘာပြောရမလဲ။ ဘာပြောရမလဲ။

"ဟာ ... ဒီကောင်မတော့ ငါလုပ်လိုက်ရင် သေတော့မယ်။ အမေ ... အမေ့သမီးကို ကျွန်တော် ဆုံးမရတော့မလား။ ငါ ..."



www.burmeseclassic.com

www.burmeseclassic.com



"သား ... နေစမ်း။ ပိုးတီ ... နင် မဖြေနိုင်ဘူးဆို ငါတို့ မေးတာကိုဖြေ။ မနက်က နင့်ဆိုင်ကယ်အနောက်ကနေ ပါသွားတဲ့ အကောင်က ဘယ်သူလဲ။ ဖြေစမ်း"

အမယ်လေး ... လေး ...။ မြတ်စွာဘုရား။

ပြဿနာမိုးကြိုးက အလုံးလိုက် အရင်းလိုက်ကို ပစ်ချပြီဖြစ်သည်။ ပိုးတီက မေမေ၊ ကိုကြီးနှင့် မကြီးတို့ရဲ့တစ်ယောက်တစ်ခွန်း ဒေါသတွေအောက်မှ ပုလွန်းလို့ အရပ်ကထွက်မလာတော့လားလည်းမသိ။ ပိုးတီမိသားစုအကြောင်းကို ပိုးတီအသိဆုံး။ ပိုးတီကို အငယ်ဆုံးလေးရယ်ဆိုပြီး ချစ်ကြသည်မှာ တုန်နေအောင်ပဲဖြစ်ကာ အေးပတ်ဝန်းကျင်က ပိုးတီတို့မိသားစုကို ကျီးအာသီးတွေလို့ နောက်ကွယ်က ခေါ်ကြရအောင် ပိုးတီတို့မိသားစုက ဘယ်သူမှားမှား၊ မှန်မှန် ကိုယ့်ဥထိပါက လက်သည်းထိ လက်ဆိပ်နာသလို ကက်ကက်လန်တာဖြစ်၏။

နောက်ပြီး ပိုးတီကို အမြဲအလိုလိုက်ကြပေမယ့် ပိုးတီ ယောကျ်ားလေးကိစ္စ အရှုပ်အရှင်း ဆိုရင်တော့ အသေပဲဟု ကြိမ်းထားတာကလည်း ပိုးတီမိသားစုပဲဖြစ်၏။





တစ်ခါတစ်ရံ ခြံထဲမှာ ရှင်းရတဲ့ ပိုးတီရဲ့ယောကျ်ားလေးပြဿနာတွေကြတော့ ပိုးတီကို လာနှယ်လို့ ဖြစ်တာဖြစ်ပြီး ဒီတစ်ခါကတော့ ...။

"ပိုးတီ ... နင် အဲဒီ ကလေးလိုလို ချေးလိုလို အထာနဲ့ ငါတို့ကို ရှော့မချနဲ့။ အဲ့ကောင် ဘယ်ကကောင်လဲ။ ငါ သွားရိုက်မှာနော်။ နင် မပြောလို့ကတော့ ဒီမြို့က နင့်ကို လိုက်တဲ့ကောင်တွေ မှန်သမျှ သေပြီပဲ"

"ကိုကြီး ... မလုပ်ပါနဲ့၊ ပိုးတီ တောင်းပန်ပါတယ်"

"အေး ... အဲဒါဆို ပြော။ နင် ဒီနေ့ ဘယ်သွားတာလဲ။ ဖုန်းဧရိယာပြင်ပရောက်အောင် သွားတယ်ဆိုကတည်းက နင် ချောင်ကလောင်ထဲ သွားနေလို့။ ပြောစမ်း ... အဲဒီကောင် ဘယ်ကကောင်လဲ"

မေမေ၊ မကြီးကော အားလုံးက ကိုယ့်ဘက်မပါတော့ဘဲ ပိုးတီကိုသာ အပြစ်ကြီးလုပ်ထားတဲ့သူလို မီးဝင်းဝင်းတောက် ဒေါသတွေဖြင့် ပိုးတီကို အပီကျွေးတော့မှာမို့ ပိုးတီဆိုင်ကယ်နောက်ကသူကို ဘယ်သူပြောရမလဲဟု အလျင်အမြန်



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလိုက်တာ ချက်ချင်း idea ကထွက်ကာ ဂယက်တွေထပ်စ်ရတော့သည်။

"ခဏလေးပါ ကိုကြီးရယ်။ ဒေါသကိုထိန်းပါ။ ပိုးတီရှင်းပြပါ့မယ်။ မနက်က ဝက်ဝံရွာက လူတစ်ယောက်နဲ့ ပိုးတီဆိုင်ကယ်နဲ့ တိုက်မိမလိုဖြစ်လို့ သူ့ခြေထောက်နာသွားလို့ အဲဒါ ပိုးတီက ပြန်လိုက်ပို့ပေးတာပါ။ ပြီးတော့ ဘွားတုံတို့ ခြံထဲသွားနေတာ ခြံထဲမှာ တစ်နေကုန်ရှိတယ်။ မယုံရင် မနက်ကျ သွားမေးကြည့်"

ပိုးတီက ဘွားတုံနှင့် စကားစည်းဝါးကိုက်ထားပြီးသားမို့ ဘွားတုံတို့ကတော့ မင်းသား ပါလာတယ်ဆိုတာ ကိုကြီးတို့သွားမေးလည်း ပြောမှာမဟုတ်ချေ။ ဘာပဲဖြစ်ဖြစ် ပိုးတီရဲ့ အလျှောက်ကောင်းမှုက အနည်းငယ်တော့ ယုံကြည်မှုရှိသွားကာ...

"သေချာတယ်နော် ပိုးတီ"

"မေမေကလည်း ပိုးတီက လိမ်စရာလား။ တကယ်။ ချစ်ညီကြီးကိုတောင် ပိုးတီ ကွင်းတစ်ပတ် စီးလိုက်သေးတယ်"





အဲဒီတော့မှ အင်မတန် ဒေါသထွက်ကြီးနေသည့် ကိုကြီးက နည်းနည်းငြိမ်သွားကာ ပိုးတီကိုတော့ မသင်္ကာသေးတဲ့ မျက်လုံးဖြင့်ကြည့်ကာ ...

"ကောင်းပြီလေ၊ နင် ကြပ်ကြပ်သတိထား။ နောက်တစ်ခါ ဒီလိုအချိန်ထိ နေပြီးမှ ပြန်လာလို့ကတော့ ငါ့အကြောင်း ကောင်းကောင်းသိမယ်မှတ်။ ဟဲ့ ... နင့်ညီမကို ခေါ်သွားတော့"

ပိုးတီက မေမေနှင့် ကိုကြီးရှေ့ကနေ ခပ်ကုပ်ကုပ်မကြီးနှင့် ထွက်လာကာ စိတ်ညစ်နေတာဟာ တကယ့်ခဏလေးပဲဖြစ်ကာ ခေါင်းထဲမှာ မင်းသားအကြောင်း အတွေးဝင်လာတာနှင့် အားလုံးဟာ ကျေနပ်တယ် ဖြစ်လို့သွားလေသည်။

❀ ✧ ❀



www.burmeseclassic.com

www.burmeseclassic.com



(၁၄)

ပိုးတီတို့ရဲ့စိုက်ပျိုးရေးခြံထဲမှာ ဒီကနေ့ ရိုက်ကွင်းရှိတာမို့ ပိုးတီက မင်းသားနှင့် တွေ့ဖို့အတွက် အိမ်ထဲကနေခြံထဲဆင်းလာလျှင် အိမ်တံခါးဝမှာ စောင့်နေတဲ့ ကိုကြီးက မျက်နှာထားထန်နေကာ ပိုးတီကို မေးခွန်းထုတ်လေသည်။

"ဒါက ဘယ်လဲ"

"ကိုကြီးကလည်း ကိုယ့်ခြံထဲ ကိုယ်နေတဲ့ဟာ"

"အိမ်ထဲ ပြန်ဝင်"

"ဟယ် ... ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ခြံထဲမှာ ရိုက်ကွင်းရှိတယ်။ အဲဒီတော့ နင် အောက်ကို ဆင်းမလာနဲ့"





ရုတ်တရက်ကြီး တားမြစ်ပိတ်ပင်ခံရတာကြောင့် ပိုးတီက အံ့သြအထူးအဆန်းဖြစ်ရကာ ...

"ဘာဖြစ်လို့လဲ ကိုကြီးရဲ့။ အရင်လည်း ပိုးတီတို့ အဲဒီ ရှုတင်ကို ကြည့်နေကြတာပဲဟာ"

"မကြည့်နဲ့တော့။ ငါလည်း သည်းခံနေတာ လေးလေး မျက်နှာကြောင့်။ ငါ အဲဒီ ပရိဂျူဆာအခြောက်အဘွားကြီးကိုရော၊ ဟိုမင်းသားအမေဆိုတဲ့ ခေါနေတဲ့မိန်းမကြီးကိုကော တစ်စက်မှ မျက်လုံးထဲမှာ ကြည့်မရတော့ဘူး"

ဗုဒ္ဓေါ ...။ ပိုးတီက စိုးရိမ်ထိတ်လန့်သွားစွာဖြင့် ကိုကြီးကို အကြောင်းမေးရလေသည်။

"ဘာဖြစ်လို့လဲ။ ကိုကြီးနဲ့ ပြဿနာတက်လို့လား"

"ဟ ... တက်မလို့။ သူတို့ ရှုတင်မန်နေဂျာ လာတောင်းပန်လို့။ ဘယ့်နှယ် ... ငါ့ခြံက အလုပ်သမားတွေက အဲဒီ သွားခေါ်မသားနဲ့ ဓာတ်ပုံသွားရိုက်ကြတဲ့ကိစ္စ သူ့အမေက သူ့သားကို အတင်းဆွဲခေါ်ထုတ်သွားတယ်လေ။ ငါ့ဒေါသ ကိုလေ မနည်း ထိန်းထားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးကလည်း အဲဒါနဲ့ ပိုးတီ ခြံထဲမဆင်းရတာနဲ့ ဘာဆိုင်လဲ"

"ဟ ... ဆိုင်တာပေါ့။ နင်က အဲဒီမင်းသားကို ကြိုက်နေတာလေ။ နင်က ရူစိတက်ပြီး အဲဒီမင်းသားနဲ့ ဓာတ်ပုံသွားရိုက်ရော သူ့အမေကြီးက အနောက်က ချေနေရင် ငါနဲ့တွေ့မှာ။ အဲဒီတော့ နင် ခြံထဲမဆင်းတာက အန္တရာယ်အကင်းဆုံးပဲ။ အိမ်ထဲပြန်ဝင်တော့"

"ဟုတ်"

ပိုးတီက စကားနားထောင်စွာဖြင့် အိမ်ထဲပြန်ဝင်လာခဲ့ရတော့သည်။ ကိုကြီးက ဒုံတိုးပြောတဲ့ စကားတွေဟာ ပိုးတီနဲ့တည့်တည့် ခလုတ်လာတိုက်တာမို့ ပိုးတီက ကက်ကက်မလန်ရဲဘဲ ငြိမ်နေကာ အိမ်ပေါ်တက်ရလေသည်။

ပိုးတီက အခန်းထဲမှာ မနေ့က selfie ရိုက်ထားတဲ့ပုံလေးကို သဘောတကျ ငေးကြည့်မိနေတုန်းမှာ ဖုန်းကဝင်လေ၏။ ဟယ် ...။ ထင်မှတ်မထားစွာသော ဖုန်းနံပါတ်ဖြစ်ကာ Display Name က "Khin"ဖြစ်တာကြောင့် ပိုးတီက ဖုန်းမကိုင်





ခင်မှာ ဖိုးသိုးဖတ်သပ်တွေ ဖြစ်ပြီးမှ ကိုယ့်အသံကိုယ် ဂယက်မထအောင်ထိန်းရင်း ဟယ်လိုရလေသည်။

"ဟယ်လို"

"ပိုးတီ ... မင်းပြောတော့ ကိုယ့်ဆီလာမယ်ဆို။ အခု မင်းဘယ်မှာလဲ။ ကိုယ်က မင်းတို့ခြံထဲက လှည်းယာဉ်တွေ အလှထားတဲ့နေရာမှာ"

မနေ့ညက viber ပြောဖြစ်ကြသေး၍ ပိုးတီက သူ့ဆီလာခဲ့မယ် ပြောခဲ့တာကြောင့် သူက မတွေ့၍ ဖုန်းဆက်လျှင် ပိုးတီမှာ ဖြေရခက်ခက်ဖြစ်သည်။

"ဟို ... ဟို ... ပိုးတီ လောလောဆယ် ထွက်လာလို့ မရသေးဘူး ခင်"

"ဘာလို့လဲ။ နွားခြံသန့်ရှင်းရေး လုပ်နေရလို့လား"

ကျွတ် ...။ မင်းသားရယ် သူများကိုဆို နှိမ်တတ်ပါပေရော။ ပိုးတီက မျက်နှာကို မဲ့မိသွားရင်း ...

"ဘယ်ကသာ။ ပိုးတီက အိမ်ပေါ်မှာ"

"ပိုးတီ ... ပိုးတီ ... ပြီးတော့မှ ပြန်ဆက်မယ် ဒါပဲနော်"

www.burmeseclassic.com



ပိုးတီရဲ့စကားတောင် မဆုံးသေးခင်မှာ မင်းသား တစ်ယောက်ချော အသည်းအသန် ခဲမှန်လေသံဖြင့်ပြောကာ ဖုန်းချသွားလေလျှင် အဲဒါဟာ မင်းသားအေး တစ်ယောက်ယောက် ရောက်လာပြီဆိုတာ သဘောပေါက်ရသည်။ ပိုးတီ အဲဒါလေးတွေ ကြောင့်လည်း သူ့ကို သနားမိသွားသည်ထင်၏။ သူ ချေတာတွေ ဟာ သိပ်ပြီးအပြစ်မြင်စရာ မရှိတော့သလို ခံစားရသည်။

ဘာပဲဖြစ်ဖြစ် သူ ပိုးတီကို တွေ့ချင်တယ်ဆိုတဲ့ စိတ်ဆန္ဒလေး ရှိတယ် ဆိုကတည်းက ပိုးတီ ပျော်လို့ရသည်။ အဟိ ...။

❀ ◇ ❀





"ဟာ ... Cut Cut မဟုတ်ဘူးလေကွာ။ မင်းသား ... ဘယ်လိုဖြစ်တာလဲ။ mood တွေ ကျလှချည်လား"

မောင်မင်းက ဒါရိုက်တာ ပြောတာကို တကယ်ပဲ အားနာစွာ ခံနေရတာဖြစ်၏။ သူ့စိတ်တွေဟာ တကယ်ပဲ ဒီရိုက် ကွင်းမှာ မရှိတာပဲဖြစ်သည်။ သူနဲ့တွဲဖက်သရုပ်ဆောင်နေတဲ့ မင်းသမီးကိုလည်း သူ့မှာ အားနာလှစွာ တောင်းပန်ရ၏။

"အစ်မ ... ဆောရီးပါဗျာ။ ကျွန်တော် ဒီနေ့ အဆင်မပြေ ဘူး ဖြစ်နေတယ်"

"ရပါတယ်။ လမိုင်း မကပ်ဘူး ဖြစ်နေတာ။ ခဏလောက် နားလိုက်ပါလား။ ဆရာ ... သမီး အထင်တော့ ခဏ brake လိုက်တာ အဆင်ပြေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ … ကဲ … ခဏ နားတာပေါ့။ ဒီနေ့ scene က မင်းသားလုပ်ကွက်တွေချည်းပဲဆိုတော့။ မင်းသားမရှိရင် ဘာမှလုပ်လို့မရဘူး။ သား ခဏနားလိုက်"

"သမီး အခန်းမှာပဲ နားနေလိုက်မယ်။ ဆရာ့မင်းသား ready ဆို ခေါ်လိုက်လေ"

"အစ်မရယ် … ဆောရီးပါဗျာ"

မောင်မင်းက သူ့ကို စိတ်ဆိုးသွားပြီဆိုတာ သိတာကြောင့် မင်းသမီးကို တောင်းပန်ရသည်။

"သား … အဲဒီလောက် တောင်းပန်စရာ မလိုဘူးလေ"

မေမေက သူ့ဆီးရောက်လာကာ ပြောတော့ သူက ဟိုမင်းသမီး ကြားသွားမှာလည်း စိုးတာကြောင့် သူက ကျိတ်တိုးလေသံလေးဖြင့် မေမေ့ကို ပြောရလေ၏။

"မေမေကလည်း … သား မှား,မှားနေတော့ တောင်းပန်ရတော့မှာပေါ့"





"အဲဒီလောက် တောင်းပန်ဖို့ မလိုပါဘူး။ တစ်ခါဆောရီး ပြော တော်ပြီပေါ့။ မင်းက ဒီလောက်ထိ အကဲပိုပို တောင်းပန်နေတယ်ဆိုတော့ သူ စိတ်ဆိုးမှာ တော်တော်လေးများ ကြောက်နေလို့လား"

မေမေ အဲဒီမေးခွန်းမေးတာဟာ သူ့ကို စကားအစ်တာပဲ သူ သဘောပေါက်လေသည်။ မနေ့က သူ ဘယ်သူနဲ့ရှိခဲ့တယ်။ ဘယ်ကိုသွားတယ်ဆိုတာ သိချင်နေသော မေမေက ဒီနေ့မှာ သူ့ကို မျက်စိဒေါက်ထောက်ကြည့်၍ လုံးဝအလွတ်မပေးဘဲ စစ်နေတာဖြစ်၏။

အခုလည်း မင်းသမီးနဲ့များ သွားတာလားဆိုတဲ့ သံသယနှင့် သူ့ကို မေးခွန်းထုတ်တာဖြစ်၏။

"မေမေ … ဘာမှမဆိုင်ဘူးနော်။ သားက အစကတည်းက ဒီအလုပ်ကို ဝါသနာပါတာ မဟုတ်ဘူး။ ဘွားမယ်နဲ့ မေမေ ဖြစ်ချင်တာဆိုလို့ သား လုပ်ရတာ … ကသာ အောက်တာကတော့ သားလည်း မတတ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သားသားရေ ... ရော ... ရော ... စိတ်ကြည်သွားအောင် Green Tea အေးအေးလေး သောက်လိုက်ပါဦး။ ဟဲ့ ... ပိုးဖြူ ညည်းဟာလေ ကလေးကို အာရုံတွေများအောင် သိပ်နှောင့်တာပဲ။ သားသား အလုပ်ကိုသာ စိတ်နှစ်ထားနော်"

မေမေက ခြောက်တစ်လှည့်ဆို ဘွားမယ်က ချော့ တစ်ခါဖြင့် သူ့ကို အကဲခတ်နေတယ်ဆိုတာ သူက သဘောပေါက်တာကြောင့် ဘွားမယ်ဆီက ခွင့်ပြုချက် အရင်တောင်းလိုက်သည်။

"ဟုတ်ကဲ့ပါ ဘွားမယ်။ သား ဒီနေ့ ဘယ်လိုဖြစ်နေလဲ မသိဘူး။ စိတ်ကို relax ခဏလုပ်ချင်တယ်။ သား ဟိုနား ဒီနား ခဏလမ်းလျှောက်မလို့"

"ရတယ်လေ ... ဖိုးကျော်နဲ့ ဖိုးသော်"

ဟိုနှစ်ကောင်ကလည်း ready အနေအထားဖြင့် သူ့ဆီးရောက်လာပြီမို့ မောင်မင်းက တစ်မျိုးကြံရလေသည်။

"အာ ... ဘွားမယ်ကလည်း သားက လူမမာမှ မဟုတ်တာ။ ဒီမှာ စက်အဖွဲ့တွေကော ခြံထဲက အလုပ်သမားတွေ





ရော အများကြီးပဲဟာ။ သားအနောက်မှာ အဲ့နှစ်ကောင်က ကပ်ရက် ကပ်ရက်နဲ့ဆိုတော့ ရှက်စရာကြီး။ သားဘာသာ သား mood သွင်းရင် ရပါတယ် ...

ဒါရိုက်တာကိုလည်း သား အားနာလှပြီ။ သား သေချာစိတ်နှစ်မှ ဖြစ်မယ်။ ဘွားမယ်ပဲ သားကို တန်ဖိုးရှိတဲ့ မင်းသား ဖြစ်ချင်တာဆို"

"အေးပါကွယ် ... အေးပါ။ အဲဒါဆိုလည်း သားလေးစိတ်နှစ်ပါကွယ်။ လျှောက် ... လျှောက်"

"မယ်မယ်"

မေမေက တားချင်နေတာကို ဘွားမယ်က မျက်ရိပ်အသာပြကာ လွှတ်ပေးလိုက်လျှင် သူက ကျိတ်ပျော်နေကာ ခြံအတွင်းဘက်သို့ လျှောက်လာခဲ့၏။

ဘာကြောင့်မှန်းမသိ။ ဒီနေ့ သူ သရုပ်ဆောင်လို့မရတာဟာ ပိုးတီကြောင့်လို့ သူက ယူဆသည်။ မနေ့က တစ်ရက်လေးမှာတင် သူ့ကို နောက်နေ့ ထပ်တွေ့ချင်မိအောင် ညှို့



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ sense များ ရှိနေလား ထင်ရအောင် သူ ဒီနေ့ အရမ်းကို ပိုးတီနှင့် တွေ့ချင်နေတာ ဖြစ်၏။ မောင်မင်းက ပိုးတီဆီသို့ ဖုန်းလှမ်းခေါ်လိုက်ကာ မြန်မြန်လေး ချိန်းလိုက်သည်။

"ဟော့ ... ပိုးတီ၊ ကိုယ် နွားခြံရှေ့မှာ။ မင်း အခုထွက်လာခဲ့။ မြန်မြန်လေးနော်"

❀ ◇ ❀





"မယ်မယ် ... သားကို ဘာလို့ တစ်ယောက်တည်းလွှတ်လိုက်တာလဲ"

ပိုးဖြူက သားအတွက် စိုးရိမ်စိတ်ပူစွာ မယ့်ကိုမေးလေလျှင် မယ်က အခြေအနေတွေအားလုံးကို ရိပ်စားသိရှိမိနေသူပီပီ ...

"အကြောင်းရှိလို့ လွှတ်လိုက်တာပေါ့။ အဲဒါကြောင့် ရှုတင်တောင် ဒီနေ့ ဘရိတ်နိုင်းလိုက်ပြီ"

"ဟမ် ... ဘာ ... ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ။ ငါတို့ရဲ့သားသားကို အချဉ်ဖမ်းမယ့်ရှောက်သီးမကို ရှောက်သီးသုပ် လုပ်စားချင်လို့ကို လွှတ်ပေးလိုက်တာ။ ခါချေချေ ... နင်မွေးတဲ့ နင့်သားက ဖိုးအတိုင်းပဲ ငါ့ကိုနှောင့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာတွေဖြစ်လို့လဲ မယ်မယ်ရယ်။ ကျွန်မ မထိတ်သာ မလန့်သာ ရှိလိုက်တာ"

မယ်က ရင်ဘတ်ကလေး လက်ဖိကာ ပြုံးတုံးပျာတာတွေ ဖြစ်နေတဲ့ ပိုးဖြူကို မျက်စောင်းကျိတ်ထိုးရင်း လွှတ်လိုက်ရတဲ့အကြောင်းကို ပြောလိုက်သည်။

"အေး ... ကျွန်မ ပြောမယ်။ ရှင့်သားက အခု ဘယ်သူနဲ့ ငြိနေလဲ ရှင် မသိဘူးမှလား။ မနေ့က ကျွန်မတို့ရဲ့သား နနုထွတ်ထွတ်လေးက ဒီခြံပိုင်ရှင် ဟို ဝက်မစည်ပိုင်းမရဲ့ သမီး ဂျွန်မနဲ့ ရှိနေတာ"

"ဘုရား"

"ဘုရားမတနဲ့။ အမယ်လေး ... ရှင့်သားက အဲဒီဂျွန်မကို မနက်က ဖုန်းခိုးဆက်နေတာ။ ကျွန်မက သင်းတိုးတိုး, တိုးတိုးနဲ့ ဆိုကတည်းက မသင်္ကာလို့ သူကားရိုက်နေတုန်း သူ့ဖုန်းဖွင့်ကြည့်တော့။ မလေး ... မလေး ဝက်ဝက်တွေကွဲ။ သူ့ဖုန်း Wallpaper တောင် လုပ်ထားတယ်။ အဲဒီ ဂျွန်မနဲ့ ငြိထားတဲ့ပုံကို ...





အဲဒါ အပြတ်ရှင်းချင်လို့ကို လွှတ်လိုက်တာ။ ဒီလို အရိုင်းအစိုင်းမိသားစုကိုမှ ရှင့်သားက ငြိတာ အံ့သြတယ်။ အမယ်လေး ... မူးတယ်၊ မူးတယ်"

"အို ... ဒီလိုတော့ ဘယ်ရမလဲ။ ကျွန်မသားကို ဒီလိုဟာတွေနဲ့တော့ သဘောမတူနိုင်ဘူး မယ်မယ်"

"အမယ်လေး ... အဲဒီလို အချီကြီးပွဲကို စောင့်နေတာ။ လာ ... လိုက်မယ်။ ဟိုနှစ်ကောင် ... နင်တို့က စည်ပိုင်းမကို ငါတို့ဆီ ခေါ်ခဲ့။ လာ ... ပိုးဖြူ။ တွေ့ကြသေးတာပေါ့ ...

ဘွားအေကတော့ ချစ်လွန်းလို့ အမွေတွေ စည်းစိမ်ပြည့် အောပေးထားတာ။ သင်းကတော့ ဒီတောရုပ်တောင် ရုပ်ကိုလည်း သာယာတာပဲ။ သွားရှင်းမယ်"

မယ့်မှာ အိုကြီးအိုမဖြင့် ဒေါသက အလိပ်လိုက် ဆောင့်တက်ထွက်ကာ အမိဖမ်းဖို့ သားသားနောက် လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၅)

ပိုးတီက အိမ်ထဲကနေ ရအောင်လစ်ထွက်လာ၍ နွားခြံနားသို့လာလျှင် တင်းကုတ်ဘေးက ကွပ်ပျစ်တဲလေးမှာ ထိုင်နေသော ရွှေမင်းသားဟာ တဲထဲမှာတင်ထားတဲ့ အဖိုးတန် စိန်ထည်တစ်ခုလို လက်လက်ထ လင်းလဲ့လို့နေသည်။ ပိုးတီ့ တကျူးတကကို ဖုန်းဆက်ချိန်းတယ်ဆိုတော့ ... အဟိ။ ပိုးတီက မျက်နှာပိုးကိုသတ်ရင်း မင်းသားဆီသို့ သွားကာ ...

"ပိုးတီ ရောက်ပြီ ခင်"

"အင်း ... ထွက်လာရတာ အဆင်ကော ပြေရဲ့လား"

"ပြေပါတယ်။ ခင်ကရော ရွာတင်က ထွက်လာတာလား"

"အမ်း ... ဆိုပါတော့"





မင်းသားရဲ့ နူးညံ့နေတဲ့ အပြုံးဖြင့် စူးစိုက်ညှို့ငင်နိုင်တဲ့ မျက်ဝန်းတွေဟာ ပိုးတီကို ရင်ထုန့်မှုပေးနိုင်သည့် ကော်ဖီခါးခါးတစ်ခွက်လို အရသာပေး၏။ မင်းသားက ပိုးတီကိုပဲ ကြည့်နေကာ "ဆိုပါတော့"ရဲ့နောက်မှာ ဘာမှဆက်မလာတော့ တာကြောင့် ပိုးတီကလည်း နေရထိုင်ရခက်စွာ တကယ် အိုးတိုး အမ်းတမ်း ဖြစ်ရလေသည်။

"ဟို"

"ဟို"

အဲ့။ ပြောမယ့် ပြောတော့လည်း နှစ်ယောက်သားက ပြိုင်တူ "ဟို"ကျတာမို့ ဆက်မပြောဖြစ်တဲ့ ရယ်မိသွားကြသည်။

"ပိုးတီ အရင်ပြောပါ"

"ခင် အရင်ပြောပါ"

"ပိုးတီ အရင်ပြောပါ"

"ခင် အရင်ပြောပါ"

"သြော် ... ဒီမှာ mood တွေ လာယူနေတာလား သားသား။ ဟမ်"



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီတို့က ကိုယ်ပြော သူပြော၊ ပြောနေတုန်း သားတိုက်အနေအထားကနေ ဖြတ်တိုက် ကြားလိုက်ရတဲ့ ဆောင့်ကြီးအောင့်ကြီး စကားသံကြောင့် ပိုးတီရော မင်းသားပါ ကြည့်မိလိုက်လျှင် တကယ့်ကို လူစုံတက်စုံမို့ ပိုးတီက ထိတ်လန့်သွားမိလေသည်။

"ဘွား ... သွားမယ်"

"မင်းက ဆန်ခေါလောက်မှ ဓာက်မနက်တဲ့ကောင်လား။ ဒီလိုဟာနဲ့ ချိန်းတွေ့ဖို့ တစ်သက်လုံးကျွေးမွေးစောင့်ရှောက်လာတဲ့ ဘွားအေကို လိမ်တယ် ... ဟုတ်လား"

"ဟဲ့ ... ဟဲ့ ... အခြောက်အဘွားကြီး၊ ရှင် စကားပြောတာ မဓိုက်ရိုင်းနဲ့။ ရှင်တို့မြေးက ကျွန်မသမီးကို ချိန်းတာ"

"ဟဲ့ ... ဒီမှာ ... အဲဒါ နင့်သမီး မြူဆွယ်လို့ ဖြစ်တာလေ စည်ပိုင်းမရဲ့"

"ဟဲ့ ... သွားခေါ်မ။ နင် ဘာမှဝင်မပြောနဲ့။ သမီး ... လာစမ်း ဒီကို"





ပိုးတီနှင့် မင်းသားက နှစ်ဖက်မိဘတွေဆီ လူစုခွဲသွားကြကာ မင်းသားရဲ့အဘွားက ပိုးတီတို့ဘက်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ ...

"ဒီမှာ တစ်ခါတည်း ပြောလိုက်မယ်။ မနက်ဖြန်ကစပြီး ဒီကို ခြတ်ကားလည်း လာမရိုက်တော့ဘူး။ နင်တို့သားအမိတွေ ငါ့သားကို လာမပတ်သက်နဲ့။ ဒီမှာ ရုပ်ရှင်မင်းသားနဲ့ ဒီလို ခြံစိုက်မွေးမြူရေးလေး လုပ်စားနေတဲ့ အကြို့အကြားက ဟာတွေနဲ့ တူသလား တန်သလား။ ဖြည်းဖြည်းစဉ်းစားပြီး ဖြည်းဖြည်းဆုတောင်း"

"တောက် ... အခြောက်မကြီး။ ငါကွာ ... သေမယ်"

"ဘာ ... နင့်သား ရုပ်ရှင်မင်းသား အစုတ်ပလုတ်ကို ငါတို့က ရွံလွန်းလို့"

"ကိုကြီး ... မေမေ ... မလုပ်ပါနဲ့"

ရန်ပွဲက ပိုကြီးလာမှာ စိုးတာကြောင့် ပိုးတီက ကြားထဲက အတင်းဝင်တားရကာ မင်းသားရဲ့အဘွားစကားကို ပိုးတီက အင်မတန် ရင်နာရလေသည်။ အဲဒီထက် ပိုရင်နာရတာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဘာမှတုံ့ပြန်ကာကွယ် ပြောဆိုခြင်း မရှိတဲ့ မင်းသားကို ပဲဖြစ်၏။ ပိုးတီက အခြောက်တစ်ယောက်နဲ့ ရန်ဖြစ်တယ်ဆိုတဲ့ သတင်းစကားဟာ ဟိုတစ်ခါ ပြဿနာကတည်းက နာမည်ကြီး ပြီးသားမို့ ပိုးတီကြောင့် ပိုးတီရဲ့မိဘဂုဏ်သိက္ခာကို မထိခိုက်စေ လိုတာကြောင့် ကိုကြီး၊ မကြီးနှင့် မေမေ့ရဲ့ဒေါသတွေကို အတင်း ဝင်ထိန်းကာ ပိုးတီပဲ ရှေ့ထွက်ရင်ဆိုင်သည်။

"ဒီမယ် ... ဘွားမယ်၊ အဲဒီလောက်ထိ ပြောနေရအောင် ပိုးတီနဲ့ ဘွားမယ်ရဲ့မြေးက ဘာမှမ မဟုတ်တာ။ အခု ဒီမှာ ပိုးတီနဲ့ မင်းသား ရှိနေတာက သူချိန်းလို့ဖြစ်သလို ပိုးတီလည်း လာချင်လို့ပါ။ အဲဒီတော့ ဘွားမယ်ရဲ့စကား တွေက အရမ်းတရားလွန်နေပြီ ...

ပိုးတီရဲ့အမေ၊ အစ်ကို၊ အစ်မကို ထပ်ပြီး စော်ကား မယ်ဆိုရင်တော့ အဘွားတို့ ရောက်နေတာ ပိုးတီတို့ရဲ့ခြံ ထဲမှာပါ"

"ကြည့်စမ်း ... ကြည့်စမ်း။ ဒီအကင်းလောက်ဟာမက ငါ့ ကိုများ"





"ဘွားမယ် ... တော်ပြီဗျာ"

မင်းသားဆီက ဘွားမယ်ကို တားမြစ်သံတစ်ခု ထွက်လာတော့ ပိုးတီက မဲ့ပြုံးပြုံးမိသွားသည်။ တားဖော်ရသေး လို့ တော်သေးတာပေါ့ မင်းသားရယ်။ ပိုးတီကို ဒီလောက်ထိ နစ်နာအောင်ပြောတာ တစ်ချက်မတားတဲ့ အဲဒီမင်းသားကို ပိုးတီ အရမ်းစိတ်နာသည်။

အဲဒီတော့ တစ်လက်စတည်း အပြတ်ဖြတ်ခဲ့လိုက် သည်။

"မောင်မင်းသခင် ... ရှင် နောက် ဘယ်တော့မှ ပိုးတီဆီ မလာပါနဲ့။ ရှင့် ဆွေမျိုးသားချင်းတွေကို အကုန်ခေါ်သွား ပြီး ပြန်တော့"

"ပိုးတီ"

"ပိုးတီနဲ့ ရှင့်ရဲ့ခင်မင်မှု အားလုံး ပြီးဆုံးသွားပြီ"

"သားသားရယ် ... လာစမ်းပါ။ ဒီလို အစုတ်အပဲ့တွေနဲ့ စကားထည့်ပြောမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မင်းသားကို သူတို့မိသားစုက ဆွဲခေါ်လို့သွားချေသည်။ ပြီးတော့ အင်မတန် ခမ်းနားထည်ဝါလှတဲ့ ကားကြီးတွေပေါ်တက်ကာ သူတို့ ထွက်သွားကြသည်။

မကြီးက ပိုးတီရဲ့ခံစားချက်ကို နားလည်စွာ ပိုးတီပခုံးကို ခပ်ဖွဖွလာကိုင်၍ နှစ်သိမ့်သည်။ အမှန်တကယ်တော့ ပိုးတီ ရှုံးခဲ့တာ။ အဲဒီလို ချေပြီး ဘဝင်ခေါင်ခိုက်နေတဲ့ ရုပ်ရှင်မင်းသားဟာ ပိုးတီကို ချစ်နေတယ်လို့ ထင်မိတာကိုက ပိုးတီမှားတာ။

သူသာ ပိုးတီကိုချစ်ရင် သူ ကာကွယ်ရမည်။ အခုတော့ ...။ ပိုးတီဘက်က တစ်စက်ကလေးတောင် ဝင်မပါတဲ့ အဲဒီ အချေခေါင်ခိုက်နေတဲ့ ရုပ်ရှင်မင်းသား မောင်မင်းသခင်နဲ့ ပိုးတီရဲ့ဇာတ်လမ်းဟာ စတော်ဘယ်ရီပင်တွေလိုပဲ လက်လေးသစ်နဲ့ ဇာတ်သိမ်းရလေသည်။







မလိုဘူးလေ
သူ မချစ်ဘူးဆိုတာ သိရလိုက်လို့
ရှုံးရကြေးဆို
ဒဿဆိုတာ
ရာဇဝင်ထဲက နာမည်ကျော်တစ်ယောက်
ဘယ်ဖြစ်လာပါတော့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



# တစ်နှစ်ခွဲ
# ကြာပြီးသည့်နောက်

www.burmeseclassic.com

www.burmeseclassic.com



(၁၆)

"ပိုးတီရေ ... ဘိုးဘိုး ဒီမနက် ရောက်မှာနော်။ ဘိုးဘိုး အတွက် အခန်းရှင်းထားပြီးပြီလား"

"ပြီးပါပြီ မကြီးရဲ့။ ဒီမှာ အဆင်သင့်ပဲ။ ပန်းအိုးထိုးနေ တာလေ၊ ပြီးရင် ပြီးပြီ"

ပိုးတီက အခန်းထဲကနေ ပန်းအိုးထိုးနေရင်းက မကြီးဆီကို လှမ်းဖြေလိုက်သည်။ ဒီနေ့က ဘိုးဘိုး လားရှိုးက လာမှာမို့ ပိုးတီတို့က ပြင်ဆင်နေကြတာဖြစ်သည်။ ဘိုးဘိုးက သူ့အခန်းကိုဆို အဲဒီလို နဖပ်ပြီး လုပသန့်ရှင်းကာ မွှေးကြိုင်နေမှ သဘောကျတတ်သူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီက ဂန္ဓမာပန်းလေးတွေကို သပ်သပ်ရပ်ရပ် အလှဆင်ပြင်လို့ ပြီးသွားသောအခါတွင်တော့ အောက်ထပ်မှာ အသံတွေ ကြားနေရလျှင် ဘိုးဘိုး ရောက်လာပြီဆိုတာ သဘော ပေါက်ရသည်။

"ပိုးတီရေ ... ပိုးတီ ... ဘိုးဘိုး လာပြီဟေ့"

ပိုးတီက ဘိုးဘိုး လာပြီဆိုသောအခါ ခပ်သွက်သွက် ကလေး ပြေးဆင်းလာကာ ဘိုးဘိုးကို နှုတ်ဆက်လိုက်သည်။

"ဘိုးဘိုး နေကောင်းလား"

"ဟား ... ညည်းအဘိုးက ever တက်ကြွရွှင်လန်းနေတဲ့ ဟာ။ ပိုးတီလေး ... ဘိုးဘိုး လာတာတောင် ညည်းက ထွက်မကြိုနိုင်ဘူး ဟုတ်လား"

"အာ ... ဟုတ်ပါဘူး ဘိုးရဲ့။ ပိုးတီက ဘိုးအတွက် အခန်းပြင်နေလို့ပါ။ အခန်းထဲမှာ ဘိုးဘိုးအကြိုက် ဂန္ဓမာ အိုးကော နှင်းဆီအိုးပါ ထိုးပေးထားတယ်"

"ဟား ... လိမ္မာလိုက်တဲ့ မြေးကွာ။ ဒါပေမဲ့ ဘိုးဘိုးက အခု ရန်ကုန်ဆင်းမလို့ကွ။ အပြန်ကျမှ ငါ့မြေးတို့ဆီမှာ အေးဆေးနေမယ်"





"ဟင် ... ဘိုးဘိုး ပြောတော့ မန္တလေးဆင်းမှာဆို"

"ဟုတ်တယ်။ ဘိုး အလုပ်ကိစ္စက ရန်ကုန်အထိ ဆင်းမှ ဖြစ်မှာမလို့။ အခု တန်းဆင်းတော့မှာ။ အဲဒါ ငါ့မြေးတွေ ကို တွေ့ချင်လို့ ဝင်လာတာ"

ပိုးတီက ခေါင်းတစ်ချက်ညိတ်ပြရင်း ဘိုးဘိုးနဲ့အတူ ကားနားဆီသို့ လျှောက်လာရင်း ...

"အင်းလေ၊ ဘိုးဘိုး ... ရန်ကုန်က ပြန်လာရင် အိမ်ဝင်ခဲ့ ဦးနော်"

"အေးပါ မြေးရယ်၊ ငါ့မြေးတွေ ရန်ကုန်က ဘာမှာလိုက် ဦးမလဲ"

"ဟဲ ... ဟဲ၊ သားအတွက် အင်္ကျီဝယ်ခဲ့နော် ဘိုးဘိုး"

"ဟင်း ... မင်းကတော့ မန္တလေးက Shopping Mall တွေ ပတ်ပြီး ဝယ်လို့မဝလို့ ရန်ကုန်အထိ မှာနေသေးတယ်။ အေး ... အေး ... ဝယ်ခဲ့မယ်ကွာ၊ ကဲ ... မြေးမကြီးကရော အစားအသောက်ပဲလား"

"ဟဲ ဟဲ ... ဒါပဲ ရှိတဲ့ဟာ ဘိုးကလည်း"



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီတို့က ကိုကြီးနဲ့ မကြီး မှာနေတာကို သဘော တကျဖြင့် ကြည့်နေကြ၏။ ဘိုးဘိုး တစ်ယောက်ဟာ ပိုးတီတို့ကို ဆို အင်မတန် အလိုလိုက်ကာ အမြဲတမ်း ထောက်ပံ့အားပေးတဲ့ သူ ဖြစ်၏။

"ကဲ ... ပိုးတီလေးကရော ဘာမှာမလဲ"

"ဘာမှ မှာစရာမရှိပါဘူး ဘိုးဘိုး။ ဘိုးဘိုး ပြန်လာမှ ပိုးတီတို့ မန္တလေးဆင်းပြီး လိုချင်တာ သွားဝယ်ကြမယ် နော်"

"ဟား ဟား ... ဟုတ်ပါပြီကွာ။ ကဲ ... ကဲ ... ဘိုးဘိုး သွားမယ်ဟေ့"

ဘိုးဘိုးက ပိုးတီတို့ကို နှုတ်ဆက်ကာ ကားပေါ် တက်၍ ထွက်သွားလေသည်။ ပိုးတီတို့တွေက ဘိုးဘိုးကိုနှုတ် ဆက်ကာ ကိုယ်စီ အိမ်ထဲပြန်ဝင်ကြသည်။

"ဟဲ့ ... ပိုးတီ၊ ကြက်ခြံထဲ နည်းနည်းရှင်းပါဦးအေ"

"ဟုတ် ... မေမေ။ ခဏနေ လုပ်လိုက်မယ်"





ဘဝဟာ အဲဒီလိုပဲ လည်ပတ်နေကာ ပိုးတီကလည်း ကိုယ့်ရဲ့စိတ်အာရုံတွေ အားလုံးကို ပန်းခင်းကြီးနှင့် မွေးမြူရေး လုပ်ငန်းတွေမှာသာ နှစ်မြှုပ်ထားလိုက်ခြင်းဖြင့် အရင်လို သဘာဝ ဆန်ဆဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ကိုသက်ဖွန်တို့နှင့်ချိန်းကာ သားသားအတွက် အရောင်းအဝယ်စာချုပ်,ချုပ်ပြီး ကားဆီပြန်အလာမှာ မယ့်ရဲ့ အနောက်ကနေ လှမ်းခေါ်သံ ကြားတာကြောင့် မယက လှည့်ကြည့်လိုက်သည်။

"မြင့်မိုးမယ် ... မြင့်မိုးမယ် မဟုတ်ဘူးလား"

မယက အဘိုးကြီးတစ်ယောက်က မယ့်ကို လာခေါ်နေတာမို့ ဘယ်သူလဲ စူးစမ်းနေတုန်းမှာ အဲဒီအဘိုးကြီးက မယ့်ရဲ့လက်မောင်းကို ဖတ်ခနဲ ပုတ်လိုက်ရင်း ...

"ဟုတ်ပါတယ် ... မယ်ပါ။ နင် ငါ့ မမှတ်မိဘူးလား။ ငါ သော်သော်လေ။ သေချာကြည့်ပါဦး"

မယက သော်သော် ဆိုတဲ့ နာမည်ကြောင့် အဲဒီအဘိုးကြီးရဲ့မျက်နှာကို အသေအချာ ကြည့်လိုက်လျှင် မယ့်ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားကာ အသေအချာ မှတ်မိသွားသည်။





"အိုက်စ် ... သော်မ။ ရှင် ... ရှင် ... ပြန်ကျားသွားတယ်။ ဘယ်လိုဖြစ်တာလဲ"

"အဲဒီအကြောင်းတွေ ငါပြောပြပါ့မယ်။ ငါ အခု နင်နဲ့ ပြန်ဆုံရတာ အရမ်းဝမ်းသာတယ်ဟာ။ လာ ... လာ ... တစ်နေရာမှာ သွားစကားပြောရအောင်"

မယက မဆုံတာ နှစ်အတော်ကြာပြီဖြစ်သော သူငယ်ချင်းကို ပြန်ဆုံရတဲ့အတွက် အံ့ဩဝမ်းသာရသလို မယ့်ထက်တောင် မိတ်ကပ်ဖန်တီးရှင်ဘဝကို မြတ်နိုးတဲ့ သော်မက အခုလို ကျားသွားတယ်ဆိုတော့ မယ် ရင်တုန်ပမ်းတုန်တွေ ဖြစ်ရကာ ဆိုင်ရောက်တော့ သော်မက အရင်နဲ့မတူ ကျားလိုက်တာမှ ဖွတ်ကျားကြီးကိုဖြစ်ကာ သူ့ရဲ့အဖြစ်သနစ်တွေကို ပြောပြလေ၏။

"နင် ဟိုသွားခေါ်မလေးကို မွေးစားပြီး ထွက်သွားတော့ ငါ့ရင်ထဲမှာ နင့်ရဲ့မေတ္တာတရားကို စိတ်ထဲစွဲပြီး ကျန်နေခဲ့တာ။ ဖြစ်ချင်တော့ ငါ့အစ်ကိုကြီးနဲ့ သူ့မိန်းမကားမှောက်ပြီး ဆုံးတယ်ဆိုလို့ ငါ လားရှိုးပြန်သွားရတယ်။ ကျန်ရစ်ရှာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သူ့သားသမီးတွေကိုကြည့်ပြီး ငါလေ စိတ်မကောင်းဖြစ်လွန်းလို့ နင့်လိုပဲ သူတို့ရဲ့အမေနေရာကို ခံယူပြီး ငါကလေးတွေအတွက် ကြိုးစားခဲ့တယ်။ ဒါပေမဲ့ဟယ် ငါက ငါ့ရဲ့အစ်ကိုကြီး လက်ငုပ်လက်ရင်း အလုပ်ဖြစ်တဲ့ ကုန်ကားလုပ်ငန်းကို လုပ်ရတာဆိုတော့ ငါ့ဘဝနဲ့ အဆင်မပြေဘူး။ စော်ကားမော်ကားတွေပါ အပြောခံလာရတယ် ...

ငါ့ဘဝအတွက်ထက် ငါ့ရဲ့မိသားစုလို ငါသတ်မှတ်ထားတဲ့ ငါ့ကလေးရဲ့ဘဝ အရေးကြီးဆုံးပဲလေ။ ဒါကြောင့် ငါ အသက်လောက် မြတ်နိုးရတဲ့ ငါ့ရဲ့မိန်းမလျာဘဝနဲ့ ငါ့ရဲ့အနုပညာဆန်ဖန်တီးရှင် လက်တွေကို ငါကိုယ်တိုင် မေ့ပစ်ပြီး ဖွတ်ကျားခဲ့ရတာ။ ငါက ငါတို့မိန်းမလျာလောကမှာတော့ သစ္စာဖောက်မကြီးပေါ့ ...

ဒါပေမဲ့လေ ...”

မယ်ကလည်း မျက်ရည်မခိုင်စွာဖြင့် သော်မကို တားမြစ်လိုက်ရသည်။





“တော်ပါတော့ဟယ်။ ဆက်မပြောပါနဲ့တော့ ...

ငါ နားလည်ပါတယ် သော်မ။ တကယ်တော့ ငါတို့ဘဝတွေဟာ မေတ္တာတရား အစစ်အမှန်ရရှိဖို့၊ ကိုယ်ပိုင်မိသားစုကမ္ဘာလေး ရရှိဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ်ဟယ်။ နင်နဲ့ ငါက အကြောင်းကံလှလို့ ပျော်စရာမိသားစုလည်း ရခဲ့ရတာပါ။ နင် ဖွတ်ကျားထားလည်း ငါစိတ်မဆိုးပါဘူး။ နင်က ငါ့ရဲ့သူငယ်ချင်းကောင်းလေ။ ငါတို့တွေ အသက်တွေလည်း ကြီးလှပါပြီ။ ဒီအချိန်မှာ မိသားစုဆိုတာကပဲ အရေးကြီးဆုံးပဲလေ”

“ကျေးဇူးပါပဲဟယ်။ နင်ကတော့ သိပ်ကံကောင်းတယ်နော်”

“ကိုယ့်ဘဝနဲ့ ကိုယ်တွေပါပဲဟယ်။ ကျွန်မလည်း ကံကောင်းတယ် ဆိုပေမယ့် အနှောင့်ကတော့ ရှိတာပေါ့”

မယ်က ကိုယ့်ရဲ့မိတ်ဟောင်း ဆွေဟောင်း သူငယ်ချင်းကောင်း သော်နဲ့ဆုံတော့ ရင်ထဲက သိမ်းထားတဲ့ ခံစားချက်လေးတွေ ဖွင့်ချပစ်ရသည်။ သော်လည်း ခြောက်ဆယ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီး ဖြစ်သလို မယ်ကတော့ ခြောက်ဆယ်ကျော် အဘွား ကြီးအဖြစ် ကိုယ့်ဘဝနဲ့ကိုယ် ရှိနေကြကာ မဆုံတာကြာပြီဖြစ်လို့ စကားတွေက ဖောင်ဖွဲ့မဆုံး။

"ဟင် ... ဘာအနှောင့်တွေမို့လို့လဲ"

"မြေးတော်မောင်ပေါ့ဟယ်"

"ဟယ် ... မြေးဆိုတော့ ... နင်က"

သော်က ဖွတ်ကျားပြီးမှ ဒုံးကပေးသွားတာကြောင့် မယ်က မျက်စောင်းတစ်ချက် ကျိတ်ထိုးရင်း ...

"အမယ်လေး ... သော် ... ရှင်ကလည်း ဝေးလိုက်တာ ဟယ်။ မြေးတော်မောင် ဆိုမှတော့ သမီးကမွေးတာ လေ"

"ဩော် ... ဟို ... သွားခေါ်မလေး"

"ဟုတ်တယ် ... ဟုတ်တယ်။ အဲဒီ အစစ်မကမွေးတဲ့သား ကျွန်မရဲ့မြေးလေ။ ရှင် သိလားလို့။ ကျွန်မမြေးက မင်းသား မောင်မင်းသခင်လေ။ (......)ရုပ်အကျီ ကြော်ငြာတဲ့ ကလေး"





"ဩော် ... သိတာပေါ့။ နင်ကတော့ ကံကောင်းပြီးရင်း ကောင်းပဲ။ အဲဒီ သွားခေါ်မရဲ့သားက ချောချောလေးပဲ။ အမယ်လေး ... နင်ကတော့ မင်းသား အဘွားဖြစ်ပြီပေါ့"

"ဟမ် ... ချောင်းခြားပြီ။ ကျွန်မကသာ ဖြစ်ချင်နေတာ။ အမယ်လေး ... သားက မင်းသားမဖြစ်ချင်။ နောက်ဆုံး ငါလည်း မနိုင်တော့လို့ သူစိတ်ချမ်းသာအောင် လွှတ်ထား လိုက်ရတယ်။ အဲဒါတွေ ထားပါတော့။ ရှင်ရော ဖွတ်ကျား ထားတယ်ဆိုတော့ ကျားလက်စနဲ့ ကျားလျှားသွားအောင် အစစ်မနဲ့ မင်္ဂလာဆောင်ပြီးပြီလား"

"ဟယ် ... မယူပါဘူး။ ငါက ငါ့တူမနဲ့ တူကိုပဲ သား သမီးလို သဘောထားတယ်။ အခုဆို မြေးတွေနဲ့ ပျော် ပျော်ရွှင်ရွှင်ပေါ့ဟာ။ ငါက လားရှိုးမှာ ကုန်ကားလုပ်ငန်း တွေ လုပ်တယ်။ တူလေးကတော့ ပြီးခဲ့တဲ့နှစ်က ဆုံးသွား တယ်။ ငါ့တူမကတော့ ပြင်ဦးလွင်မှာ။ တူမကမွေးတဲ့ မြေးသုံးယောက်နဲ့ ငါက လားရှိုး-ပြင်ဦးလွင် ကူးချည်သန်း ချည်ပေါ့။ အခုလည်း အလုပ်ကိစ္စနဲ့ ရန်ကုန်ရောက်လာတုန်း နင်နဲ့ ဆုံတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မယ်က အင်မတန်မှ စိတ်လက်ချမ်းသာစွာဖြင့် သော်နဲ့ စကားတွေ ဖွဲ့နေကြတာဖြစ်သည်။ သော်က အခုလိုကျ တော့လည်း gentleman ကြီးကိုဖြစ်လို့ ခန့်ချောကြီး။ မယ်က သော့်ရဲ့စီးပွားရေးအကြောင်းတွေကို မေး၊ သော်က မယ့်ရဲ့ အကြောင်းတွေမေးကာ စကားတွေ ပြောရင်းဆိုရင်းက အနာဂတ် စီမံကိန်းတစ်ခုကို စီစဉ်မိချင်သွားသည်။

❀ ✧ ❀





(၁၇)

"ကဲ ... ဘုန်းကြီးပါစေ။ အသက်ရှည်ပါစေ။ စီးပွား လာဘ်လာဘတွေ ဒီထက်မက ပိုမိုဆိုးတက်ပါစေကွယ်"

မယ်နှင့်သော်က ရင်ထဲက ငြိမ်းချမ်းသောဆန္ဒဖြင့် ဆုတွေပေးလျှင် ပိုးဖြူက ကြည်နူးသောအပြုံးဖြင့် ...

"ကျွန်မနဲ့ သားလေးရဲ့ဘဝကို မယ်မယ်က ကယ်တင်ခဲ့ တာပါ။ ဟောဒီက လေးလေးသော်ကလည်း ကျွန်မကို ကယ်တင်ခဲ့တာပါပဲ"

"ကဲပါအေ ... ဒါတွေ အခုပြောမနေနဲ့တော့။ ကဲ ... သား သားရော ပိုးဖြူရော အပေါ်မှာ ထိုင်ကြပါ။ မယ်မယ် ပြောစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိုးဖြူရော သားသားပါ အပေါ်မှာထိုင်ကြပြီးလျှင် မယ်က စီစဉ်ထားတဲ့ကိစ္စတွေကို ပြောပြလိုက်သည်။

"ဟောဒီက သော်ရဲ့မြေးမလေးနဲ့ သားကို မယ်မယ်က စီစဉ်ပေးချင်တယ်။ ပိုးဖြူနဲ့သား ဘယ်လိုသဘောရလဲ"

"ကျွန်မကတော့ ဘာပြောစရာမှ မရှိပါဘူး။ လေးလေးသော်ရဲ့မြေး ဆိုမှတော့ အထူးပြောနေဖို့ မလိုဘူးပေါ့။ သားက ရော"

"ဟို"

မောင်မင်းက ပြောဖို့ရာ အင်း ... အဲတွေ ဖြစ်နေလျှင် သော်က နားလည်စွာဖြင့် ...

"ဩော် ... မယ်ကလည်း၊ သားက ရုတ်တရက်ဆိုတော့ သူ ဘယ်ဖြေနိုင်ပါ့မလဲ။ စီစဉ်တာကလည်း အလောသုံးဆယ် မဟုတ်ပါဘူး။ ဒါနဲ့ မောင်မင်းက ပန်းစိုက်ပျိုးရေးကို ဝါသနာပါတယ်မှလား။ သူ လေ့လာချင်ရင် လေ့လာရအောင် နင့်မြေးလေးကို ငါနဲ့ ထည့်လိုက်လေ။ မြေးမလေးနဲ့လည်း ဆုံလို့ရသွားမယ် ...





သူတို့ချင်း အဆင်ပြေမှပဲ တို့လူကြီးတွေက ဆက်ပြောကြတာပေါ့"

"ဟုတ်တယ် ... ဟုတ်တယ်။ အဲဒီအကြံကောင်းတယ်။ ကဲ ... ဒီတော့ သားသားက စိုက်ပျိုးရေးခြံတွေ လေ့လာလို့ရအောင် သော်နဲ့ လိုက်သွားလိုက်။ ဘွားမယ်နဲ့ ပိုးဖြူက ကားဖြန့်ပြီးရင် လိုက်လာခဲ့မယ်။ တို့တွေ အပူရှောင်တဲ့အနေနဲ့ ပြင်ဦးလွင်–လားရှိုးဘက်ကို နှိုကြတာပေါ့အေ။ ဘွားမယ် စကားကို အမြဲနားထောင်တဲ့ မြေးလေး စိတ်ချမ်းသာရမှာပါ။ လိုက်သာသွား"

မယ်က တက်ကြွပျော်ရွှင်စွာ ပြောနေပေမယ့် မောင်မင်းကတော့ အပြုံးအရယ်မဲ့ မျက်နှာဖြင့် လူကြီးတွေ ပြောတာကိုသာ နားထောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# မြင်ဦးလွင်မြို့



www.burmeseclassic.com

www.burmeseclassic.com



## (၁၈)

ပြင်ဦးလွင်မြို့ကို ရောက်သည်ဆိုတာနှင့် သူ့ရဲ့ရင်ထဲမှာ လွမ်းဆွေးမှုတစ်ခုကို ခံစားရလေ၏။ ခဏလေးတွယ်ငြိမိခဲ့သော သံယောဇဉ်လေးဟာ ဒီအချိန်ထိ သူ့ရင်ထဲမှာ နှစ်နေဆဲဖြစ်၏။

"မောင်မင်းရေ ... ဘိုးတို့ခြံထဲကိုရောက်ရင် မင်းပျော်သွားမှာကွ။ မြေးမလေးကလည်း မင်းလိုပဲ စိုက်ပျိုးရေးဝါသနာပါတာလေ။ နောက်ပြီး နွားခြံတွေကိုလည်း သူပဲ ဦးစီးနေတာလေ။ ရှေ့ဆို ရောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့ အဘိုး"

မောင်မင်းက ထုံးစံအတိုင်း ဘာကိုမှ မလွန်ဆန်နိုင်စွာ ဟုတ်ကဲ့သာ လုပ်လိုက်ရသည်။ အဲဒီလိုဖြင့် ကားလေးက ခြံထဲသို့ ဦးတည်လာလျှင် သူက ဒီနေရာလေးကို ပြန်လည်ရောက်ရှိခြင်းအတွက် တအံ့တသြ ဖြစ်ရလေ၏။

ဟား ... ဒါ ... ဒါဆို ဘိုးသော်ရဲ့ မြေးမက ...။

"အဘိုး ... အဘိုး ... အဘိုးမြေးဆိုတာ ပဲပိုးတီလားဟင်"

"အေး ... မင်းက ငါ့မြေးနာမည်ကို သိတယ်"

"ဟုတ် ... ဟုတ်ကဲ့။ ဘိုး ပြောတော့ ကျွန်တော်နဲ့ပေးစားမယ့် မိန်းကလေးက အိခြွေသော်တာ ဆို"

"အေးလေ ... ပိုးတီရဲ့နာမည်က အိခြွေသော်တာလေ။ နေပါဦး ... နေပါဦး။ မင်းက ငါ့မြေးနဲ့ ဘယ်လိုသိတာလဲ"

ဘယ်လိုသိတာလဲ။





မောင်မင်းက အဲဒီအမြေးကလေးအတွက် လောကကြီးကပေးတဲ့ လက်ဆောင်ဟု သူက မှတ်ယူကာ ပျော်ရွှင်တက်ကြွစွာဖြင့် ဘိုးဘိုးကို ပြန်ဖြေလေသည်။

"ပိုးတီက ကျွန်တော့်ရဲ့ သိပ်ချစ်ရတဲ့ ချစ်သူပါ"

❀ ✧ ❀



www.burmeseclassic.com

www.burmeseclassic.com



"ပိုးတီ ... ပိုးတီ ... ပိုးတီရေ"

ပိုးတီက နွားစာခွက်ထဲ နွားစာထည့်နေတုန်း ကြား လိုက်ရတဲ့ အသံကြောင့် ပိုးတီက နွားစာပုံးကိုချကာ အပြင်ထွက် ကြည့်လိုက်လျှင် တကယ့်ကို ထင်မထားသူကို တွေ့လိုက်ရပေ သည်။

"ပိုးတီ"

"ရှင် ... ရှင် ... ရှင် ဒီကို ဘာလာလုပ်တာလဲ"

"မင်းဘိုးဘိုးနဲ့ အတူလိုက်လာတာပါ"

"ဟမ်"

ပိုးတီက အံ့ဩနေတုန်းမှာ သူက ပိုးတီ အနားသို့ ရောက်လာကာ ...





"ကိုယ်တို့ ဖူးစာမှန်လို့ ပြန်ဆုံတာပါ ပိုးတီ။ ဘိုးဘိုးတို့ က ကိုယ်တို့နှစ်ယောက်ကို စီစဉ်ပေးတော့မှာလေ။ တိုက် တိုက်ဆိုင်ဆိုင်ပဲ မင်းရဲ့အဘိုးနဲ့ ကိုယ့်ဘွားမယ်က သူငယ် ချင်းတွေတဲ့"

ပိုးတီက အံ့ဩလွန်းစွာ ဖြစ်ရပေမယ့် အဲဒီလောက် လေးနဲ့တော့ ပိုးတီက အထူးတလည် ပြောမနေတော့။ ရင်ထဲက အနာရွတ်ဟာ ဘယ်တော့မှ မပျောက်တဲ့ အမျိုးလေ။

"အဲဒီတော့ ..."

"ကိုယ့်ကို ပိုးတီ စိတ်နာနေမယ်ဆိုတာ သိပါတယ်။ ကိုယ်က ထိန်းချုပ်မှုအောက်မှာ နေနေရတဲ့သူပါ။ အဲဒီ တုန်းက ကိုယ် ပိုးတီဘက်က ဘာမှမပြောခဲ့တာဟာ ကိုယ်ကိုယ်တိုင် အဲဒီအဖြစ်ပျက်တွေကြားမှာ ရှုပ်ထွေးနေ ခဲ့လို့ပါ ...

နောက်ပြီး ကိုယ့်ဆီမှာ မင်းကို အဲဒီတုန်းက ပြော ဖို့ကျန်ခဲ့တဲ့ စကားရှိခဲ့တယ်။ ကိုယ် မင်းကို ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီက ဟာသစကားလုံးတွေအဖြစ် မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း ...

"ဟုတ်လား ... ဒီမှာ အဖြစ်အပျက်တွေက ဂယက်ထနေတဲ့အချိန်မှာရှင်းမှ အကျုံးဝင်တာ။ တည်ငြိမ်သွားမှတော့ ဘာမှ မထူးတော့ဘူး။ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

ပိုးတီကို ရှေ့သို့ဆက်သွားလိုက်လျှင် သူက ပိုးတီလက်ကို လှမ်းဆွဲလိုက်လျှင် နွားစာတွေ နယ်ထားတဲ့ လက်အိတ်က မချွတ်ရသေးတာမို့ ပိုးတီရဲ့လက်တွေကို ဆုပ်ကိုင်ခွင့်မရလိုက်ဘဲ အဲဒီလက်အိတ်ကိုသာ လှမ်းကိုင်မိသွားသည်။ ဟင် ... အဲဒီအချောမင်းသား မျက်နှာက တွန့်ခနဲ ဖြစ်သွားလေ၏။

"ဒီတစ်ခေါက်တော့ မင်းကို မလွှတ်ပေးတော့ဘူး ပိုးတီ။ ကိုယ်က မင်းကိုချစ်လို့ ဒီသဘာဝတရားတွေကို ချစ်တတ်သွားခဲ့တာပါ။ အဲဒီတော့ တောင်းပန်ပါတယ်။ ကိုယ့်ကို ခွင့်မလွှတ်သေးရင် နေပါ။ ကြိုးစားခွင့်တော့ ပေးမယ်မှလားဟင်"





အို ...။ ပိုးတီ အိပ်မက်များ မက်နေတာလား။ ဒါပေမဲ့ အဲဒီလို အချောတစ်ယောက်ကို ပိုးတီက သူချောနေတဲ့ ဘဝင်မြင့်နေတဲ့ အချိန်ကတည်းက ချောလို့ နေလို့ ချစ်ခဲ့တာမှလား။

အခုချက်ချင်းကြီးကျတော့ ပိုးတီက ရှိုးလ်ကျတာပေါ့။ ဒီတော့ သူ့ထုံးစံအတိုင်း ပြန်ယူကာ အချေဒီဖိုင်း ပြန်ဖမ်း၍ ...

"ဒါကတော့ ရှင့်သဘောပဲ။ ပိုးတီက စိတ်မဝင်စားဘူးခင်"

ပိုးတီရဲ့ ပြောတဲ့ပုံစံနှင့် ခေါ်တဲ့ အခေါ်အဝေါ်ပုံစံကို သူက အပြုံးနုနုဖြင့် ကျေနပ်သဘောပေါက်စွာဖြင့် ခေါင်းညိတ်ပြရင်း ...

"ရပါတယ်ကွာ။ ဒီတစ်ခါ ပိုးတီ အလှည့်ပဲ။ ကြိုက်သလောက်ချေ။ ကိုယ်ကတော့ ချေလည်း ချစ်မှာပဲ ... ဟဲဟဲ"

www.burmeseclassic.com



ပိုးတီက မျက်စောင်းတစ်ချက်ထိုးရင်း ထွက်လာခဲ့လိုက်သည်။ မင်းသားက အနောက်က ပြေးလိုက်လာ၏။ အဲဒီလောက် ဆိုရင်တော့ ပိုးတီရဲ့ ရာသီဥတုဟာ သာယာလာပြီဆိုတာ ပရိသတ်ကြီး နားလည်ပေးလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

❀ ✧ ❀

ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ
25.11.14
6:29 P.M

မေတ္တာစာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်ခြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"

BURMESE CLASSIC

www.burmeseclassic.com